# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ချမ်းသာစွာနေနိုင်အောင်အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်သည်။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၀၈)


## ဦးသန့်ဇင်ဦးသည် ရောဂါကူးစက်မှုအခြေအနေကို အခက်အခဲများကြားမှ မိမိတတ်ကျွမ်းသည့်ပညာရပ် အပေါ် ယုံကြည်မှုခိုင်မာစွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့

### ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ်သြဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန့်ဇင်ဦးအား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံရုံးမှ အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**
**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)**

၁။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိကအရင်းအမြစ်သည် နိုင်ငံသူ နိုင်ငံသားများပင်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ရန် အထူးအရေးကြီးလှပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက် ပြည်သူလူထု အခြေပြုကျန်းမာရေးစောင့်ရှောက်မှု အောင်မြင်ရေးအတွက် အဓိကအချက်မှာ ကျန်းမာရေးနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးသူများ၏ တစ်ဦးချင်း စိတ်ရင်းစေတနာတို့အပေါ်တွင် မူတည်လျက်ရှိနေပါသည်။ နိုင်ငံ့အခြေအနေအရ လိုအပ်ချက်များစွာ ရှိနေသေးသည့် လက်ရှိအချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှု နယ်ပယ်တစ်ခုလုံးတွင် နိုင်ငံ့ဝန်ထမ်းများသာမက ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများပါ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကိုလည်း အားတက်ဖွယ်ရာ တွေ့ရှိရပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

## ဦးသန်းထိုက်ကျော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်သီလနှင့် ပတ်သက်၍ လေးစားအတုယူဖွယ်ရာဖြစ်

### ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန်းထိုက်ကျော်အား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံရုံးမှ အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**
**(၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ ၇ ရက်)**

၁။ ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ပြည်သူလူထု၏ အင်အားဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး ပြည်သူလူထု၏စွမ်းအား မြင့်မားသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြင့်မားမည်ဖြစ်သလို ပြည်သူလူထု၏ လူမှုစီးပွားလည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ ပြည်သူ့အားဟုဆိုရာတွင် ကာယအား၊ ဉာဏအားအပြင် ပြည်သူလူထု၏ စာရိတ္တသည်လည်း အရေးကြီးလှသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ဖြည့်ဆည်းပေးရေးနှင့် နိုင်ငံတော်၏ အခြေခံအုတ်မြစ်ဖြစ်သော နိုင်ငံသူ နိုင်ငံသားများ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ မြှင့်တင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ရိုးသားမှုကို အခြေခံ၍ နိုးနိုးကြားကြား ကြိုးစားဆောင်ရွက်ကြမှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိမည်ဟုလည်း ယုံကြည်ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ❍

## ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများ ပြုပြင်ခဲ့သည့်လုပ်ငန်းများအပေါ် သင်ခန်းစာယူ၍ သတိထားဆောင်ရွက်ရမည်

**နေပြည်တော် အောက်တိုဘာ ၇**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်း ဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်(နေပြည်တော်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



မြင်းမူနှင့် မြောင် လမ်းခွဲကြား အလ္လကပ္ပကျေးရွာ အနီး မန္တလေး-မုံရွာ ကားလမ်း၌ အောက်တိုဘာ ၇ ရက်က ရေကျော်မှုကြောင့် အချိန် ငါးနာရီကျော်ကြာ ကားလမ်း ပြတ်တောက်မှု ဖြစ်ပွားခဲ့စဉ်

သျှင်နေမင်း

**ပြည်သူတို့၏ လူမှုစီးပွား ဘဝတိုးတက်မြင့်မားစေရေး အတွက် အခြေခံမှန်ကန် သည့် လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်း**

ပြည်ထောင်စုလွှတ်တော်၊ စာမျက်နှာ-၇





မြန်မာ့အလင်း

# စုစည်းဆက်စပ်အကောင်အထည် ဖော်ရမည့် လုပ်ငန်းစဉ်များ

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အောက်တိုဘာလ ၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့စုများ ဖွဲ့စည်းတာဝန်ချထားမှုနှင့် အကြမ်းဖက်မှုများတုံ့ပြန်နှိမ်နင်းရေးစီမံချက်များအကြောင်း ရှင်းလင်းတင်ပြခဲ့သည်ကို သိရှိရပါသည်။ ကမ္ဘာ့နိုင်ငံများတွင် အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသောကာလဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြည်သူ့လွှတ်တော်နှင့်တကွ တိုင်းပြည်သို့ ယခုကဲ့သို့ တင်ပြခဲ့ခြင်းသည် ပြည်သူလူထုအကြား လုံခြုံစိတ်ချမှုတို့ကို တိုးပွားစေသည်ဟု ယုံကြည်ပါသည်။

အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများသည် ဖြစ်လာနိုင်ခြေရှိသောအန္တရာယ်ခြိမ်းခြောက်မှုများဖြစ်၍ မလွဲမသွေစီမံချက်ချကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည် ဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်လာနိုင်ခြေရှိသော အန္တရာယ်ခြိမ်းခြောက်မှုများအတွက် ကြိုတင်ပြင်ဆင်ရာ၌ လက်တွေ့ရင်ဆိုင်နေသော ရာဇဝတ်မှုများအတွက်ပါ ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ပါက တိုင်းပြည်အတွက် ပိုမိုအကျိုးပြုနိုင်မည်ဟု ယူဆပါသည်။ အဓိကတင်ပြလိုသည်မှာ CCTV ကင်မရာများတပ်ဆင်၍ ရဲတပ်ဖွဲ့ထိန်းချုပ်ဌာနများက စောင့်ကြည့်ကြပ်မတ်ခြင်းကိစ္စဖြစ်ပါသည်။ CCTV ကင်မရာများကို အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် တပ်ဆင်ထားရှိရေးသည် မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မျိုးဖြစ်ပါသည်။ သို့သော် CCTV ကင်မရာများအား ယခုထက်ပိုမိုကျယ်ကျယ်ပြန့်ပြန့်တပ်ဆင်ထားရှိရန် အရေးတကြီးလိုအပ်လျက်ရှိသည်ဟု ယူဆပါသည်။ အစွန်းရောက်အကြမ်းဖက်မှုများ ကိုင်တွယ်ရာ၌ဖြစ်စေ၊ ရာဇဝတ်မှုကိစ္စရပ်များကိုင်တွယ်ရာ၌ဖြစ်စေ CCTV ကင်မရာများကိုကျယ်ပြန့်စွာ တပ်ဆင်ထားရှိနိုင်မှုသည် များစွာအထောက်အပံ့ဖြစ်သည်ကို နိုင်ငံတကာအတွေ့အကြုံများအရ သိရှိနိုင်ပါသည်။

တိုင်းပြည်၌ဖြစ်ပေါ်လျက်ရှိသော ရာဇဝတ်မှုအများစုသည် ကြိုတင်ခန့်မှန်းရန်မလွယ်ကူသည့် နေရာများတွင်ဖြစ်ပွားနေသော်လည်း ရာဇဝတ်မှုကျူးလွန်သူများသည် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို အများဆုံးအသုံးပြုနိုင်ပါသည်။ သို့ဖြစ်ပါ၍ အဝေးပြေးကားဂိတ်၊ မီးရထားဘူတာ၊ သင်္ဘောဆိပ်များ၌ CCTV ကင်မရာများ စနစ်တကျကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်ထားရှိနိုင်ရေးသည် အရေးတကြီးဆောင်ရွက်ရန် လိုအပ်လျက်ရှိသောကိစ္စရပ်ဖြစ်ပါသည်။ ယခုခေတ်၌ CCTV ကင်မရာများ တပ်ဆင်ထားရှိရေးသည် ကုန်ကျစရိတ်ကြီးမားသောကိစ္စရပ်များမဟုတ်သည့်အတွက် အဝေးပြေးကားဂိတ်ကဲ့သို့သော နေရာမျိုးများတွင် မဖြစ်မနေတပ်ဆင်ရေး မည်ကဲ့သို့အကောင်အထည်ဖော်သင့်သည်ကို သုံးသပ်လေ့လာသင့်ပါသည်။ ကျယ်ပြန့်လာသော ရာဇဝတ်မှုများကြောင့် ပြည်သူလူထုအတွင်း စိုးရိမ်မှုများတိုးပွားနေသည်ကို သတင်းမီဒီယာများ၌ ထင်ထင်ရှားရှားမြင်တွေ့နေရပါသည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့နေထိုင်ရာ ရပ်ကွက်၊ လမ်းများအတွင်း CCTV ကင်မရာများတပ်ဆင်ထားရှိခြင်းကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သင့်ပါသည်။ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိ အဖွဲ့အစည်းများက ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကို လိုအပ်ချက်နှင့် အညီ ပံ့ပိုးညှိနှိုင်းဆက်စပ်ပေးပါက ပိုမိုကောင်းမွန်သော ရာဇဝတ်မှုကိုင်တွယ်ရေးစနစ်တစ်ရပ်ရရှိမည်ဖြစ်သကဲ့သို့ ဖြစ်လာနိုင်ခြေရှိသော အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများကို ဟန့်တားကိုင်တွယ်ရာ၌လည်း များစွာအထောက်အပံ့ဖြစ်မည်ဖြစ်ကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။ ။



## ကော့မှူးမြို့နယ် ဆပ်ချောင်းကျေးရွာသို့ ဆိုလာမီးလုံးများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ မျက်ဆံနီကျေးရွာအုပ်စု ဆပ်ချောင်းကျေးရွာမှ ပြည်သူများ သွားလာရာတွင် လျှပ်စစ်မီးအလင်းရောင်ဖြင့် အဆင်ပြေစွာ သွားလာနိုင်စေရေးအတွက် Schneider Electric (Myanmar)က ဆိုလာမီးလုံးများကို အောက်တိုဘာ ၅ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ထင်သာမြင်သာ ပြုပြင်စရာ

## ကြက်သွန်ခင်းရွာလယ်ချောင်းကူးတံတား ချဉ်းကပ်လမ်းနှင့်မြေထိန်းနံရံများ ပြုပြင်ပေးရန်လိုအပ်

**ထီးချိုင့် အောက်တိုဘာ ၇**

စစ်ကိုင်း - ရွှေဘို - မြစ်ကြီးနား အမှတ် ( ၃ ) ခရိုင်ချင်းဆက်လမ်း ထီးချိုင့် - မရသိမ် - တောမမှော်ကွန်းတိုင် - ကျောက်တန်းလမ်း မိုင်တိုင်(၁/၃)(၁/၄)ကြားရှိ ကြက်သွန်ခင်းရွာလယ် ချောင်းကူးတံတားသည် ယခုချိန်တွင် ဆောက်လုပ်ပြီးစီးသော်လည်း ချဉ်းကပ်လမ်းနှင့် မြေထိန်းနံရံများပြုပြင်ရန် ကျန်ရှိနေသည်ကို သိရသည်။

အဆိုပါတံတားသည် အလျား ပေ ၁၈၀၊ အနံ ပေ ၂၀ ၊ သံကူကွန်ကရစ်၊ သံပေါင်ရက်မ အမျိုးအစားဖြစ်ပြီး စီမံကိန်း တန်ဖိုးငွေကျပ် ၄၃၆ ဒသမ ၅၆ သန်း အကုန်အကျခံပြီး ဖေဖော်ဝါရီ ၂၀ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် တံတားအပိုင်းအနေဖြင့် ပြီးစီးသွား၍ ပြည်သူများအသုံးပြုလျက်ရှိသည်။

"ဒီတံတားကြီးရဲ့ ကျေးဇူးကြောင့် ထီးချိုင့်မြို့နယ် အတွင်းက အုပ်စု ၁၀ အုပ်စု၊ ကျေးရွာ ၃၀ က ပြည်သူတွေ မြို့နဲ့ အချိန်မရွေး ဆက်သွယ်နိုင်လို့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ပြီး အဆင်ပြေနေတာကိုတွေ့ရပါတယ်။ ဒါ့အပြင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့က လာမယ်ဆိုရင်လည်း ရောဝတီတံတား ( ထီးချိုင့်) ကိုဖြတ်ပြီး မန္တလေးကို အမြန်ရောက်နိုင်တာမို့ အဓိကကျတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ တံတားအပိုင်းတွေ ပြီးသွားလို့



အသုံးပြုနေပေမယ့် မိုးရွာရင် ချဉ်းကပ်လမ်းတွေ မြေပြိုမှာ ကြောက်ရပါတယ်။ ဒီကျောက်တွေကို ကျေးရွာလူထုလုပ်အားနဲ့ခင်းထားလို့ အခုသွားလို့ရနေပါတယ်။ ပြည်သူတွေ စိတ်ချလက်ချ အသုံးပြုနိုင်ဖို့ဆိုရင်တော့ သက်ဆိုင်ရာမှ ချဉ်းကပ်လမ်းနဲ့မြေထိန်းနံရံတွေ အမြန်ပြုပြင်ပေးဖို့ ပြည်သူကလည်း လိုလားနေပါတယ်"ဟု ကြက်သွန်ခင်းရွာနေ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက် )**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း လမ်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စာသင်ကျောင်းဆောင် ပြုပြင်ခြင်းလုပ်ငန်း၊ တံတားလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း ၊ ဆေးပေးခန်း ပြုပြင်ခြင်းလုပ်ငန်းစသည့်လုပ်ငန်းခွဲ ၁၇၉ ခုကို ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ်သန်း ၁၇၀၀ ဖြင့် လုပ်ဆောင်ခဲ့သည်။ ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များကို ပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သောစနစ်ဖြင့် လုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ ・ ၃၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✱ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်ပါ အမိန့်ကြော်ငြာစာ ဖြင့် ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်း ဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ လုပ်ငန်းများ ဆောင်ရွက်ရန် ဤဦးစီးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် လိုအပ်သည့် လုပ်ငန်းကော်မတီ နှစ်ခုနှင့် ဆပ်ကော်မတီ (၅)ခုကို ဆက်လက်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသည် နှစ်ပေါင်း ၁၀၀၀ ကျော် ရှည်ကြာခဲ့ပြီး ရှေးဟောင်းအဆောက်အအုံပေါင်း ၃၀၀၀ ကျော် တစ်စုတဝေးတည်ရှိသည့်နေရာ ဖြစ်ပါကြောင်း၊ မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် ဒေသဖြစ်သည်သာမက ကမ္ဘာတစ်ဝှမ်းကလည်း စိတ်ဝင်တစားလာရောက်ကြည့်ရှုရသည့် နေရာဒေသတစ်ခုဖြစ်ပါကြောင်း။

ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေး အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။ ငလျင်ဒဏ်ကြောင့် ပုဂံဒေသ၌ ထိခိုက်ပျက်စီးမှု အများဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိခိုက်ပျက်စီးမှုများကို ဩဂုတ် ၂၅ ရက်တွင် နိုင်ငံတော်သမ္မတက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းညွှန်ချက်ရှစ်ချက် ချမှတ်ပေးခဲ့ပါကြောင်း၊ အထူးသဖြင့် ထိခိုက်မှုများ၊ ဆိုးရွားစွာ ဆက်လက်မဖြစ်ပေါ်အောင် အမိုးအကာ ပြုလုပ်ထားရန်၊ ထိခိုက်မှုမရှိသည့် ဘုရားပုထိုးစေတီများကို ဘုရားဖူး ဧည့်သည်များ ဝင်ရောက်ဖူးမြော်နိုင်အောင်စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက် သက်ဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ပုဂံ - ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့၊ စက်တင်ဘာ ၅ ရက်တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့တို့က ပုဂံ-ညောင်ဦးဒေသသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်နိုင်ရန် မူဝါဒလမ်းစဉ်များ ချမှတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိမိတို့ ကော်မတီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရစ်ချ်စတာစကေး အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံဒေသ၌ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများကို ပြုပြင်ခဲ့သည့်လုပ်ငန်းများအပေါ် သင်ခန်းစာယူ၍ သတိထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တန်ဖိုးနိမ့်ပစ္စည်းများနှင့် အရည်အသွေးမမီသည့် ပစ္စည်းများကို အပြင်ပိုင်းပြင်ဆင်၍ အတွင်းပိုင်းအစာသွတ်ခြင်း၊ အပေါ်နှင့်အောက် ဝန်မမျှခြင်း၊ ရှေးဟောင်းအုတ်နှင့် ခေတ်သစ်အုတ်များ တွဲမိခြင်း၊ ရှေးဟောင်းလက်ရာများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ အသစ်ပြင်ထားသည်ကို သိစေလိုခြင်း၊ ပြင်ဆင်မှုအပိုင်းအလိုက် ကိုက်ညီမှု အားနည်းခြင်း စသည့်အချက်များကို စက်တင်ဘာ ၂၆ ရက်က ပြည်တွင်း ပြည်ပ ပညာရှင်များအစည်းအဝေး၌ နိုင်ငံတကာမှ ပညာရှင်များက အကြံပြု ဆွေးနွေးခဲ့ပါကြောင်း။

ဩဂုတ် ၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရာတွင် နိုင်ငံတကာမှပညာရှင်များ၏ အကြံပြုချက်များကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုလို ပြုပြင်ဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်အောင် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ငလျင်ဒဏ်ခံနိုင်ရေးကိုပါ ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပျက်စီးသည့် ရှေးဟောင်းအဆောက်အအုံများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မှတ်တမ်းရယူ၍ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဝန်ထမ်းများပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ဦးစားပေးအလိုက် ပြုပြင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပုဂံ ရှေးဟောင်းနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် လုံခြုံရေး ဆောင်ရွက်နေမှု၊ အရေးပေါ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူရေး အတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ငလျင်ဒဏ်ခံလုပ်ငန်းများ ဆောင်ရွက်သည့်နည်းတူ ရုတ်တရက်မိုးကြီးခြင်း၊ ရေဝတီမြစ်ရေလျှံတက်ခြင်းတို့ ဖြစ်ပေါ်လာနိုင်မှုများကိုပါထည့်သွင်းစဉ်းစား၍ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တက်ရောက်လာကြသူများက ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများအပေါ် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၇**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်ရှိ မီဒီယာခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည်များနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ပကတိအရှိအတိုင်း မီဒီယာများအား ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယခုတစ်ပတ် လွှတ်တော်အစည်းအဝေးမှာ စုစုပေါင်း ၄၇ ရက် ကြာမြင့်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်း ၂၂၅ ခု ရှိပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်း ၄၀၇ ခု အထိ ရှိပါကြောင်း၊ အဆိုများအနေဖြင့် အရေးကြီးအဆို နှစ်ခုအပါအဝင် အဆို စုစုပေါင်း ၁၆ ခု တင်သွင်း ဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုအဆို လေးခု၊ မှတ်တမ်းတင်အဆို ကိုးခု ၊ အတည်မပြုအဆိုနှစ်ခုနှင့် လွှတ်တော်တွင် ဆွေးနွေးရန်မသင့်ဟုကိုယ်စားလှယ်များက ဆုံးဖြတ်လိုက်သည့် အဆိုတစ်ခုတို့ ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ငါးခုအပါအဝင် လက်ရှိဆောင်ရွက်ဆဲဥပဒေကြမ်း ၁၉ ခုရှိကာ အတည်ပြု ဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်း ၁၀ ခု ဖြစ်ပြီး လာမည့် လွှတ်တော်တွင် ဆက်လက်ဆွေးနွေး၍ ပြဋ္ဌာန်းနိုင်ရန်ကြိုးပမ်းမည့် ဥပဒေကြမ်းကိုးခု ကျန်ရှိပါကြောင်း၊ လွှတ်တော်အတွင်းရှိ တွေ့ဆုံမှုများအနေဖြင့် ပြည်တွင်းဧည့်သည်ဦးရေ ၂၇၄၀၊ ပြည်ပဧည့်သည်ဦးရေ ၃၂၇ ဦး တို့ဖြင့် တွေ့ဆုံမှုပေါင်း ၁၂၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ပြင်ပတွေ့ဆုံဆွေးနွေးနိုင်မှုအနေဖြင့် ပြည်တွင်းဧည့်သည် ဦးရေ ၁၈၀၇၁ ဦး ၊ ပြည်ပဧည့်သည်ဦးရေ ၁၈၂၈ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း ၂၀၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လေ့လာရေးခရီးအပါအဝင် ပြည်ပသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် အကြိမ်၂၀ ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၅၄ ဦးနှင့် ပြည်ပဧည့်သည် ၉၁၆ ဦးတို့ကို တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အတွက် ယခုတစ်ပတ်ကျင်းပသည့် လွှတ်တော်အနေဖြင့် ကိစ္စတော်တော်များများကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်သည့်ကိစ္စများအား ဒုတိယဥက္ကဋ္ဌက ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းဖြေကြားပေးမည်ဖြစ်ပါကြောင်း ၊ မီဒီယာများအနေဖြင့် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းစေလိုပါကြောင်းဖြင့် ပြောကြားသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် (သတင်းစဉ်)

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သတင်းထောက်များက အစိုးရနှင့် လွှတ်တော်အကြား Check and Balance ဖြစ်မှု ရှိ မရှိ အခြေအနေများ၊ လွှတ်တော်အတွင်း အဆိုတင်သွင်းရာတွင် လွတ်လပ်စွာ တင်သွင်းခွင့် ရှိ မရှိနှင့် အစိုးရသစ်သက်တမ်းအတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်နိုင်ရေးအတွက် အတွင်း/အပြင် ကြိုးစားအားထုတ်မှု၏ ခရီးပေါက်မှု အခြေအနေဆိုင်ရာများကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

# ဥပဒေရေးရာကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေး အတွေ့အကြုံများ အပြန်အလှန်ဖလှယ်

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၅ ရက်တွင် ကျင်းပသည့် ရှေ့နေချုပ်များ တွေ့ဆုံဆွေးနွေးဟောပြောပွဲသို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ တွေ့ဆုံဆွေးနွေးဟောပြောပွဲ၌ ဆွစ်ဇာလန်နိုင်ငံရှေ့နေချုပ် H.E. Mr. Michael Lauber က စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများက ကျူးလွန်သည့် ငွေကြေးဆိုင်ရာမှုခင်းများ တိုက်ဖျက်ရေးတွင် ဆွစ်ဇာလန်နိုင်ငံ၏ ဆောင်ရွက်မှုနည်းလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောရာ နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ငွေကြေးဆိုင်ရာမှုခင်းများ တိုးပွားလာနေပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာပါကြောင်း၊ ယင်းမှုခင်းများကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် ပြည်တွင်းဥပဒေမူဘောင်များ ကောင်းမွန်ခိုင်မာရန်နှင့် ကောင်းမွန်သည့်အုပ်ချုပ်မှုရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများလည်း ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ အဆိုပါမှုခင်းများအား စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့တွင် လုံလောက်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာကျွမ်းကျင်သူဝန်ထမ်းများရှိရန် လိုအပ်သည့်အပြင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးရေးမှာလည်း များစွာအရေးပါလျက်ရှိပါကြောင်း၊ စွပ်စွဲခံရသူ၏ ဥပဒေပါ အခွင့်အရေးများကိုလည်း ကာကွယ် စောင့်ရှောက်ပေးရမည် ဖြစ်ပါကြောင်း ဆွေးနွေးပြီး တက်ရောက် လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထိုခရီးစဉ်အတွင်း ပြည်ထောင်စု ရှေ့နေချုပ်သည် စင်ကာပူနိုင်ငံရှေ့နေချုပ်ရုံးသို့ သွားရောက်၍ ရှေ့နေချုပ် H.E. Mr. V K Rajah နှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံရာ၌ စင်ကာပူနိုင်ငံ ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် MOU အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ စင်ကာပူနိုင်ငံ ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့က ကြီးမှူး ပို့ချပေးသည့်သင်တန်းများတွင် စီးပွားရေးဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာ အနုညာတစီရင် ဆုံးဖြတ်ခြင်းဆိုင်ရာဥပဒေများ၊ ဥပဒေရေးဆွဲခြင်း စသည့်တို့နှင့် စပ်လျဉ်းသည့် သင်တန်းများ၊ အမှုလိုက်အရာရှိများအတွက် အခြေခံသင်တန်း၊ ဥပဒေရေးရာ အင်္ဂလိပ်စာသင်တန်းများ ပါရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် များစွာ အထောက်အကူ ဖြစ်စေခဲ့ပါကြောင်း၊ စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများအတွက် On Job Training များပြုလုပ်ပေးနိုင်ခဲ့သဖြင့် များစွာ အကျိုးဖြစ်ထွန်းစေပါကြောင်း၊ ဥပဒေရေးရာကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် The Delegation of the European Union in Myanmar မှ Deputy Head of Cooperation, Dr. George Dura ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၇) ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် EU(GOPA) ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ် သုံးခုဖြစ်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာအကူအညီပေးခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ စီမံခန့်ခွဲမှုသင်တန်းများတွင် ပို့ချဆရာများ အကူအညီပေးခြင်းကိစ္စ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ သင်တန်းဆရာများကို အာဆီယံနိုင်ငံများသို့ လေ့လာရေးခရီး စေလွှတ်ပေးခြင်းလုပ်ငန်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်) တို့တွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းကိစ္စ၊ ၂၀၁၅-၂၀၁၆ လေ့ကျင့်ရေးနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းတက်ရောက်ခဲ့သော သင်တန်းသားများကို စစ်တမ်းမေးခွန်းလွှာများ ပေးပို့ဖြေဆိုစေခြင်းကိစ္စ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် နည်းပညာဆိုင်ရာအကူအညီပေးခြင်း၊ ဆက်လက်ဆောင်ရွက် မည့်လုပ်ငန်းစဉ်များဖြစ်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ သင်တန်းဆရာ၊ ဆရာမများကို အရည်အသွေးမြှင့်တင်ပေးခြင်းတို့တွင် ပါဝင်ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်စတော့အိတ်ချိန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်နှင့် ရန်ကုန်စတော့အိတ်ချိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံချက်များ၊ ရန်ကုန်စတော့အိတ်ချိန်းမှ ကောက်ခံသည့် အရောင်းအဝယ်အတွက် ဝန်ဆောင်ခဆိုင်ရာများ၊ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများမှ ကောက်ခံသည့် ဝန်ဆောင်ခဆိုင်ရာများ၊ Online Trading ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများ စတော့ရှယ်ယာ အရောင်းအဝယ်အပေါ်တွင် အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား လုပ်ငန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ဆိုင်ရာကိစ္စရပ်များ ရန်ကုန်စတော့အိတ်ချိန်းတွင် လက်ရှိဖြစ်ပေါ်နေသည့် ရှယ်ယာဈေးအတက်အကျနှင့် ဈေးကွက်အခြေအနေအပေါ်သုံးသပ်ဆွေးနွေးခြင်းများကို စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးစီးသည့် ကော်မရှင်အဖွဲ့ဝင်များ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာ အရောင်းအဝယ်များ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ပြည်တွင်းအရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၊ ထိုသို့ဆောင်ရွက်ရာတွင် ကာလရှည်တွင် လက်ရှိ အစုရှယ်ယာဈေးကွက်မှ ငွေချေးစာချုပ်ဈေးကွက်များ၊ အခြားသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အထိ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပြည်သူသို့ အစုရှယ်ယာရောင်းချသည့် စာရင်းဝင်အများပိုင်ကုမ္ပဏီများ တိုးပွားလာအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိတွင် ငွေချေးစာချုပ်ဈေးကွက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Auction စနစ်ဖြင့် အကောင်အထည်ဖော်နေပြီဖြစ်ရာ ငွေချေးစာချုပ်ရောင်းဝယ်သည့် ဈေးကွက်ကိုလည်း တိုးတက်လာစေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်း အနေဖြင့် ဒေသတွင်း လာအို၊ ကမ္ဘောဒီးယားနိုင်ငံအိတ်ချိန်းများနှင့် နှိုင်းယှဉ်ပါက အလားအလာကောင်းများ ပိုမိုပါကြောင်း၊ လိုအပ်သည့် ဥပဒေပိုင်းဆိုင်ရာ ဖြေလျှော့မှုများ၊ အခွန်ဆိုင်ရာ မက်လုံးပေးဖြေလျှော့မှုများအား သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်တွင် မူဝါဒအကြံပေးအဖြစ် လာရောက်တာဝန်ထမ်းဆောင်သည့် ဂျပန်နိုင်ငံ Financial Service Agency မှ အကြံပေး Mr. Akira KURITA ကလည်း ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ် အခြေအနေများအပေါ်သုံးသပ်ချက်၊ ရေတိုရေရှည် ဆောင်ရွက်သင့်သည့် အစီအမံများ၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုပြောကြားသည်။

ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူများက လက်ရှိအရောင်းအဝယ် အနေအထားအရ စာရင်းဝင်ကုမ္ပဏီများအနေဖြင့် ကနဦးအစုရှယ်ယာရောင်းချမှုများကိုလည်း လုပ်ဆောင်သင့်ကြောင်း၊ အစုရှယ်ယာရည်ညွှန်းဈေးနှုန်းသတ်မှတ်မှုအပေါ် သေချာစိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းမဝင်မီ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

တက်ရောက်လာသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်နိုင်စေရန် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ Institutional Investors ပေါ်ထွန်းလာစေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုရေး၊ စာရင်းဝင်ကုမ္ပဏီများအနေဖြင့် အနည်းဆုံးရာခိုင်နှုန်းသတ်မှတ်၍ အစုရှယ်ယာထုတ်ရောင်းရန် တွန်းအားပေးရေး၊ စာရင်းဝင်ကုမ္ပဏီများ အဟန့်အတားဖြစ်နေသည့် အခွန်ဆိုင်ရာကိစ္စရပ်များ ဖြေလျှော့နိုင်ရေး၊ မျှတသည့်ဈေးကွက်စနစ်ဖြင့် ဆောင်ရွက်ခွင့်ရရှိရေး၊ On Line Trading ခွင့်ပြုရေး စသည်တို့ကို ဈေးကွက်ဖွံ့ဖြိုးရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းနှင့်အတူ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ဖြစ်ရေးကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့်လည်း အရောင်းအဝယ်လက်ခံပြုလုပ်ပေးသည့်စနစ်ကို ကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ မိမိတို့ဆောင်ရွက်ချက်များအား သတင်းမီဒီယာများတွင် အချိန်နှင့်တစ်ပြေးညီ ထည့်ပေးရန်ဖြစ်ကြောင်း၊ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်နှင့်ပတ်သက်၍ အသိပညာပေးခြင်းများကိုလည်း အရှိန်မြှင့်၍ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် စာမူများ အချိန်မီပေးပို့ကြရန်နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၇**

စာပေဗိမာန်စာမူဆုပြိုင်ပွဲကို“အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်း မပြုနိုင်သည့် ကောင်းမွန်ပြောင်မြောက်သော စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ထွက်ပေါ်လာသည့်စာအုပ်များကို အမျိုးသားစာပေဆုအဖြစ် စိစစ်ရွေးချယ်ချီးမြှင့်နိုင်ရန်” ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာရပ် ၁၃ မျိုးသတ်မှတ်ထားရာ ၂၀၁၆ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် ဝတ္ထုရှည်တစ်စောင်၊ ဝတ္ထုတိုပေါင်းချုပ်သုံးစောင်၊ ကဗျာပေါင်းချုပ် ခြောက်စောင်၊ သုတ(ဝိဇ္ဇာ) နှစ်စောင်၊ သုတ (ရိုးရိုး၊ အသုံးချသိပ္ပံ)နှစ်စောင်၊ စာပဒေသာ တစ်စောင်၊ ကလေးစာပေ လေးစောင်၊ အင်္ဂလိပ်စာပေတစ်စောင်တို့လက်ခံရရှိထားပြီး မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေ တို့တွင် စာမူများ လက်ခံရရှိခြင်းမရှိသေးပါ။ (ဘာသာပြန် ဘာသာရပ်အတွက် ပြန်ဆိုရမည့် စာအုပ်ကို စာပေဗိမာန်က အချိန်မီပြဋ္ဌာန်းပေးမည်ဖြစ်ပါသည်)။

စာပေဝါသနာရှင်များ နှစ်သက်ရာဘာသာရပ်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ပုံစံများကို စာတည်းမှူးချုပ် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ကြောင်းနှင့် နယ်မှစာမူတင်သွင်းလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများ မှာယူနိုင်ကြောင်း၊ ပြိုင်ပွဲဝင်စာမူများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ စာတည်းမှူးချုပ် စာပေဗိမာန်ထံပေးပို့ကြရန် နှိုးဆော်ထားကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၀၄၄၉ နှင့် ၀၁-၃၇၄၅၃၂ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် မှုခင်းအသိပညာပေးလုပ်ငန်းများ လှည့်လည်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပြသလျက်ရှိရာ အောက်တိုဘာ ၆ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူ စုစုပေါင်း ၄၆၈၀ ဦးတို့အား မှုခင်းပညာပေးပြသခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ရှေဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နှင့် ဘိုကလေးမြို့များတွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူ စုစုပေါင်း ၁၆၃၁ ဦးတို့အား လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းအသိပညာပေးရှင်းလင်းဆောင်ရွက်ကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

✻ *ကျောဖုံးမှ*

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်အနေဖြင့် ICT ဆိုင်ရာ ဥပဒေများနှင့် မူဝါဒရေးဆွဲရာတွင် အကြံပေးဆောင်ရွက်ခြင်း၊ e-Government ဖြစ်ထွန်းအောင်မြင်စေရေးအတွက် အစိုးရဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအားအကြံပေးခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကွန်ပျူတာပညာတိုးတက်ပြန့်ပွားစေရေးအတွက် ICT ဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ ITPEC ဟုခေါ်သည့် နိုင်ငံရှစ်နိုင်ငံ အသိအမှတ်ပြု IT နည်းပညာဆိုင်ရာစာမေးပွဲများ ကျင်းပပေးခြင်း၊ ကျေးလက်နေပြည်သူများ ICT ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိသုံးစွဲခွင့် ရရှိလာစေရေးအတွက် e-Village စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ICT Park များ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်းနှင့် e-Government အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ကွန်ပျူတာသုံး မြန်မာစာ Unicode စံစနစ်ကို မြန်မာစာအဖွဲ့မှ ပညာရှင်များ၊ IT ပညာရှင်များနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ ပူးပေါင်းကျင်းပသည့် "e-Government Conference and ICT Exhibition Nay Pyi Taw 2016" ဖွင့်ပွဲအခမ်းအနားသည် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ (၁၂)ချက်အနက် (၁)ချက်ဖြစ်သော Digital Government Strategy နှင့် "e-Government စနစ်များထူထောင်ရန်ဆိုသည့် အချက်အား အကောင်အထည်ဖော်ဆောင်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းသည့်နေရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း။

အစိုးရနှင့် ပြည်သူတွေကြား ဆက်သွယ်ဆောင်ရွက်မှုနည်းလမ်းများ၊ အစိုးရဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများကို လွယ်ကူလျင်မြန်လာစေရန်၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားကို သတင်းအချက်အလက်နည်းပညာအသုံးပြု၍ ပြောင်းလဲဆန်းသစ်ရန်နှင့် အနာဂတ်တွင် တိုးတက်မှုရရှိရန်မျှော်မှန်းပြီး ယခုပြပွဲအား ပြုလုပ်ခြင်းဖြစ်ကြောင်း။

မြို့ကြီးများနှင့် ကျေးလက်ဒေသများတွင် ကွာဟနေသည့် Digital Divide ကို လျှော့ချနိုင်ရန် သက်သာသည့် ဈေးနှုန်းနှင့် အင်တာနက်သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်တွင်း အင်တာနက်အော်ပရေတာများ၊ Alliance for Affortable Internet (A4AI) ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဝေးလံခေါင်ဖျားဒေသများအထိ တယ်လီဖုန်းဆက်သွယ်မှုများရရှိနိုင်ရန် ဆက်လက်ကြိုးပမ်းသွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ e-Government လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်တွင် e-Government Department ကိုလည်း ဖွဲ့စည်းထားခဲ့ပြီး ဖြစ်ကြောင်း။




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်** (သတင်းစဉ်)

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် Government Sector က အနည်းဆုံး သုံးပုံတစ်ပုံပါဝင်နေပါကြောင်း၊ အစိုးရဌာနများ၏ဝန်ဆောင်မှုများကို Digital ဝန်ဆောင်မှုများအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ ဝန်ဆောင်မှုရရှိနိုင်ရန် ပြည်သူများက အလွယ်တကူဆောင်ရွက်နိုင်ခြင်းဖြင့် အစိုးရနှင့်ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စများတွင် အချိန်ကုန်သက်သာရုံမက နိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးတစ်ခုလုံး ထိရောက်လျင်မြန် တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနအသီးသီးမှ CIO များ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ Sponsor Company များမှ တာဝန်ရှိသူများ၊ Exhibitor များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်းပြသထားသည့် ICT ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာအားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ICT နှင့် ပတ်သက်သည့်စာတမ်းများကို ပညာရှင်များက ဖတ်ကြားတင်သွင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး စာတမ်းများဖတ်ကြားတင်သွင်းခြင်း၊ ပညာရှင်များနှီးနှောဖလှယ်ခြင်း၊ ပြည်တွင်းပြည်ပမှ နည်းပညာများ၊ နိုင်ငံတကာမှ e-Government ဆိုင်ရာ အတွေ့အကြုံကို ဆွေးနွေးဖလှယ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။ ICT ပြပွဲတွင်လည်း ပြည်တွင်းပြည်ပကုမ္ပဏီ ၃၆ ခုမှ e-Government နှင့်ဆိုင်သည့် Solution များ၊ Product များနှင့် နည်းပညာများကို ပြသသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

၂။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ ကာရော်နောက်ညိုကျေးရွာ၊ ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး (Health Assistance) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် အသက် (၃၇) နှစ်အရွယ် ဦးသန့်ဇင်ဦး(ဇာတိ- တန့်ဆည်မြို့ စစ်ကိုင်းတိုင်းဒေသကြီး) သည် ၂၀၁၆ ခုနှစ်၊ ဇွန်လဆန်းမှစတင်၍ ပြင်းထန်ဝက်သက် ကူးစက်ရောဂါကျရောက်နေသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထန်ခေါ်လန်မ နာဂကျေးရွာတွင် ယင်းရောဂါကြောင့် ရွာသူ ရွာသား ကလေးသူငယ်များ နေ့စဉ်နှင့်အမျှ သေဆုံးနေမှုကို ရပ်တန့်အောင်ထိန်းချုပ်ပြီး ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါသည်။ ထိုသို့ သေဆုံးမှုများကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါပျောက်ကင်းကင်းစင်အောင် ကုသနိုင်ရန်တို့ကို ဦးသန့်ဇင်ဦးမှာ လွယ်လင့်တကူ ဆောင်ရွက်နိုင်ခဲ့ခြင်းမဟုတ်ဘဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ကူးစက်ရောဂါပြင်းထန်စွာ ဖြစ်ပွားနေသဖြင့် ရွာသူရွာသားများ နေ့စဉ်နှင့်အမျှ သေဆုံးနေမှု၊ ရွာသူ ရွာသားများ၏ကျန်းမာရေးအသိပညာအားနည်းမှု၊ ဆက်သွယ်ပြောဆိုရန် ဘာသာစကားခက်ခဲမှု စသည့် ကြီးမားသောကန့်သတ်ချက်များကို စိတ်ရှည်သည်းခံခြင်း၊ မေတ္တာ၊ စေတနာ၊ အနစ်နာခံနှင့် ကိုယ်ချင်းစာစိတ်ထားရှိခြင်း၊ စိတ်ဓာတ်ကြံ့ကြံ့ခံနိုင်ခြင်း၊ မိမိအလုပ်တာဝန်အပေါ် စိတ်ရောကိုယ်ပါမြှုပ်နှံ၍ မဆုတ်မနစ် ကြိုးစားအားထုတ် ဆောင်ရွက်ခြင်းတို့ဖြင့် ရင်ဆိုင်ကျော်လွှားခဲ့သောကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ကျွမ်းကျင်သူ ဆရာဝန်ကြီးများ၊ နယ်မြေခံဆရာဝန်များ၊ သူနာပြုများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များသည် ယင်းထန်ခေါ်လန်မ နာဂကျေးရွာသို့ ကနဦး သွားရောက်စစ်ဆေးစဉ် ရောဂါအမည်သိရှိရန် သွေးနမူနာများ ဓာတ်ခွဲစမ်းသပ်မှုကို ချက်ချင်းဆောင်ရွက်ပေးနိုင်မှုမရှိသဖြင့် ရောဂါလက္ခဏာများအရ ပြင်းထန်ဝက်သက် ကူးစက်ရောဂါဖြစ်နိုင်သည်ဟု ကောက်ချက်ချကာ ယင်းရောဂါကို ထိန်းချုပ်ကုသရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ မိမိပခုံးပေါ်သို့ ကျရောက်လာသောတာဝန်အရ ထမ်းရွက်ရခြင်းဖြစ်သော်လည်း ဦးသန့်ဇင်ဦးသည် နေ့စဉ်ရက်ဆက် သေဆုံးမှုများရှိနေသည့် ရောဂါကူးစက်ကျရောက်မှု အပြင်းထန်ဆုံးအခြေအနေကို အခက်အခဲမျိုးစုံကြားမှ မိမိတတ်ကျွမ်းသည့်ပညာရပ်အပေါ် ယုံကြည်မှုခိုင်မာစွာဖြင့် မဆုတ်မနစ် ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ သို့ဖြစ်၍ ယခုနှစ် သြဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန့်ဇင်ဦးအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း မိမိနိုင်ငံ တည်ဆောက်ရေးအတွက် မိမိတို့ သက်ဆိုင်ရာ နယ်ပယ်အသီးသီး၌ ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဦးသန့်ဇင်ဦးနည်းတူ မိမိကိုယ်မိမိ ယုံကြည်မှုထားပြီး စေတနာ၊ မေတ္တာနှင့် ကိုယ်ချင်းစာတရားတို့ဖြင့် မဆုတ်မနစ် ကြိုးပမ်းကာ နိုင်ငံသားစိတ်ဓာတ်ကိုအရင်းခံလျက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

❍ *ရှေ့ဖုံးမှ*

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် နေထိုင်ပြီး အငှားယာဉ် တက္ကစီမောင်းနှင်၍ အသက်မွေးဝမ်းကျောင်းလျက်ရှိသူ ဦးသန်းထိုက်ကျော်သည် ယင်းမောင်းနှင်သည့် တက္ကစီယာဉ်ပေါ်တွင် ခရီးသည်များ မေ့လျော့ကျန်ရှိခဲ့သော သိန်းတစ်ထောင်ခန့်တန်ဖိုးရှိ ကျောက်မျက်ရတနာများကို ပိုင်ရှင်ဖြစ်သူထံ အမြန်ဆက်သွယ်၍ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ပြည့်စုံကုံလုံသည့် မိသားစုမဟုတ်သော်လည်း တန်ဖိုးကြီးမားလှသည့်ပစ္စည်းများ လက်ဝယ်တွေ့ရှိရာတွင် မိမိ မိသားစုအကျိုးစီးပွားဖြစ်ရေးကို စိုးစဉ်းမျှမစဉ်းစားဘဲ အခြေခံကိုယ်ကျင့်သီလလုံခြုံစွာဖြင့် ကိုယ်ချင်းစာတရားအပြည့်အဝထားကာ ဖြူစင်ရိုးသားမှုအရင်းခံလျက် ထိုသို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဖြူစင်ရိုးသားမှု၏လက်ငင်းရလဒ်အဖြစ် ပစ္စည်းပိုင်ရှင်မှ ဦးသန်းထိုက်ကျော်အား မော်တော်ယာဉ်ငယ်တစ်စီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းလည်း သိရှိရပါသည်။

၄။ ဦးသန်းထိုက်ကျော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်သီလနှင့် ပတ်သက်၍ အံ့သြဖွယ်ရာ လေးစားဖွယ်ရာ ဂုဏ်ယူဖွယ်ရာ အတုယူဖွယ်ရာအဖြစ် မှတ်တမ်းတင်ထိုက်သည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။ ထို့အပြင် သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းလျက် ရိုးသားစွာရပ်တည်ခြင်းသည် နိုင်ငံအကျိုးစီးပွားကာကွယ်ရေး၏အခြေခံကျသော ပြယုဂ်တစ်ခုအဖြစ်လည်း မှတ်ယူထိုက်ပါသည်။

၅။ သို့ဖြစ်၍ ယခုနှစ် စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန်းထိုက်ကျော်အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ နိုင်ငံသူ နိုင်ငံသားများ အနေဖြင့်လည်း ဦးသန်းထိုက်ကျော်ကဲ့သို့ပင် ဖြူစင်ရိုးသားစွာ ကြိုးစားခြင်းဖြင့် နိုင်ငံတော်၏ အခြေခံအုတ်မြစ်များ ခိုင်မာအောင်တည်ဆောက်ရေးတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် ဖွင့်လှစ်သော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၃၁၉ ကျောင်းအတွက် အထက်တန်းပြ ဆရာ၊ ဆရာမ ၂၂၃၃ ဦး လိုအပ်

**နေပြည်တော် အောက်တိုဘာ ၇**

ဝေးလံသီခေါင်ဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများရှိ ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုအခွင့်အလမ်းမြင့်မားလာစေရန်ရည်ရွယ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း ၃၁၉ ကျောင်းကို ကျောင်းအဆင့်တိုးမှုဖြေလျှော့၍ အခြေခံပညာအလယ်တန်းကျောင်းအဆင့်မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်သို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၃၁၉ ကျောင်းအတွက် တစ်ကျောင်းလျှင် ဘာသာရပ်နှင့် ကိုက်ညီသော ဆရာ ဆရာမ ခုနစ်ဦးစီခန့်ထားရန် လျာထားစီစဉ်ရာ အခြေခံပညာအထက်တန်းသင် ဘာသာရပ်ပြ ဆရာ ဆရာမ ၂၂၃၃ ဦးလိုအပ်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများသင်ကြားသင်ယူမှု ထိရောက်စေရန်နှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ယခုနှစ် အထက်တန်းကျောင်း(ခွဲ) အဆင့်တိုး ၃၁၉ ကျောင်းအတွက် လိုအပ်မည့် အထက်တန်းသင်ဘာသာပြဆရာ ၂၂၃၃ ဦး ဖြည့်ဆည်းခန့်ထားရန် စီစဉ်ဆောင်ရွက်ရာ၌ လတ်တလောအခြေအနေတွင် အခက်အခဲရှိသောကြောင့် ကျောင်းသား ကျောင်းသူများသင်ကြားသင်ယူမှုအဆင်ပြေစေ ရန်နှင့် ဆရာအင်အားမလုံလောက်သဖြင့် မိဘများက ဆရာဆရာမငှားရမ်းရသော ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်ပြီး အထက်တန်းကျောင်း(ခွဲ) ၃၁၉ ကျောင်းအတွက် လိုအပ်မည့် အထက်တန်းပြဆရာ ဆရာမ ၂၂၃၃ ဦးအား ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ယာယီနေ့စား လပေးခန့်ထားရန် စီစဉ်နေကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဂျာမနီနိုင်ငံမှ သွားဘက်ဆိုင်ရာဆေးပညာရှင်များ ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့ လာရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၇**

ဂျာမနီနိုင်ငံ Niedersachsen ပြည်နယ် Hannover မြို့မှ Dr. Joerg Roever ဦးဆောင်သည့် သွားဘက်ဆိုင်ရာဆေးပညာရှင် ၁၉ ဦး ပါဝင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်သို့လာရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ ဆေးလက်တွေ့ဌာနများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လျှပ်တစ်ပြက် ပိုးလမ်းမ ဒိုင်ယာရီ

**သပြေ**



ရှင်းကျန့်-ဝီဂါဒေသ အနောက်မြောက်ဘက် တာချန်းစီရင်စုနယ်မြေရှိ သဘာဝရှုခင်းအလှကို တွေ့ရစဉ်

*ယမန်နေ့မှအဆက်*

အုရုံမူချီမြို့တွင် ကျင်းပသည့် အစည်းအဝေးနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်ကြမည့် နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့များစွာအနက် ကျွန်တော်တို့ပါဝင်သောအဖွဲ့အတွက် လေ့လာရေးခရီးစဉ်ကို ရှင်းကျန့် - ဝီဂါ ဒေသ၏ အနောက်မြောက်ဒေသရှိ "တာချန်း" စီရင်စုနယ်မြေကို ရွေးချယ်သတ်မှတ်ထားသည်။ စက်တင်ဘာ ၁၆ ရက် နေ့လယ်ပိုင်းတွင် လေကြောင်းခရီးဖြင့် စီးနင်းလိုက်ပါခဲ့ရာ တစ်နာရီခန့်အကြာတွင် "တာချန်း"မြို့သို့ရောက်ရှိသည်။ လေဆိပ်၌ ဒေသခံကလေးငယ်များ၏ကြိုဆိုမှုက နွေးထွေးမှုရှိလှသကဲ့သို့ သန့်ရှင်းလတ်ဆတ်သော လေနုအေးကိုလည်း ခံစားမိလိုက်သည်။

**သဘာဝအလှ သဘာဝလက်ဆောင်**

တာချန်းစီရင်စုနယ်မြေသည်ကား စတုရန်းကီလိုမီတာ တစ်သိန်းကျော် ကျယ်ဝန်းပြီး တာချန်းမြို့တော်၊ အီမင်၊ ဝုစု၊ ရှာဝမ်၊ ထိုလီနှင့် ယူမီခရိုင်များအပြင် ဟိုဘော့သာ မွန်ဂိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်ငယ်တို့ဖြင့် စုဖွဲ့ထားသည်။ ယင်းတွင် ခရိုင်ငါးခုရှိ နယ်မြေများသည် ကာဇက်စတန်နိုင်ငံနှင့် ကီလိုမီတာ ၅၄၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေသည်။ စီရင်စုနယ်မြေအတွင်း ဟန်၊ ဟွေ၊ ဟွေ၊ ကာဇက်နှင့် မွန်ဂိုလူမျိုးများအပါအဝင် တိုင်းရင်းသားမျိုးနွယ် ၂၉မျိုး ရောနှောနေထိုင်ကြပြီး လူဦးရေစုစုပေါင်း ၁ သန်းကျော် နေထိုင်လျက်ရှိသည်။ နယ်မြေအတွင်း နိုင်ငံတကာ နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ကုန်းတွင်းဆိပ်ကမ်းတစ်ခုလည်း ရှိနေသည်။

ထို့ပြင် အီမင်မြစ်နှင့်ချောင်းငယ်များ၊ ယင်းတို့မှ သွယ်တန်းထားသော ရေမြောင်းများသည် ဟက်တာခုနစ်သန်းခန့်ရှိ သဘာဝမြက်ခင်းပြင်များဖြင့် ပေါင်းစပ်တည်ရှိနေသည်။ သဘာဝကပေးသော လက်ဆောင်ကောင်းများ ရရှိထားသည့် တာချန်းစီရင်စု နယ်မြေမှ ကျေးလက်ပြည်သူများအနေဖြင့် တစ်ဦးချင်းစိုက်ပျိုးနိုင်သော မြေဧက ၇၀ စီ ပိုင်ဆိုင်လုပ်ကိုင်နိုင်ကြသည်။

တာချန်းစီရင်စု နယ်မြေအတွင်း တရုတ်နိုင်ငံ၌ ဒုတိယအကြီးဆုံးမြက်ခင်းပြင်ဖြစ်သည့် လူလူစတက်မြက်ခင်းပြင်နှင့် သဘာဝကလက်ဆောင်ပေးသော ရှုခင်းများတည်ရှိပြီး သန့်ရှင်းလတ်ဆတ်သော လေနုအေးများကိုလည်း ရှူရှိုက်ခွင့်ရရှိနေကြသည်။ ဒေသ၏တောင်ဘက်တွင် လူဂျီယန် ရေပူစမ်းနှင့် ဝူဆူနီမီးတောင်၊ မြောက်ဘက်တွင် တက်ခ်ရှုခင်းများနှင့် ရှေးဟောင်းကျောက်ဆစ်အနုပညာ လက်ရာများလည်း ရှိနေသည်။ ထို့ပြင် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည့် ဓာတ်သတ္တုလည်း ကြွယ်ဝသေးသည်။ ဒေသ၏မြို့တော်မှာ "တာချန်း"ဖြစ်ပြီး မြို့ဧရိယာမှာ ၄၃၅၆ ဒသမ ၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ ဟန်နှင့်ကာဇက်လူမျိုးများအပါအဝင် တိုင်းရင်းသားမျိုးနွယ်စု ၂၅ စုမှ လူဦးရေစုစုပေါင်း တစ်သိန်းခုနစ်သောင်းခန့် နေထိုင်လျက်ရှိသည်။ ယင်းမြို့နယ်မှာ တာဂျစ်ကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသကဲ့သို့ ဘက်ကူဆိပ်ကမ်းတည်ရှိရာ ရေလက်ကြားသည်လည်း ရုရှားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများကို အဓိကဆက်သွယ်ပေးထားသည်။



သံကွင်းများဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် ရှေးဟောင်းတိုက်ပွဲဝင်အင်္ကျီကို တာချန်းနယ်မြေ အိမင်ကောင်တီမြို့ရှိ ပြတိုက်တွင် တွေ့ရစဉ်

**လူမျိုးပေါင်းစုံ ညီညွတ်မှုရလဒ်**

တာချန်းနယ်မြေသည် မတူကွဲပြားသည့် လူမျိုးပေါင်းစုံ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုမျိုးစုံတို့ ရာစုနှစ်များစွာကတည်းက အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည်။ မတူညီသည့် စားသောက်ဖွယ်ရာမျိုးစုံ၊ အနုပညာလက်ရာအမျိုးမျိုးစသည့် ယဉ်ကျေးမှု တစ်ရပ်က "ရှန်ရှောင်မိန်" မိသားစုဟုခေါ်ဆိုရသည့် မိသားစုဝင်များကို ပေါ်ထွန်းစေခဲ့သည်။ ထိုမိသားစုများတွင် ကာဇက်လူမျိုး ၂၇ ဦး အဓိကပါဝင်ပြီး ဟန်၊ ဟွေ၊ ဟွာ၊ သော်ဟွာနှင့် ရုရှား စသည့်လူမျိုးများလည်းပါဝင်စုစည်းနေသည်။ မိသားစုဝင်များသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားမှုရှိကြသည်။ ၎င်းမိသားစုဝင်များအနက် ထင်ရှားသည့် "ဟွာ"မိသားစုဝင် မစ္စတာ ချန်းချန်းမင်၏ နေအိမ်တွင် နေ့လယ်စာဖြင့် ဧည့်ခံသည်။ ဆိတ်နှင့် အမဲသားကို အဓိကဟင်းအမယ်အဖြစ် စားချင့်စဖွယ်ပြင်ဆင်မှုနှင့်အတူ အကော်ဒီယန်ဂီတဖြင့် သီဆိုဧည့်ခံမှုကလည်း နွေးထွေးမှုကို ဖြည့်စွက်ပေးသကဲ့သို့ ဖြစ်ခဲ့သည်။

တာချန်းမြို့၏ မြောက်ဘက်စွန်းတွင် "ဟာဒွန်"လူနေမှုအသိုက်အဝန်းတစ်ခုကို ၂၀၀၂ ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။ ယင်းနေရာသည် ၁ ဒသမ ၈၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ တိုင်းရင်းသား ၁၄ မျိုးမှ လူဦးရေ ၁၃၁၆ ဦးသည် အိမ်ထောင်စု ၈၉၉ စုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဟန်၊ ကာဇက်နှင့် ဟွာလူမျိုးများ အများစုနေထိုင်ကြသော်လည်း ကျန်လူဦးရေ ၅၈ ဒသမ ၅ ရာခိုင်နှုန်းမှာ အခြား တိုင်းရင်းသားများဖြစ်သည်။ ၎င်းတွင် အလုပ်သမားရေးနှင့် လူမှုရေးရာလုံခြုံမှု၊ ပြည်သူ့ရေးရာ၊ မိသားစုစီမံကိန်းနှင့် ပဏာမစုံစမ်းရေး စသည့်ကိစ္စများဆောင်ရွက်ပေးသည့် အထွေထွေဝန်ဆောင်မှုရုံးတစ်ခု ဖွင့်လှစ်ထားပြီး ၂၄ နာရီ ပိတ်ရက်မရှိ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ သွေးရင်းသားရင်းသဖွယ် စုပေါင်းနေထိုင်ကြသည့် စံပြလူ့အဖွဲ့ အစည်းအဖြစ် ၎င်းတို့က ဂုဏ်ယူစွာပြောဆိုနေထိုင်လျက်ရှိကြသည်။ ထို့နောက် ဝီဂါမိသားစုများအနက်မှ ထင်ရှားသည့် နေအိမ်တစ်ခုကို သွားရောက်လေ့လာကြရာ ဒေသထွက်သန့်ရှင်းလတ်ဆတ်သောသီးနှံများ၊ တာရှည်ခံစားသုံးနိုင်ရန် အခြောက်ခံထားသော သီးနှံအစေ့၊ အဆန်များဖြင့် ဧည့်ခံမှုက ထူးခြားလှသည်။

**အကော်ဒီယန်ဂီတနှင့် ပျော်ရွှင်ဖွယ်ဖျော်ဖြေပွဲည**

တာချန်းဒေသတွင် အကော်ဒီယန်ဂီတသည် အမြစ်တွယ်လျက်ရှိပြီး ယင်းဒေသ၏ အဓိကဂီတအဖြစ် အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ အကော်ဒီယန်ဂီတ၏ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက်မှ အကော်ဒီယန်တူရိယာမျိုးစုံကို ရှာဖွေစုဆောင်းပြီး ပြတိုက်ဖွင့်လှစ်၍ ခင်းကျင်းပြသထားသည်။

ပြတိုက်အတွင်း လမ်းညွှန်ရှင်းပြသူနှင့်အတူ စိတ်ဝင်စားဖွယ်ဖြစ်စေရန်နှင့် လန်းဆန်းကြည်နူးမှုဖြစ်စေရန် အကော်ဒီယန်ဂီတဖြင့် ကြားဖြတ်ဖျော်ဖြေပေးမှုကလည်း ထိရောက်မှုရှိသည်။ ပြတိုက်မှပြန်အထွက်တွင် အကော်ဒီယန်ရုပ်ပုံပါရှိသည့် အမှတ်တရ လက်ဆောင်ပေးအပ်ခြင်းကလည်း အကော်ဒီယန်တူရိယာကို ဒေသ၏ပုံရိပ်အဖြစ် ပိုမိုထင်ရှားစေသည်။ ညပိုင်းတွင် ညစာစားပွဲဖြင့် ဧည့်ခံစဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ၏ အနောက်ပိုင်းဒေသသို့ ယခုကဲ့သို့ ရောက်ရှိခဲ့ချိန်တွင် Seeing is Believing ဆိုသည့်အတိုင်း ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုများကို မျက်မြင်တွေ့ရှိရပါကြောင်း ပြောကြားရာ တာချန်းစီရင်စုမှ တာဝန်ရှိသူများကလည်း ၎င်းတို့၏အုပ်ချုပ်ရေးအဖွဲ့၌ လူမျိုးပေါင်းစုံဖြင့် ပါဝင်စုဖွဲ့ထားပြီး အဆင့်အတန်းမြင့်မားသည့် လူမှုအသိုက်အဝန်းကို ဖော်ဆောင်နေပါကြောင်း ဂုဏ်ယူဖွယ်ရာ ပြန်လည်ပြောကြားကြသည်။

ထို့နောက် တာချန်းမြို့လယ် ပန်းခြံအတွင်းရှိ ယဉ်ကျေးမှုရင်ပြင်၌ အကော်ဒီယန်တူရိယာဖြင့် ဖျော်ဖြေသော စုပေါင်းကပွဲနှင့် ပျော်ပွဲရွှင်ပွဲသို့ သွားရောက်ကြည့်ရှုခွင့်ရခဲ့သည်။ ညချမ်းချိန်ခါတွင် တာချန်းယဉ်ကျေးမှုရင်ပြင်ရှိ စင်မြင့်ပေါ်၌ ခေတ်မီရောင်စုံမီး အလှများ၊ နောက်ခံပြကွက်များနှင့်အတူ အကော်ဒီယန်တေးသံသာဖြင့် ဖျော်ဖြေလျက်ရှိရာ စင်မြင့်ရှေ့မှ ကပွဲရင်ပြင်သာမက ပန်းခြံတစ်ခုလုံးမှသည် တာချန်းမြို့တစ်ခုလုံးအထိ တေးသီချင်းသံများဖြင့် လွှမ်းခြုံနေသည်။ မြို့တော်သူမြို့တော်သားများသည် တစ်ဦးချင်း တစ်ဖွဲ့ချင်းမှသည် စုံတွဲများအထိ ပါဝင်ကခုန်နေကြပြီး တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကို အပန်းဖြေရင်း ပျော်ရွှင်စွာဆင်နွှဲနေကြသည်။ ကပွဲရင်ပြင်ဝန်းကျင်ရှိ ကွင်းငယ်များတွင်လည်း ကလေးငယ်များက စကိတ်စီးခြင်း၊ ပြေးလွှားဆော့ကစားခြင်းများ ပြုလုပ်လျက်ရှိသကဲ့သို့ မိသားစုအချို့မှာလည်း ပန်းခြံအတွင်း လမ်းလျှောက်အပန်းဖြေခြင်း၊ နားနေခြင်းများ မြင်တွေ့ရသည်။ လူနေမှုအသိုက်အဝန်းတစ်ခု ဖန်တီးပေးရာတွင် ပျော်ရွှင်ချမ်းမြေ့မှုရရှိစေရန် စီမံအကောင်အထည်ဖော်ပေးမှုသည်လည်း အဓိကတစ်ချက်ဖြစ်ကြောင်း နားလည်လိုက်သည်။ ပန်းခြံက ပြန်လည်ထွက်ခွာစဉ်မှာတော့ ပန်းခြံအပြင်ဘက်ရှိ ခြံစည်းရိုးနံဘေးအမှောင်ရိပ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကို ကင်းလှည့်ယာဉ်တစ်စီး၊ မီးသတ်ယာဉ်တစ်စီးတို့နှင့်အတူ လိုအပ်ပါက အချိန်မီထိန်းသိမ်းနိုင်ရန် မသိမသာ လှစ်ဟဖော်ပြထားခြင်းကိုလည်း တွေ့မြင်လိုက်ရသည်။

**သက်ကြီးရွယ်အိုများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ကွန်းခိုရာ**

စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် တာချန်းမြို့တော် ကလာဟာဘက် မြို့နယ်အတွင်းရှိ လီကွေယန်ရွာကြီးသို့ မီနီဘတ်စ်နှစ်စီးဖြင့် သွားရောက်ခဲ့ကြသည်။ ထိုရွာကြီးတွင် ဟန်၊ ကာဇက်နှင့်ရုရှားလူမျိုးများ အဓိကပါဝင်သည့် လူမျိုးစုံ ၃၀၈ ဦးကို အိမ်ထောင်စု ၈၃ စုဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသည်။ ယင်းရွာကြီးကို ၂၀၁၀ ပြည့်နှစ်မှစ၍ ပုံစံတူနေအိမ်အလုံး ၇၀ ဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားပေးစနစ်၊ အပူပေးစနစ်၊ ရေပေးဝေမှုစနစ် စသည်ဖြင့် အသေးစိတ်စီမံပေးထားကြောင်း တွေ့ရသည်။

ထိုရွာကြီးတွင် သက်ကြီးရွယ်အိုများနှင့် အငြိမ်းစားဝန်ထမ်းများ အခမဲ့နေထိုင်ရန်နှင့် အပြန်အလှန်စောင့်ရှောက်နိုင်ရန်အတွက် သက်ကြီးစောင့်ရှောက်ရေးဂေဟာ "Happiness Mutual-Aid Compound" တစ်ခုကိုလည်း ၂၀၁၂ ခုနှစ်မှစတင်၍ တည်ထောင်ပေးထားသည်။ ယင်းရွာဝန်းကျင်တွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်မြေဧက ၄၀၀၀ ရှိနေပြီး ဂျုံ၊ ပြောင်းနှင့်ဖရဲတို့ကို အဓိကစိုက်ပျိုးကြောင်း သိရသည်။

လီကွေရွာကြီး၏ ရွာအလယ်ရှိ ပန်းခြံရင်ပြင်သို့ရောက်ရှိရာ မိသားစုဝင်များက မတူညီသောရိုးရာဝတ်စုံများဖြင့် အကော်ဒီယန်ဂီတကို အဓိကထား သီဆိုဖျော်ဖြေပြီး ကြိုဆိုနှုတ်ဆက်ကြ သည်။ ထို့နောက် ၎င်းတို့၏နေအိမ်များကို လေ့လာခဲ့ကြပြီး သက်ကြီးရွယ်အို အငြိမ်းစားဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ကြသည်။ ၎င်းတို့၏ နေအိမ်များနှင့် တွဲဖက်လျက်ရှိနေသော စိုက်ခင်းငယ်များတွင် တစ်ပိုင်တစ်နိုင် သီးနှံများ ဖြစ်ထွန်းအောင်မြင်စေရန် စိုက်ပျိုးနေခြင်းဖြင့် ၎င်းတို့အတွက် ကျန်းမာပျော်ရွှင်မှုကို ရရှိစေသကဲ့သို့ ပြကွက်တစ်ခုအဖြစ် ဖန်တီးပေးနိုင်မှုကိုလည်း သဘောပေါက်နားလည်မိသည်။

**ဘော့ဒတ်စိုက်မွေးကျေးရွာ**

တရုတ်နိုင်ငံတွင် မြေယာကိစ္စရပ်များ အရေးပါလာမှု၊ စက်မှုဇုန်များပေါ်ထွန်းလာမှုနှင့် လူဦးရေတိုးပွားလာမှု အခြေအနေများအရ တာချန်းမြို့နယ်တွင်လည်း စိုက်ပျိုး၊

*စာမျက်နှာ ၉ သို့*

# ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် အခြေခံမှန်ကန်သည့်လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်း

**နေပြည်တော် အောက်တိုဘာ ၇**

ဒုတိယအကြိမ်လွှတ်တော် အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများ မစတင်မီ လွှတ်တော်အစည်းအဝေးများ ရပ်နားစဉ်ကာလတွင် မိမိတို့၏မဲဆန္ဒနယ်များသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ၏ စကားသံများကို နားထောင်ကြရန်နှင့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် အခြေခံမှန်ကန်သည့် လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များအား မှာကြားသည်။




ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ထိုသို့ မှာကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်အသီးသီး၏ ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့သည့် နှစ်လကျော်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၆ ရက် ကျင်းပနိုင်ခဲ့ပြီး လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပိုင်းတွင် ဥပဒေကြမ်းခြောက်ခုနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်အတည်ပြုခဲ့သည့် နည်းဥပဒေနှစ်ခုတို့ကို အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေနှင့်နည်း ဥပဒေများမှာ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ရေးဆိုင်ရာဥပဒေ၊ လျှပ်စစ်နည်းဥပဒေများနှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်ပေးပို့ထားပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများအလိုက် တာဝန်ခံဆောင်ရွက်ရမည့် ကျင့်သုံးဆဲ ဥပဒေများစာရင်း၊ ပထမအကြိမ် သက်တမ်းကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေများအနက်မှ နည်းဥပဒေထုတ်ပြန်ရန် ကျန်ရှိသည့် ဥပဒေများစာရင်း၊ တရားဥပဒေစိုးမိုးရေး Rule of Law ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဦးစားပေးပြဋ္ဌာန်းသင့်သည့် ဥပဒေများစာရင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ရှင်းလင်းတင်ပြချက်များကိုလည်း လွှတ်တော်၌ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း မှာကြားသည်။

ထို့ပြင် ဒုတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ထောက်ခံကြိုဆိုကြောင်းနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက် အမှတ် ၃/၂၀၁၆ ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်နှင့် ထုတ်ပြန်ပေးနိုင်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းခြင်းကိုလည်း လွှတ်တော်၌ အတည်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန် လိုအပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ရသည့် ပြည်တွင်း ပြည်ပ ချေးငွေများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့နှင့် သက်ဆိုင်သည့် ကိစ္စသုံးခုကိုလည်း ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် လိုအပ်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့်စပ်လျဉ်း၍ အာဆီယံ-အိန္ဒိယဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စရပ် အပါအဝင် ခုနစ်ခုအတွက် ပါဝင်ဆွေးနွေးကြပြီး လွှတ်တော်၏သဘောတူညီချက် ရယူဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု နှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာများအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်းနှင့်အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း ထူးခြားဆောင်ရွက်မှုတစ်ခုအနေဖြင့် တင်ပြရလျှင် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူ၍ အိမ်ရှင်အဖြစ် နေပြည်တော်၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ကျင်းပရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အကြီးအမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးအပါအဝင် ဌာနအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း က ပြောကြားသည်။

ထို့အတူ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းရန် လွှတ်တော်ကိုယ်စားလှယ်များထံ တိုင်ကြားစာများ ထုတ်ပြန်ခဲ့သော်လည်း မြို့နယ်ပေါင်း ၃၀၈ မြို့နယ်သာ တင်ပြပြီး ၁၇ မြို့နယ် တင်ပြရန် ကျန်ရှိနေသည်ကို သိရှိရပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရန်ပုံငွေသုံးစွဲခွင့်များကို အဆိုပြုချက် ပုံစံသစ်ဖြင့် ၂၇၈ မြို့နယ်က တင်ပြထားသည့်အတွက် ခွင့်ပြုမိန့်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ် ၄၇ မြို့နယ်ကိုလည်း အဆိုပြုချက်ပုံစံသစ်များ ပေးပို့ရန် နှိုးဆော် ထုတ်ပြန်ထားပါကြောင်း၊ ထို့ကြောင့် ခွင့်ပြုမိန့်ထုတ်ပြန်သည့် မြို့နယ်များအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စုလိုက် ပြည်သူလူထု ကိုယ်စားပြုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ထုတ်ပြန်ထားသည့် ဥပဒေလုပ်ထုံးများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ကျန်ရှိသည့် မြို့နယ်များအနေဖြင့်လည်း ဆောလျင်စွာ တင်ပြဆောင်ရွက်သွားကြရန် အသိပေးပြောကြားလိုပါကြောင်း။

ပြန်လည်ကျင်းပ ပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး အပါအဝင် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုအကျိုးစီးပွားကို အထောက်အကူပြုစေမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုချက်နှင့် အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က မှာကြားခဲ့သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခုကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များ၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် တာဝန်ပေးအပ်ခြင်းတို့ကို မှတ်တမ်းတင်ကြပြီး အဆိုတစ်ခုတင်သွင်းခြင်းနှင့် အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲ စာချုပ်သို့ မြန်မာနိုင်ငံ အတည်ပြုဝင်ရောက်ရေး ကိစ္စရပ်ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကန့်သတ်ချက်ဘောင်များ ကျော်လွန်ပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် စွက်ဖက်ခြင်းများ မဖြစ်ရအောင်သတိပြု

**နေပြည်တော် အောက်တိုဘာ ၇**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးကို စတင်ကျင်းပခဲ့သည်မှာ ယနေ့တွင် ၄၇ ရက်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၂၂၅ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၄၀၇ ခု မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုများအနေဖြင့် အရေးကြီးအဆို နှစ်ခုအပါအဝင် အဆို စုစုပေါင်း ၁၆ ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုအဆိုလေးခု၊ မှတ်တမ်းတင် အဆို ကိုးခု၊ အတည်မပြုအဆို နှစ်ခုနှင့် ဆွေးနွေးရန်မသင့် အဆို တစ်ခုတို့ ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ငါးခုအပါအဝင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း ၁၉ ခုရှိပြီး အတည်ပြုဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်း ၁၀ ခု ဖြစ်ပါကြောင်း၊ ဆက်လက်ဆွေးနွေးရန် ဥပဒေကြမ်း ကိုးခု ကျန်ရှိပါကြောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတင်ခဲ့သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့ကာလအထိ လွှတ်တော်ကော်မတီအသီးသီး၏ လှုပ်ရှားဆောင်ရွက်ခဲ့မှုများကိုလည်း ရှင်းလင်းတင်ပြလိုပါကြောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားရှိသည့် ကော်မတီ ၁၉ ခု၏ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များနှင့် ပတ်သက်ပြီး လွှတ်တော်တွင်း တွေ့ဆုံဆွေးနွေးခဲ့မှုအနေဖြင့် ပြည်တွင်း ဧည့်သည် ဦးရေ ၂၇၄၀၊ ပြည်ပဧည့်သည်ဦးရေ ၃၂၇ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း ၁၂၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ပြင်ပတွေ့ဆုံဆွေးနွေးနိုင်မှုအနေဖြင့် ပြည်တွင်းဧည့်သည် ဦးရေ ၁၈၀၇၁ ဦး၊ ပြည်ပဧည့်သည်ဦးရေ ၁၈၂၈ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း (၂၀၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လေ့လာရေးခရီး အပါအဝင် ပြည်ပသို့ သွားရောက်တွေ့ဆုံ ဆွေးနွေးမှုအနေဖြင့် အကြိမ်(၂၀)ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၅၄ ဦးနှင့် ပြည်ပဧည့်သည် ၉၁၆ ဦးတို့ကို တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



ဦးစိုင်းကျော်မိုး
မိုင်းပန် မဲဆန္ဒနယ်



ဗိုလ်ချုပ် သန်းထွဋ်
ဒုတိယဝန်ကြီး

အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြပါ၊ ကိုယ်စားလှယ်များ၏ တာဝန်က ဘာတွေလဲ၊ မိမိတို့ ဥပဒေပြုရေး မဏ္ဍိုင်၏အခန်းက ဘာတွေလဲဆိုသည်ကို ခြေခြေမြစ်မြစ်သိရှိနေကြရန် လိုအပ်ပါကြောင်း၊ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်စေရဟူသည့် ဥပဒေ၏ ဆိုရိုးစကားနှင့်အညီ တည်ဆဲဥပဒေများကို အထူးလေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းများ မဖြစ်ရလေအောင် သတိပြုဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ။

နိုင်ငံတော် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် မဲဆန္ဒရှင်ပြည်သူလူထု၏ အကျိုးစီးပွားနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များတွင် အဓိကတာဝန်ရှိကြပါကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေမှ ပြည်သူလူထု၏အသံကို အမြဲနားစွင့်နေကြရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များ၊ ဆန္ဒသဘောထားများက ဘာလဲ၊ မိမိတို့အနေဖြင့် ပြည်သူလူထုကို ဘယ်လို ဖြည့်ဆည်းပေးနိုင်မည်လဲ စသည်ဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၏ တာဝန်၊ ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်ကြရန်နှင့် ပြည်သူကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်များဖြစ်ကြောင်းကို သက်သေပြကြရန် အလေးအနက် မှာကြားလိုပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူလူထုထံ ပြန်လည်ရောက်ရှိသည့် အချိန်တွင် ပြည်သူ့အသံနှင့် ပြည်သူတို့၏ တင်ပြချက်များကို အလေးအနက်ထားမှတ်သားနားထောင်ကြပါ၊ ပြည်သူနှင့် တစ်သားတည်း နေထိုင်ဆောင်ရွက်ကြပါ၊ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ကြပါ၊ ပြည်ထောင်စု၏ ထောက်ပံ့ငွေကျပ်သိန်းတစ်ထောင်ဖြင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြီးစီးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရာတွင်လည်း ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါ၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးကြပါ၊ ဆက်လက်ကျင်းပမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင်လည်း ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့ဟု ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၏ **နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်မြို့နယ်၊ မိုင်းပန်-နောင်လေ-မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က အဆိုပါမြေလမ်းအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျောက်ခင်းလမ်း ငါးမိုင်ကို ဆောင်ရွက်ရန် လျာထားပါရှိပါကြောင်းနှင့် ကျန်ရှိသည့် ၃၁ မိုင် ကျောက်ခင်းခြင်းအတွက် နှစ်အလိုက်အစီအမံဖြင့် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ရန်ပုံငွေခွင့်ပြုပါက ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

# မဲဆန္ဒရှင် ပြည်သူများက ဆောင်ရွက်ပေးစေလိုသည့် အကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်တွင် ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝ၊ ပြည်သူ့စကားများကို သိရှိအောင်လေ့လာကြရန်၊ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသခံ မဲဆန္ဒရှင်ပြည်သူများက ဆောင်ရွက်ပေးစေလိုသည့် အကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မှာကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၅ ရက်မြောက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းထွန်းအောင်၏ **"ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့တွင် တပ်ဆင်ထားသော MPT ဖုန်းများအား တပ်မတော်ပိုင် ဖိုက်ဘာဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်ပေးရန်နှင့် GSM ဖုန်းများအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးကောင်းမွန်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဖိုက်ဘာကေဘယ်ဆက်ကြောင်းအသစ်များ သွယ်တန်းခြင်း၊ GSM မိုဘိုင်းစခန်းအသစ်များ တည်ဆောက်ခြင်းနှင့် တယ်လီနော မြန်မာလီမိတက်နှင့်



ဦးကျော်မျိုး
ဒုတိယဝန်ကြီး

အူရီဒူး မြန်မာလီမိတက်တို့အနေဖြင့်လည်း တာဝါတိုင်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးဝေစိန်အောင်၏ **"ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ် အကြားရှိ ပါဒလိပ်(ကူးတို့)ကို စက်တပ်ရေယာဉ်ဖြင့် ကူးဖြတ်သည့် ကူးတို့အဖြစ် အစိုးရအနေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ် အကြားရှိ ပါဒလိပ်(ကူးတို့) ပြေးဆွဲမှုသည် လက်ရှိတွင် ရသေ့တောင် သာရေးနာရေးအသင်းမှ စက်လှေကြီးတစ်စင်းဖြင့် ခရီးသည်သီးသန့် ပြေးဆွဲလျက်ရှိရာ တစ်ဦး ငွေကျပ် ၃၀၀ နှုန်းဖြင့် တစ်ရက်လျှင် အခေါက်ရေ ၂၀ ခန့် ကောက်ခံပြေးဆွဲလျက်ရှိပါကြောင်း၊ စစ်တွေ (ပါဒလိပ်)ဆိပ်ကမ်းတွင် လှေကားပါ ကွန်ကရစ် ရေဆင်းတံတားရှိပြီး မုစဲကျွန်းဘက်ကမ်းရှိ စစ်ကိုင်းရွာ ဆိပ်ကမ်းအတွက် သာမန်ရေယာဉ်ဆိုက်ကပ်ရန် တံတားရှိပါကြောင်း။

လက်ရှိအခြေအနေအရ စက်တပ်(ဇက်) ရေယာဉ်များ ဆိုက်ကပ်မည်ဆိုပါက ပါဒလိပ် ဆိပ်ကမ်းအနေဖြင့် အခက်အခဲမရှိနိုင်သော်လည်း မုစဲကျွန်းဘက်ကမ်းရှိ တံတားမှာ စက်တပ်(ဇက်) ရေယာဉ်ဆိုက်ကပ်ရန် အခက်အခဲရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနတွင်လည်း စက်တပ်(ဇက်) ရေယာဉ် အမျိုးအစားမရှိပါသဖြင့် ပြေးဆွဲပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြေးဆွဲလိုသော ပုဂ္ဂလိက ဇက်ရေယာဉ်များရှိပါက ပြေးဆွဲခွင့်ကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမောင်ကျော်ဇံ၏ **"ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်ခွင့်နှင့် ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးထားသော ကုမ္ပဏီ ရှိ/မရှိ"** နှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို အရေးယူရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သစ်ထုတ်လုပ်ရန်နှင့် ဝယ်ယူနိုင်ရန် ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် အဖိုးတန်သစ်တော သယံဇာတများ တရားမဝင်ခိုးယူခြင်းများ မရှိစေရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးနှင့် ပြည်သူများ၏ အကူအညီရယူ၍ စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြင့် စုံစမ်းသိရှိသည့် နယ်မြေများတွင် တရားမဝင် သစ်ဖမ်းဆီးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဦးစိုင်းထွန်းအောင်
ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဖေတင်၏ **"မွန်ပြည်နယ် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးဘေးရှိ အမှတ်(၃) သတ္တုတွင်းဝန်ကြီးဌာနက ဖျက်သိမ်းပြီးဖြစ်သည့် မြေဖြူသန့်စင် စက်ရုံနေရာတွင် နောက်ထပ်လုပ်ငန်းအသစ် ထူထောင်လုပ်ကိုင်ရန် အစီအစဉ်ရှိ/မရှိ နှင့် မရှိပါက မူလသိမ်းဆည်းခံခဲ့ရသည့် ခြံပိုင်ရှင်မိသားစုသို့ မြေ သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မုဒုံမြို့နယ် ထုတ်လုပ်ရေးစခန်းမှ အသုံးပြုနေသော မြေနေရာသည် ဦးပန်းရွှေ၊ ဒေါ်ငွေဖြူတို့မှ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ ၁၉၆၂ ခုနှစ်တွင် ရော်ဘာပင်များ ခုတ်လှဲခွင့် လျှောက်ထားခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ခုတ်လှဲခွင့်ရရှိသော်လည်း သုံးနှစ်အတွင်း ရော်ဘာပင် ပြန်စိုက်ရန် ပျက်ကွက်ခဲ့၍ ၁၉၇၆ ခုနှစ်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက စည်းကမ်းပျက်မြေအဖြစ် သတ်မှတ်ကာ နိုင်ငံတော်အစိုးရမှ ပြန်လည်သိမ်းယူခဲ့သည့် မြေဖြစ်ပါကြောင်း။

အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအနေဖြင့် မွန်ပြည်နယ်တွင် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ထုံးကျောက်နှင့် ရွှံ့စေးဖြူထုတ်လုပ်ခြင်းလုပ်ငန်းများအား ကုမ္ပဏီငါးခုနှင့် အကျိုးတူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသောကုမ္ပဏီများအား အနီးကပ်ကြီးကြပ်ရန်နှင့် ကုမ္ပဏီများနှင့် ပြည်နယ်အစိုးရအကြား လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ရွှံ့စေးဖြူကြမ်းများထားရှိ သိုလှောင်ရန်အတွက်လည်းကောင်း၊ မုဒုံမြို့နယ်ထုတ်လုပ်ရေးစခန်းမြေနေရာအား အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ မွန်ပြည်နယ်ရုံးခွဲဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် စွန့်လွှတ်ရန်မရှိပါကြောင်းနှင့် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနမှ ၁၉၇၆ ခုနှစ်ကပင် စည်းကမ်းပျက်မြေအဖြစ် သိမ်းယူခဲ့သည့်မြေဖြစ်ခြင်း၊ ၁၉၈၅ ခုနှစ်တွင် အမည်ပေါက်လွှဲပြောင်းရရှိထားပြီးဖြစ်ခြင်း၊ နှစ် ၃၀ မြေငှားဂရမ် ရရှိထားပြီးဖြစ်ခြင်းတို့ကြောင့် နစ်နာကြေးပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်နှင့် ပယ်ဖျက်ချက်များအား လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **"ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက ကော်မရှင်ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များအား အနှစ်သာရပြည့်ဝစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တိကျရှင်းလင်းမှုရှိစေရန်အတွက် အကြံပြုဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ စုစုပေါင်း ၄၅ ရက် ကျင်းပခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း ၁၄၇ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၉၂ ခုမေးမြန်းခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို သုံးခုတင်သွင်းခဲ့ရာ အဆိုတစ်ခုကို အတည်ပြုခဲ့ပြီး အဆိုတစ်ခုကို မှတ်တမ်းတင်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စုစုပေါင်း ၁၄ ခုကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းများအနက် ဥပဒေကြမ်း လေးခုကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ရှစ်ခုကို ပေးပို့ထားပါကြောင်း၊ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် ဥပဒေကြမ်း တစ်ခုကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပါကြောင်း၊ ထို့ပြင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးရန် လက်ခံရရှိထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်မှ*

မိုင်းယောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၏ **မိုင်းယောင်း-မိုင်းယု ဒေသနေ ပြည်သူလူထုများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နမ့်လွေချောင်းကူးတံတား ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ တံတားချဉ်းကပ်လမ်း ပေ ၂၀၀ ၏ လက်ရှိမြေပြင်အခြေအနေမှာ မြေဖို့ခြင်းလုပ်ငန်းပြီးစီး၍ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယင်းလုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်သော အထူးဒေသ(၄) မိုင်းလားအဖွဲ့က ဆက်လက်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး တံတားဖွင့်ပွဲကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းများပြီးစီးပါက ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် **ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ မရှိ** မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းကူးတံတားတစ်စင်း တည်ဆောက်နိုင်ရန်အတွက် သင်္ဘောများ သွားလာနိုင်မည့် ချောင်းဖြစ်သောကြောင့် ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်တို့ကို လည်းကောင်း၊ တံတား၏ ချဉ်းကပ်လမ်း တည်ဆောက်နိုင်မည့်နေရာနှင့် တံတားပေါ်သို့ ဝင်ရောက်နိုင်မည့် ချဉ်းကပ်လမ်းအခြေအနေတို့ကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)ဘက်ကမ်းတို့တွင် တံတားကို ဆက်သွယ်လာမည့် အဓိကလမ်းမကြီးများကို ချိတ်ဆက်နိုင်မည့် လမ်းကွန်ရက်တို့ကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းလေ့လာပြီးသည့်အခါတွင် ဖြစ်နိုင်စွမ်းရှိသည့်နေရာကို ရွေးချယ်ပြီး ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ လေရှီး-ထမံသီ လမ်းနှင့် လေရှီး-ဆွမ္မရာလမ်းပေါ်ရှိ မိုင်ပေါင်း ၃၀ ခန့်အား လမ်းကြောင်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည့် လမ်းပိုင်းများအပါအဝင် ကျန်လိုအပ်သောလမ်းပိုင်းများကို Gradient နိမ့်ချရန်နှင့် လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လမ်းတိုင်းတာရေးအဖွဲ့များနှင့်အတူ ကိုယ်စားလှယ်တော်ကြီးများနှင့် ဒေသခံပြည်သူများ လိုက်ပါပြီး မြေပြင်တွင်သွားရောက်၍ ကွင်းဆင်းစစ်ဆေးတိုင်းတာ ဆောင်ရွက်စေပြီး လိုအပ်လျက်ရှိသည့် နေရာများကို ပြန်လည် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တံတား မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးထက်၏ **ကျောက်တံတားမြို့နယ်အတွင်းရှိ မိလ္လာကန်များနှင့် မိလ္လာရေပိုက်များ ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းဖြေကြားရာ၌ ကျောက်တံတားမြို့နယ်အတွင်းတွင် စုစုပေါင်း နောက်ဖေးလမ်းကြား ၄၇ ခု၊ မိလ္လာကန် ၂၁၉ ကန်၊ မိလ္လာလိုင်းပေအရှည် ၂၉၀၀၀ ခန့်ရှိရာ နှစ်စဉ်နှစ်တိုင်းအားဖြင့် လိုင်းရှင်းအနည်ဆယ်ခြင်းလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း ဆောင်ရွက်ပြီး လုပ်ငန်းများအနက်မှ ထပ်မံပျက်စီးမှုများရှိလာပါက ထပ်မံပြုပြင် ဆောင်ရွက်လျက်ရှိပြီး ကျောက်တံတားမြို့နယ်အတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို လိုအပ်သည့်နေရာများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ လူအားဖြင့် လိုင်းရှင်းအနယ်ဆယ်ခြင်းလုပ်ငန်းများအပြင် ဂျပန်နိုင်ငံ အိုဆာကာမှ လှူဒါန်းသော ခေတ်မီစက်များ၊ High Pressure Washing Machine ဖြင့် မိလ္လာပိုက် လိုင်းရှင်းလင်းခြင်း၊ Inspection Camera CCTV တို့ဖြင့် ပိုက်လိုင်းစစ်ဆေးခြင်းတို့ကိုလည်း အခါအားလျော်စွာ ပူးတွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်မြို့ Downtown ခြောက်မြို့နယ်အတွင်း ရေဆိုးသယ်ပိုက်များ (လမ်းမကြီးနှင့် နောက်ဖေးလမ်းကြားများ) အသစ်ဆောင်ရွက်နိုင်ရေးနှင့် ရေဆိုးသန့်စင်စက်ရုံတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ် လေ့လာဆန်းစစ်နိုင်ရန် ဂျပန်နိုင်ငံ ဆူမီတိုမိုကုမ္ပဏီဖြင့် MoU လက်မှတ်ရေးထိုးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

---

## စာပေဗိမာန်ကကြီးမှူး၍ ကလေးပုံပြောပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

စာပေဗိမာန်ကကြီးမှူး၍ အောက်တိုဘာ ၂၀၊ ၂၁ ရက်တို့တွင် ကလေးစာကြည့်တိုက်၌ ပုံပြောပြိုင်ပွဲကျင်းပမည်ဖြစ်ရာ စာပေဗိမာန်ကလေးစာကြည့်တိုက် အသင်းဝင်ကလေးများ (၉ နှစ်၊ ၁၀ နှစ်)သည် နှစ်သက်ရာ ပုံပြင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ပုံစံများကို အောက်တိုဘာ ၁၀ ရက်မှစ၍ ကလေးစာကြည့်တိုက်တွင် အခမဲ့ထုတ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း ၀၁-၃၈၁၄၄၇၊ ၀၉-၃၁၃၄၅၉၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. John Bercow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော် (J-ဆောင်) ပထမထပ် Talk Room တွင် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရှိ ကော်မတီခြောက်ခုမှ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ရှိ ကော်မတီခြောက်ခုမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# e-Government ဖွံ့ဖြိုးရေးဆိုင်ရာစိန်ခေါ်မှုများ၊ အကျိုးကျေးဇူးများ၊ လိုအပ်ချက်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၇**

e-Government Conference and ICT Exhibition ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပပြီးနောက် IT နှင့် e-Government ၏ စိန်ခေါ်မှုများ၊ အကျိုးကျေးဇူးများ၊ လိုအပ်ချက်များ၊ e-Government ဖြစ်ပေါ်လာစေရန် ပြည်တွင်း/ပြည်ပ ပညာရှင်များက Technical Papers စာတမ်းခုနစ်စောင်ဖတ်ကြားတင်ပြခြင်း၊ ဖိုရမ်ဆွေးနွေးခြင်းများကို ပြုလုပ်ကြသည်။

ဆွေးနွေးပွဲတွင် ဦးသောင်းစုငြိမ်းက Myanmar e-Government Outlook – Current Solution and Next Steps၊ ဦးအောင်စိုးမိုးက ICT for Citizen Participation၊ ဦးရဲရင့်ဝင်းက Standardization၊ ဒေါက်တာ ထွန်းသူရသက်က မြန်မာယူနီကုတ်စံ (Unicode and Language)၊ ဦးရဲကျော်သိန်းက Cyber Security၊ ဦးဇော်မင်းဦးက Institutional Reform and Reengineering ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြသည်။

Huawei ကုမ္ပဏီနှင့် တရုတ်(တိုင်ပေ)မှ ပညာရှင်များက ICT and e-Government ၏ ဆောင်ရွက်မှုများကြောင့် GDP တိုးတက်လာမှုများကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် Citizen Centric e-Government ဖိုရမ်ကို ဦးမင်းဦးက ဦးဆောင်ဆွေးနွေးပြီး ပညာရှင်များက သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ MCA၊ MCF၊ MCPA ကွန်ပျူတာအသင်းများမှ ပညာရှင်များက e-Government အတွက် ဝန်ထမ်းများအား အသိပညာပေးရေး၊ ခေါင်းဆောင်များ၏ကဏ္ဍ၊ ဥပဒေဆိုင်ရာများ၊ နည်းပညာသင်ကြားရေး၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများကို ဆွေးနွေးကြပြီး၊ ဌာနဆိုင်ရာများတွင် Chief Information Officer(CIO) များ ထားရှိခြင်း မရှိမှုနှင့် ပတ်သက်၍ Role of CIO ဖိုရမ်ကို ဒေါ်ချောခင်ခင်က ဦးဆောင်၍ ပညာရှင်ခြောက်ဦးက ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် တရုတ်(တိုင်ပေ) e-Government ဖွံ့ဖြိုးရေးအတွေ့အကြုံများကို မျှဝေဆွေးနွေးမည်ဖြစ်ပြီး Intelligent Transport System ၊ Smart Energy နှင့် Smart Public Security Management၊ OIT cloud for small and medium enterprises (SMEs) များအကြောင်းကို ဆက်လက်ဆွေးနွေးဟောပြောပွဲနှင့် ပိတ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။




ယခု ဖိုရမ်များ၏ ဟောပြောဆွေးနွေးမှုများကို ဌာနဆိုင်ရာများသို့ ဒီဗွီဒီခွေဖြင့် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**(MNA)

# မြန်မာနိုင်ငံ၏ လွှတ်တော်ကို ခိုင်မာထိရောက်သည့် အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရန် မိမိတို့နိုင်ငံအနေဖြင့် ဝိုင်းဝန်းကူညီသွားမည်

**သတင်း- နန္ဒာဝင်း၊ မြတ်စန္ဒီ**

**ဓာတ်ပုံ - ရဲထွဋ်**




**ရန်ကုန် အောက်တိုဘာ ၇**

လွှတ်တော်သည် နိုင်ငံတစ်နိုင်ငံ အောင်မြင်မှု၏ အဓိကသော့ချက်အဖြစ် ၎င်းအနေဖြင့် ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လွှတ်တော်ကို ခိုင်မာထိရောက်သည့် အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရန် မိမိတို့နိုင်ငံအနေဖြင့် ဝိုင်းဝန်းကူညီသွားမည် ဖြစ်ပါကြောင်း ဗြိတိန် အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow က ယနေ့ ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ပတ်ရွိုင်ရယ်ဟိုတယ်၌ ယနေ့ညနေပိုင်းက ကျင်းပသည့် လွှတ်တော်နှင့်ဒီမိုကရေစီ (Parliament and Democracy) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ ဥက္ကဋ္ဌနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အောင်မြင်၊ အလုပ်ဖြစ်ပါမှ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်မည် ဖြစ်ပါကြောင်း၊ အစိုးရ၏ မူဝါဒများကို အများပြည်သူအတွက် အချေအတင်ဆွေးနွေးနိုင်မည် ဖြစ်ပါကြောင်း၊ အစိုးရသည် ဆင်ခြင်တုံတရား ပြည့်ဝသည့် အစိုးရဖြစ်ပါက လွှတ်တော်၏ အခန်းကဏ္ဍကို ကြိုဆိုမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတော်အစိုးရကလည်း လွှတ်တော်၏ အခန်းကဏ္ဍကို ကြိုဆိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် ၎င်းတို့၏ ရှုမြင်ပုံများကို အစိုးရအနေဖြင့် စဉ်ဆက်မပြတ် သိရှိနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပညာရှင်၊ စီးပွားရေး၊ ဆရာဝန်စသဖြင့် ကျွမ်းကျင်မှုအမျိုးမျိုး၊ နောက်ခံအမျိုးမျိုးမှ လာကြသည့်အတွက် မှန်ကန်သည့် မူဝါဒ၊ ဥပဒေများ ချမှတ်နိုင်ရန် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာချိန်မှစ၍ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့်အခြေအနေများကို ၎င်းအနေဖြင့် ဆယ်စုနှစ် တစ်ခုကျော် စိတ်ပါဝင်စားစွာ စောင့်ကြည့်နေခဲ့ကြောင်း၊ ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစနစ်အားကောင်းစေရေး၊ ချမ်းသာကြွယ်ဝရေး၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်များရရှိနိုင်ရေး၊ ပိုမိုတောက်ပသည့် အနာဂတ်ကို ဖော်ဆောင်နိုင်ရေးအတွက်လည်း ကူညီပေးသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ပဋိပက္ခများ မရှိဘဲ ယခုကဲ့သို့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏စိတ်ဓာတ်ကို ၎င်းအနေဖြင့် ချီးကျူးဂုဏ်ယူပါကြောင်း၊ အလွန်ထူးခြားသည့် ဖြစ်ပေါ်ပြောင်းလဲမှုကိုဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ သို့သော် ယခုအချိန်သည် ဒီမိုကရေစီဖော်ဆောင်မှု၏ လမ်းကြောင်းအစသာဖြစ်သည့်အတွက် ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးမြှင့်တင်မှု၊ အဂတိလိုက်စားမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးစသည့် စိန်ခေါ်မှုများစွာ ကျန်ရှိနေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လွှတ်တော်မှ အစိုးရအဖွဲ့အား တာဝန်ခံစေခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်စေခြင်းများသည်လည်း စိန်ခေါ်မှုများပင်ဖြစ်ပါကြောင်း။

ပဋိပက္ခဖြစ်နေသည့် ပြည်နယ်များ၌ စစ်မှန်သောငြိမ်းချမ်းရေးရရှိရေး၊ သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး၊ မည်သည့် ဘာသာကို ကိုးကွယ်သည်ဖြစ်စေ နိုင်ငံသူ နိုင်ငံသားတိုင်း တန်းတူဂုဏ်သိက္ခာရှိစွာ ဆက်ဆံရေး၊ မည်သည့် နိုင်ငံ၊ မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို ပြည်တွင်းစစ်၊ လူမျိုးရေးဆိုင်ရာမတရားမှု၊ ဘာသာရေး ပဋိပက္ခများရှိနေပါက ဒီမိုကရေစီဖော်ဆောင်ရေး၌ တိုးတက်အောင်မြင်မှုရှိမည် မဟုတ်ကြောင်း၊ ဒီမိုကရေစီ၏ အခြေခံတန်ဖိုးများကို ပျက်ပြားစေမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်၏ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးကို ၎င်းအနေဖြင့် အောင်မြင်စေလိုပါကြောင်း ပြောကြားသည်။

ဗြိတိန်အောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow သည် ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံသို့ ပထမအကြိမ်လာရောက်ခဲ့ပြီး ယခုခရီးစဉ်သည် ဒုတိယအကြိမ်မြောက်ဖြစ်သည်။ ၎င်း၏ လေးရက်တာခရီးစဉ်အတွင်း နေပြည်တော်၊ တောင်ကြီးနှင့် ရန်ကုန်သို့ သွားရောက်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။

ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်ကစပြီး လွှတ်တော်သို့ နည်းပညာအကူအညီများပေးခဲ့ကြောင်း၊ ယခုနှစ် စက်တင်ဘာမှ စတင်ကာ (Westminster Foundation for Democracy) မှတစ်ဆင့် မြန်မာနိုင်ငံ၏ လွှတ်တော်ကို ပိုမိုခိုင်မာအားကောင်းရန်ငွေကြေးပံ့ပိုးခဲ့သလို မြန်မာလွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဘာသာရပ်ကျွမ်းကျင်မှု သင်တန်းများပေးခဲ့ကြောင်း အဆိုပါ ဟောပြောပွဲမှ သိရသည်။

*စာမျက်နှာ ၆ မှ*

မွေးမြူရေးလုပ်ကိုင်မှုအပေါ်မူတည်၍ ပြန့်ကျဲနေသည့် ကျေးလက်အိမ်ရာများကို စုစည်းပြီး သဘာဝအရင်းအမြစ်နေရာများကို ရှာဖွေရွေးချယ်ကာ မြို့ရွာ၊ ကျေးလက်ပေါင်းစည်းရေးစီမံကိန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

၎င်းနေရာများကို တာချန်းမြို့ နယ်နိမိတ်အတွင်းရှိ ခက်ဖြာနေသောမြို့ငယ်များအဖြစ် အကောင်အထည်ဖော်ခဲ့ရာ "ဘော့ဒတ်" စိုက်မွေးကျေးရွာသည် မြို့သစ်ပုံစံကဲ့သို့ ဖြစ်လာသည်။ ၎င်းစိုက်ပျိုးမွေးမြူရေးကျေးရွာရှိ နေအိမ်တစ်ခုကို လေ့လာခွင့်ရရှိရာ မိသားစုက နွေးထွေးပျူငှာစွာ ခရီးဦးကြိုပြုပြီး သံချည်၊ သံကွေး၊ သံပန်းတို့ဖြင့် ပြုလုပ်ထားသော ခေတ်မီ စပျစ်စင်၏အောက်၌ ဒေသထွက်သီးနှံများဖြင့် ဧည့်ခံသည်။ မိသားစုဝင် မူလတန်းကျောင်းသူလေးက ၎င်းနေအိမ်ရှိ အော်ဂင်တူရိယာဖြင့် လက်စွမ်းပြဖျော်ဖြေမှုနှင့် အတူ အင်္ဂလိပ်လို နှုတ်ဆက်ပြောဆိုမှုကလည်း မြို့ရွာ-ကျေးလက်ပေါင်းစည်းရေးစီမံကိန်း၏ ရလဒ်တစ်ခုဟု နားလည်လိုက်သည်။

**တ့တာယဉ်ကျေးမှု**

ဆက်လက်ပြီး တာချန်းမြို့ရှိ ယိမန်ဆုတ့တာ တိုင်းရင်းသားရိုးရာဥယျာဉ်သို့ သွားရောက်ခဲ့ကြသည်။ ယင်းတွင် ချဂန်တူနာဆိုသည့် အမျိုးသမီးကြီးတစ်ဦးက တ့တာရိုးရာယဉ်ကျေးမှုအမွေအနှစ် ထွန်းကားပြန့်ပွားစေရန်နှင့် လယ်ယာထယ်ထိုးပွဲတော်ကြီးတစ်ခု ဦးဆောင်ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တ့တာအနုပညာရှင်များထံမှ ရိုးရာမုန့်ပြုလုပ်နည်းတစ်ခုကို သင်ယူလာခဲ့ပြီး မိသားစုပိုင်မုန့်လုပ်ငန်းတစ်ခုအဖြစ် ထုတ်လုပ်ရောင်းချရာမှ ထင်ရှားလာခဲ့ခြင်းဖြစ်သည်။

ယင်းဥယျာဉ်အတွင်းရှိ နေအိမ်၌ တ့တာရိုးရာယဉ်ကျေးမှုများကို လေ့လာခွင့်ရခဲ့ပြီး တည်ခင်းဧည့်ခံသော ရိုးရာမုန့်များကို မြည်းစမ်းခွင့်ရခဲ့သည်။ ၎င်းတွင် ရစ်ဘီးလုံးဖြင့် ရေငင်ရသည့် ရေတွင်းငယ်တစ်ခု ထိန်းသိမ်းထားမှုနှင့် လက်သမား၊ အလုပ်သမား လက်သုံးကိရိယာများကို စတိုခန်းတစ်ခု၌ စနစ်တကျထားရှိမှုကလည်း ပြကွက်တစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း ဗဟုသုတရလိုက်သည်။

**အိမင်ကောင်တီ**

တာချန်းစီရင်စုနယ်မြေ၏ ဗဟိုချက်မတွင် တည်ရှိသည့် အိမင်ကောင်တီ (ခေါ်) ခရိုင်ငယ်သည် ဧရိယာ ၉၅၃၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး ဟန်၊ ကာဇက်လူမျိုးများအပါအဝင် တိုင်းရင်းသား ၂၅ မျိုး၊ လူဦးရေ ၂၂၀၀၀၀ ခန့် နေထိုင်လျက်ရှိကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော မြေဧရိယာဟက်တာ ၁၂၀၀၀၀ ရှိပြီး သဘာဝမြက်ခင်းပြင် ဟက်တာခုနစ်သိန်းခန့်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ ပြောင်း၊ ဂျုံနှင့် မုန်လာဥနီတို့ကို အဓိကစိုက်ပျိုးကြပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ခေတ်မီ စိုက်ပျိုး၊ မွေးမြူရေးပုံစံဖြင့် ပြောင်းလဲဆောင်ရွက်နေကြပြီဖြစ်သည်။

ယင်းမြို့တွင် ပြတိုက်တစ်ခုကို ၂၀၀၈ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ် မေ ၁၈ ရက်မှစတင်၍ အခမဲ့ဖွင့်လှစ်ထားရှိသည်။ ၎င်းပြတိုက်တွင် ပြခန်းငါးခုပါဝင်ပြီး ယဉ်ကျေးမှုအမွေအနှစ်အမျိုးအမည် ပစ္စည်းပေါင်း ၄၁၉ ခုကို ခင်းကျင်းပြသထားရှိကာ ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြင့် ထုံမွမ်းဖော်ဆောင်နိုင်မှုကြောင့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်လာခဲ့သည်။ ယင်းတွင် ပြသထားသည့် သံကွင်းလေးများဖြင့် ချိတ်ဆက်ထားသော တိုက်ပွဲဝင်အင်္ကျီကို မြင်တွေ့ရချိန်၌ မြန်မာသမိုင်း သင်ခန်းစာတွင် စီးချင်းထိုးခဲ့သည့် တရုတ်စစ်သူကြီး၏ သံချပ်ကာဝတ်စုံကို ပြန်လည်သတိရမိပြီး နှိုင်းယှဉ်လေ့လာခဲ့သည်။

**ရိုးရာလက်မှုပညာအားပေးရာ အိမင်ဈေး**

ထို့နောက် အိမင်မြို့ရှိ ဇာထိုး၊ ပန်းထိုးလုပ်ငန်းများဖြင့် ကျော်ကြားသည့် "ကို့လုစ်တိုင်" ယင်းဈေးကြီးကို သွားရောက်ခဲ့ကြသည်။ ၎င်းဈေးကြီးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆိုင်ခန်းပေါင်း ၄၅ ခန်းပါဝင်ကာ ကာဇက်၊ ဟွာ၊ မွန်ဂို တိုင်းရင်းသားပေါင်းစုံ ဝန်ထမ်းအင်အား ၁၅၀ တို့ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။ ယင်းတွင် ဇာထိုး၊ ပန်းထိုးလုပ်ငန်းကို ကွန်ပျူတာစက်ကြီး သုံးလုံးနှင့် ပန်းထိုးစက် ၁၀၀ ကျော်တို့ဖြင့် လုပ်ကိုင်လျက်ရှိရာ ဒေသခံတိုင်းရင်းသားလူမျိုးတို့၏ ဇာထိုး၊ ပန်းထိုး ပညာရပ်များကို စွန့်ဦးတီထွင်နိုင်ရန်နှင့် နည်းပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ထောက်ပံ့ပေးသည့် နေရာတစ်ခုဖြစ်လာခဲ့သည်။ ထို့ပြင် ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ကုန်စည်စီးဆင်းမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ခေတ်မီစီမံခန့်ခွဲမှုတို့ဖြင့်လည်း ပေါင်းစပ်အားဖြည့်ပေးလျက်ရှိကြောင်း သိရသည်။

ထိုနေ့ညပိုင်းတွင် အိမင်ကောင်တီမှ တာဝန်ရှိသူများက ပန်းခြံအတွင်းရှိ စားသောက်ခန်းမ၌ ရိုးရာအဆိုအကတို့ဖြင့် ဖျော်ဖြေဧည့်ခံသည်။ ယင်းပန်းခြံအတွင်း၌ ရှေးခေတ်စစ်သည်တော်များ ရှေ့တန်းစစ်မြေပြင်၌ စခန်းချသည့် ယာယီတဲပုံစံအဆောင်များစွာဖြင့် သီးခြားစီပြုလုပ်၍ စားသောက်ဆိုင်များ ဖွင့်လှစ်ထားရှိမှုမှာ ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေကြောင်း သတိပြုမိလိုက်သည်။

ထို့နောက် တာချန်းမြို့မှ လေကြောင်းခရီးဖြင့် အုရုံမှုချီမြို့တော်သို့ ပြန်လည်ထွက်ခွာခဲ့စဉ် တာချန်းဒေသ၏ သဘာဝအလှတရားများနှင့် ဒေသခံတို့၏ ရိုးသားပွင့်လင်းမှု၊ ဖော်ရွေရင်းနှီးမှုတို့က သတိတရဖြစ်စေသကဲ့သို့ အသင့်ယူဆောင်လာသော မြန်မာ့ရိုးရာလက်ဆောင်တို့ကို တုံ့ပြန်ပေးအပ်စဉ် အိမ်ရှင်တို့၏ ဝမ်းသာပီတိ ဖြစ်နေမှုကိုလည်း ပြန်လည်အမှတ်ရလိုက်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အလက်ပိုကို အညံ့ခံပါက သူပုန်များကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု သမ္မတအာဆတ် ကတိပေး



**ဂျနီဗာ အောက်တိုဘာ ၇**

အလက်ပို၌ တပ်စွဲထားသည့်သူပုန်များ အနေဖြင့် လက်နက်ချအညံ့ခံမည်ဆိုပါက ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ ထွက်ခွာသွားခွင့်ပေးမည် ဖြစ်ကြောင်း သမ္မတဘတ်ရှာ အယ်လ်အာဆတ်ကကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ဆီးရီးယားမြို့တော် အလက်ပိုကို ကျူးကျော်တိုက်ခိုက်လာမှုကို နှိမ်နင်းလိုပြီး နိုင်ငံကို အပြည့်အဝပြန်လည် ထိန်းချုပ်နိုင်ရေးကို သမ္မတက အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်။

ငါးနှစ်ကျော်ကြာအောင် ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်အတွင်း အလက်ပိုရှိ သူပုန်တို့ထိန်းချုပ်ထားသည့် အရှေ့ပိုင်း နယ်မြေအတွင်းပိတ်မိနေသည့် ပြည်သူ ရာပေါင်းများစွာတို့သေဆုံးခဲ့ကာ အမေရိကန်က ကူညီထောက်ပံ့ပေးနေသည့် ငြိမ်းချမ်းရေးကြိုးပမ်းမှု ပျက်ပြယ်သွားပြီး နှစ်ပတ်အကြာတွင် သမ္မတ အာဆတ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မကြာသေးမီလများအတွင်း ဒါရာယာရှိ သူပုန်ထိန်းချုပ်ဒေသတွင်လည်း အစိုးရ၏ အလားတူလွတ်ငြိမ်းခွင့်ပေးရန် ကမ်းလှမ်းမှုကို တိုက်ခိုက်ရေးသမားများက လက်ခံခဲ့သည်။

သို့သော်လည်း သူပုန်များက အဆိုပါကမ်းလှမ်းမှုကို လိမ်လည်လှည့်ဖြားမှုတစ်ခုဟု ပြောဆိုနေကြောင်း သိရသည်။

**(ရိုက်တာ)**



# ၂၀၁၆ ငြိမ်းချမ်းရေးနိုဘယ်ဆု ကိုလံဘီယာသမ္မတ ဆန်တို့စ်ရရှိ

**အော်စလို အောက်တိုဘာ ၇**

၂၀၁၆ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ကို နော်ဝေနိုင်ငံမြို့တော် အော်စလိုတွင် ထုတ်ဖော်ကြေညာခဲ့ရာ နှစ်ပေါင်း ၅၀ ကြာ ပြည်တွင်းစစ်ကိုအဆုံးသတ်နိုင်ခဲ့သည့် လေးစားစရာကောင်းသော ကြိုးစားမှုများအတွက် ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ် ဆွတ်ခူးရရှိခဲ့သည်။ ဂုဏ်အင်္ဂါကြီးမြတ်သည့်အဆိုပါဆုရှင်ကို ချီးမြှင့်ရန်ဆန်ခါတင် ဆုရှင် ၃၇၆ ဦးကိုရွေးချယ်ထားသည်။ ၎င်းတို့ထဲတွင် ၂၂၈ ဦးမှာ တစ်ဦးချင်းအတွက် ရွေးချယ်ထားပြီး ၁၄၈ ဦးမှာ အသင်းအဖွဲ့အနေဖြင့် ဆန်ခါတင်ရွေးချယ်ထားသည်။

ဆန်ခါတင်ရွေးချယ်ထားသူများမှာမည်သူ မည်ဝါဖြစ်ကြောင်းကို ထိပ်တန်းလျှို့ဝှက်ချက်အနေဖြင့် ထိန်းသိမ်းထားဆဲဖြစ်သည်။ ထိုသို့ထိန်းသိမ်းထားသည့်ကြားမှပင် Syria's White Helmets စေတနာ့ရှင်အဖွဲ့ အပါအဝင် အီရန်နျူကလီးယားသဘောတူစာချုပ်ကို ညှိနှိုင်းဆွေးနွေးခဲ့သူများမှာ တစ်ပြေးနေသူများအဖြစ် ကနဦးတွင် သတင်းထွက်ပေါ်လျက်ရှိသည်။

**(ဘီဘီစီ)**

# ဟေတီ၌ မက်သရူးဟာရီကိန်းမုန်တိုင်းကြောင့် သေဆုံးသူအရေအတွက် ရာကျော်မြင့်တက်

**ဟေတီ အောက်တိုဘာ ၇**

ဆယ်စုနှစ်တစ်ခုအတွင်း အင်အားအပြင်းဆုံး မက်သရူး ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှုကြောင့် ဟေတီ၌ သေဆုံးသူအရေအတွက်မှာ ၃၀၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ရိုချီအဘာတီယူ တစ်မြို့တည်း၌ပင် သေဆုံးသူ ဦးရေ ၅၀ အထိရှိခဲ့သည်။ အနီးဝန်းကျင်ရှိ မြို့တော် ဂျရမီတွင် အဆောက်အအုံများ၏ ၈၀ ရာခိုင်နှုန်းမှာ ပြိုလဲခဲ့သည်။ ဆပ်ဒ်ပြည်နယ်ရှိ နေအိမ်သုံးသောင်းကျော်မှာလည်း ပြိုလဲပျက်စီးခဲ့သည်။

ယခုအခါ ဟာရီကိန်းမုန်တိုင်းသည် ဒုတိယမြောက် အင်အားအပြင်းဆုံး ဟာရီကိန်းအမျိုးအစားအဖြစ်သို့ ပြန်လည်အင်အားကောင်းလာခဲ့ပြီး အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ဦးတည်လျက်ရှိကြောင်း သိရသည်။ ကြာသပတေးနေ့ ဒေသစံတော်ချိန် ည ၁၁ နာရီအထိ ဟာရီကိန်းမုန်တိုင်းသည် အရှေ့ဘက် West Palm ကမ်းခြေ မှ ၃၇ မိုင် (ကီလိုမီတာ ၆၀) အကွာခန့်ကို ဗဟိုပြုလျက် ဖလော်ရီဒါကမ်းခြေသို့ ဆုတ်ခွာခဲ့ကာ အနောက်မြောက်ဘက်သို့ ၁နာရီ ကီလိုမီတာ ၂၀နှုန်းဖြင့် ရွေ့လျားလျက်ရှိကြောင်း အမျိုးသား ဟာရီကိန်းမုန်တိုင်း ကာကွယ်ရေးဗဟိုဌာနက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**



# မာဒူရို၏အုပ်ချုပ်မှု အဆုံးသတ်ရမည်ဟု ပြောကြား

**ကရာကက်စ် အောက်တိုဘာ ၇**

ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဟန်းရစ်ကက်ပရိုင်းလ်က သမ္မတနီကိုးလပ်စ်မာဒူရိုကို ပြုတ်ကျအောင် ဖိအားပေးလုပ်ဆောင်နိုင်လိမ့်မည်ဟု ၎င်းအနေဖြင့် ယုံကြည်မှုရှိကြောင်း ပြောကြားခဲ့သည်။ နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် ပြောင်းလဲမှုကို လိုလားနေပြီး ၎င်းအနေဖြင့် ပြည်သူလေးသန်းတို့၏ လက်မှတ်များကို စုစည်း နိုင်မည်ဖြစ်ကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ပြန်လည်ဆင့်ခေါ်နိုင်မည်ဖြစ်ကြောင်း ဘီဘီစီသို့ ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# အမေရိကန်စစ်ဘက်ဆိုင်ရာ အကူအညီမပါဘဲ ဖိလစ်ပိုင်ရပ်တည်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးပြောကြား

**မနီလာ အောက်တိုဘာ ၇**

ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဒယ်ဖင်လော်ရန်ဇနာက ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အမေရိကန်စစ်ဘက်ဆိုင်ရာ အကူအညီမယူဘဲ ရပ်တည်နိုင်ကြောင်း အောက်တိုဘာ ၇ရက်ကပြောခဲ့သည်။

နိုင်ငံခြားသတင်းထောက်ညီလာခံ၌ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးအနေဖြင့်ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်နှင့် ဖိလစ်ပိုင်ဆက်ဆံရေးကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

"အခုဖိလစ်ပိုင်လွှတ်တော်က လိုအပ်သော စက်ဘက်ဆိုင်ရာ ပစ္စည်းများဝယ်ယူနိုင်ရေးအတွက် ဘဏ္ဍာငွေအသုံးစရိတ်ကို ခွင့်ပြုနေပြီဖြစ်ကြောင်း"ပြောကြားခဲ့သည်။ ထို့အပြင် "တခြားအကူအညီမရပါက လွှတ်တော်က ဒီထက်ပိုပြီး ဘဏ္ဍာငွေအသုံးစရိတ်များပိုမိုချပေးနိုင်သည်" ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ထို့အပြင် သမ္မတ ရိုဒရီကို ဒူတက်တေးမကြာသေးမီကပြောကြားခဲ့သည့်အမေရိကန်နှင့် ဖိလစ်ပိုင်ဆက်ဆံရေး တစ်ခန်းရပ်ရန်နှင့်ပတ်သက်ပြီး သဘောတူကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နှင့် အမေရိကန်တို့သည် တွန်းတွန်းတိုက်တိုက်အနေအထားဖြစ်နေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

"ဒီအချိန်မှာကျွန်တော်တို့ဘက်ကလည်း ခွင့်လွှတ်ဖို့လိုသလို၊ သူတို့ဘက်ကလည်း ခွင့်လွှတ်ဖို့လိုကြောင်း၊ တင်းမာနေသည့် ဆက်ဆံရေးအား အပြန်အလှန်ခွင့်လွှတ်ဖို့လိုကြောင်း သို့မဟုတ် ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း" ကာကွယ်ရေးဝန်ကြီးကပြောခဲ့သည်။

ထို့အပြင် ဖိလစ်ပိုင်နှင့် အမေရိကန်တို့ သဘောတူခဲ့သည့် ၂၀၁၄ ခုနှစ် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကိုလည်း ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်းပြောခဲ့သည်။

အမေရိကန်နှင့် ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများသည် ယခုလနှောင်းပိုင်းတွင် စစ်ရေးဆိုင်ရာ ဆက်ဆံမှုပြဿနာများကို ဖြေရှင်းရန် တွေ့ဆုံမည်ဖြစ်ကြောင်းသိရသည်။ ယင်းအစည်းအဝေးတွင် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



# မြောက်ကိုရီးယား၏ နျူကလီးယားလှုပ်ရှားမှုနှင့်ပတ်သက်ပြီး ဂျပန်နှင့် တောင်ကိုရီးယား စိုးရိမ်မကင်းဖြစ်

**ဆိုးလ် အောက်တိုဘာ ၇**

ဂျပန်နှင့် တောင်ကိုရီးယားအစိုးရတို့သည် တနင်္လာနေ့တွင်ကျရောက်မည့် အာဏာရအလုပ်သမားပါတီတည်ထောင်မှု အထိမ်းအမှတ်အဖြစ် မြောက်ကိုရီးယား၏ နောက်ထပ်နျူကလီးယားလှုပ်ရှားမှုနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်လာကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားသည် နျူကလီးယားနည်းပညာဆန်းသစ်မှုများဖြင့် ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများလုပ်ဆောင်နေကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီက အောက်တိုဘာ ၇ရက်သတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။ မြောက်ကိုရီးယားက နိုင်ငံ၏ဂုဏ်သိက္ခာအတွက် နျူကလီးယားလှုပ်ရှားမှုများကို ပိုမိုလုပ်ဆောင်နိုင်ချေရှိကြောင်း၊ ထို့အပြင် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကိုလည်း ဆန့်ကျင်နေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏နျူကလီးယားနည်းပညာမှာ တိုးတက်လာကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အထူးသတိထားရန်လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ မြောက်ကိုရီးယားအနေဖြင့် နောက်ထပ်နျူကလီးယားစမ်းသပ်မှုများကို အချိန်မရွေးပြုလုပ်နိုင်သည့်အတွက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**(အင်န်အိတ်ချ်ကေ)**

# သမိုင်းအမွေအဖြစ် ကျန်ရစ်တော့မည့် ဘိုးရင်း ၇၄၇

**တင်လင်းအောင်**

**ဘိုးရင်း ၇၄၇ ၏ ဖခင်ဂျိုးဆူတာသည် မီးစာကုန်ဆီခန်းအရွယ် အသက် ၉၅ နှစ်အရွယ်တွင် သူ၏ချစ်လှစွာသော တီထွင်မှုများကိုစွန့်လွှတ်၍ လောကကြီးအားနှုတ်ဆက်သွားခဲ့လေပြီ။ "The Incredibles" ဟုခေါ်သောသူ၏အဖွဲ့သည် လေကြောင်းလောကတွင် ထူးခြားကြီးကျယ်စွာ နာမည်ဂုဏ်သတင်းကြီးမားခဲ့သလို သူ့အဖွဲ့၏တီထွင်မှုများသည်လည်း ယနေ့အထိ အာကာတစ်ခွင်လွှမ်းမိုးခဲ့သည်။**


သမိုင်းအမွေအဖြစ်ကျန်ရစ်တော့မည့် ဘိုးရင်း ၇၄၇ လေယာဉ်ကိုတွေ့ရစဉ်

ထိုကဲ့သို့ တစ်ခေတ်တစ်ခါက ဆန်းသစ်ခဲ့သောနည်းပညာနှင့် ဒီဇိုင်းများဖြင့်ဖန်တီးခဲ့သော ဘိုးရင်း ၇၄၇ သည် ဒီဘက် ၂၁ ရာစုခေတ်တွင် စီးပွားရေးဈေးကွက်မှ ပျောက်ကွယ်တော့မည်ဖြစ်သည်။ ပျောက်ကွယ်တော့မည့် အကြောင်းများထဲမှ တစ်ချက်မှာ ၁၉၆၀ ပြည့်နှစ်ဝန်းကျင် ဒီဇိုင်းကို ၂၁ ရာစုဈေးနှင့် ရောင်းချနေသည်ဆိုကာ ဘိုးရင်း ၇၄၇ နှင့်ပတ်သက်ပြီး ပြောဆိုနေကြသောကြောင့် ဖြစ်သည်။

ယခင်က စွန့်ဦးတီထွင်မှုဖြင့် ကမ္ဘာကြီး၏ပုံသဏ္ဌာန်အားပြောင်းလဲခဲ့သော ဘိုးရင်း ၇၄၇ လေယာဉ်သည် ယခုအခါတွင် သမိုင်း၏အမှားတစ်ခုဖြစ်နေပြီဖြစ်သည်။ လေကြောင်းလိုင်းများသည် လေယာဉ်ဘိုးအေ ဘိုးရင်း ၇၄၇ စီးရီးများကို နောက်ထပ်ပျံသန်းမှုများထပ်မံပြုလုပ်တော့မည်မဟုတ်ပေ။ ဘိုးရင်းကို အသက်သွင်း ရန်ကြိုးစားမှုသည် ယခုအခါ လက်ရှိလေယာဉ်ဈေးကွက်ကို ထိုးဖောက်ရန်မစွမ်းသာတော့ပေ။ နောက်ဆုံးထုတ် ဘိုးရင်း ၇၄၇-၈ ပုံစံ (Model) သည် ကြီးမားသော နည်းပညာချွတ်ယွင်းမှုများရှိနေပြီး မဆိုစလောက်သာ ရောင်းချခဲ့ရသည်။

ဘိုးရင်း ၇၄၇ ၏ လေယာဉ်တောင်ပံများသည် ရိုက်ညီနောင်၏ ပထမဆုံး တီထွင်ခဲ့သော လေယာဉ်အလျားထက် နှစ်ဆပိုရှည်သော်လည်း ယင်း၏ တည်ဆောက်မှုပုံစံများမှာ အံ့ဩဘနန်းဖြစ်စေသည်။ လေယာဉ်အမြီးပိုင်းရှိ အဆင်းအတက်ထိန်း ယက်ပြားသည် ဘိုးရင်း ၇၃၇တောင်ပံ တစ်ခုလုံးထက် ပိုမိုကြီးမားသည်။ ဘိုးရင်း ၇၄၇- ၄၀၀ စီးရီးလေယာဉ်၏ ပင်လယ်ပြင်ထက်အမြင့်မည်မျှတွင်ရှိသည်ကိုပြသော ရေဒီယိုအမြင့်ပြကိရိယာသည် ပိုပြီးတိကျလာသည်။ ဘိုးရင်း ၇၄၇-၈ စီးရီးလေယာဉ်၏ အလေးချိန်သည် ပေါင်တစ်သန်းခန့်ရှိသည်။ ဘိုးရင်း ၇၄၇ ကို တပ်ဆင်ထုတ်လုပ်သည့် ဝါရှင်တန်ရှိ အဲဗာရက်အဆောက်အအုံသည် ထုထည်အားဖြင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆောက်အအုံဟု ဆိုရမည်ဖြစ်သည်။ သို့သော်လည်း ယခုအခါတွင် ဘိုးရင်း ၇၄၇ လေယာဉ်သည်ရှေးဟောင်း ပစ္စည်းတစ်ခုဟု ဆိုရတော့မည်ဖြစ်သည်။

ယခုခေတ်လူများသည် ဘိုးရင်း ၇၄၇ လေယာဉ်၏ ကွန်ပျူတာ အီလက်ထရွန်နစ် လုပ်ငန်းစဉ်တစ်ခု၌ ကိန်းဂဏန်းများကို ရုပ်ဝတ္ထုအတိုင်းအတာနှင့် ဖော်ပြသောစနစ် (Analogue) ကို တွေ့မြင်ရလျှင် အံ့ဩသွားကြမည်ဖြစ်သည်။ ထို့အပြင် ဘိုးရင်းလေယာဉ် တစ်ခုလုံးကို ရှေးဟောင်းစက်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုများဖြင့် ထိန်းချုပ်ထားသည်။ ဘိုးရင်း ၇၄၇ကိုမောင်းသော လေယာဉ်မှူးတစ်ဦးက အရည်ဖိအား ဆိုင်ရာ နည်းပညာ (Hydraulics) ချွတ်ယွင်းသွားခဲ့ပါက စက်တပ်ယာဉ်တို့တွင် ခလုတ်ဒိုင်ခွက်များပါသော ဘောင်ကွက်ရှိ ထိန်းချုပ်ကိရိယာအား ခြေထောက်ဖြင့် ဖိနင်းထားလိုက်လျှင် ကောင်းကင်သို့ပြန်လည်ထိုးတက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကို တခြားအဲဘတ်စ်လေယာဉ်အမျိုးအစားများတွင် လုပ်၍မရကြောင်း ပြောသည်။

ဘိုးရင်း ၇၄၇ အား အတိတ်တွင်ထားခဲ့လို့ရသည်ဟု ပြောရမည့်နောက်ထပ်အချက်တစ်ချက်မှာ ၁၉၆၀ ပြည့်နှစ်လောက်ကထုတ်လုပ်ခဲ့သည့် ယင်း၏ နည်းပညာဖြစ်သည်။ ထုတ်လုပ်ခဲ့သည့် ကုန်ကျစရိတ်မှာ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ငါးသန်းနီးပါးကုန်ကျခဲ့သည်ဟုဆိုသည်။ ပထမဆုံးဘိုးရင်း ၇၄၇ လေယာဉ်ခရီးသည်များသည် လေယာဉ်တွင် အသုံးပြုထားသော (Pratt & Whitney) အင်ဂျင်များကြောင့် ယင်းအပေါ်ယုံကြည်မှုလျော့ပါးလာခြင်းဖြစ်သည်။

ဘိုးရင်း ၇၄၇ ၏ စိတ်ကူးစိတ်သန်းယူဆချက်များကို ဂျက်လေယာဉ်များကို ဦးစားပေးသော လေကြောင်းလိုင်းဖြစ်သည့် ပန်အမေရိကန် စီအီးအိုဂျွန်အန်ထရစ်က အစပြုခဲ့ပြီး ယင်းတာဝန်များကို အပြီးသတ်လုပ်ဆောင်ရန် အင်ဂျင်နီယာ ဂျိုးဆူတာအား ၁၉၆၅ ခုနှစ်တွင် လုပ်ငန်းတာဝန် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် ပန်အန်က ဘိုးရင်း ၇၄၇-၁၀၀ စီးရီး အစင်း ၂၅ စင်းကို မှာယူလိုက်သည်။ ဘိုးရင်း ၇၀၇ အား ဆန်းသစ်ပြီး တီထွင်ထုတ်လုပ်လိုက်သော လေယာဉ်သစ်များသည် ငြိမ်းချမ်းရေးနှင့် လူသားသိက္ခာအတွက် ရေမိုင် ၃၅၀၀ ကျော်ထိ ပစ်ခတ်နိုင်သော အသံထက်မြန်သည့် ဒုံးကျည်များနှင့် ယှဉ်ပြိုင်နိုင်ရေးတို့အတွက် ကြီးမားသည့် လက်နက်တစ်ခုတစ်ဖွယ် အသုံးဝင်လာနိုင်ကြောင်း ထရစ်ကပြောကြားခဲ့သည်။ ထို့နောက်ပြစ်ချက်များကို အသေးစိတ်လေ့လာမှုပြုပြီး ၂၈ လကြာပြီးနောက် ဂျိုးဆူတာအဖွဲ့သည် ဘိုးရင်း ၇၄၇ အား ဒီဇိုင်းရေးဆွဲထုတ်လုပ်နိုင်ခဲ့သည်။

ဘိုးရင်း ၇၄၇ လေယာဉ်သည် လေယာဉ်တည်ဆောက်မှုနည်းပညာတွင် ပြောင်းလဲမှုဖြစ်စေခဲ့သည်။ ဘိုးရင်း ၇၄၇ လေယာဉ်၏ လေယာဉ်ဦးခန်းသည် ဘိုးရင်း ၇၃၇ ထက်စာလျှင် မြေပြင်မှ သုံးဆမြင့်မားသည်။ ဘိုးရင်း ၇၄၇ ၏ တရားဝင် လေယာဉ်ပြေးဆွဲမှုကို ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီ ၂၂ ရက်တွင်စတင်ခဲ့သည်။ ပြေးဆွဲမှုမှာ နယူးယောက်မှ လန်ဒန်အထိဖြစ်သော်လည်း အင်ဂျင်အပူလွန်ကဲမှုကြောင့် ခြောက်နာရီကြာခဲ့ကြောင်း သိရသည်။ နောက်ထပ်လူသိနည်းသော ပြဿနာများလည်း ရှိ


ဘိုးရင်း ၇၄၇ ၏ ဖခင်ဂျိုးဆူတာ

သေးသည်။ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့လျှင်ကယ်တင်လို့ရမည့်ဦးရေမှာ နည်းပါးလှသည်။ အဘယ်ကြောင့်ဆိုသော် ကြီးမားသောကိုယ်ထည်နှင့် တည်ဆောက်ပုံတို့ကြောင့် ဖြစ်သည်။ ခရီးသည်များကတော့ ဘိုးရင်း ၇၄၇ လေယာဉ်အား သဘောကျကြပါသည်။

ခရီးသည်များမှာ အခန်းတစ်ခုတွင် စိတ်ချလက်ချ လိုက်ပါစီးနင်းသင့်ကြောင်း၊ ဝါးကျည်တောက်ကဲ့သို့ ရှည်မြောမြော အချောင်းထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ် ရှိမနေသင့်ကြောင်း မီလ်တန်ဟိန်းမန်းက ပထမဆုံးပြောကြားပြီးနောက် လေယာဉ်အခန်းနှင့်ပတ်သက်ပြီး ဖရန့်ဒယ်ဂီယူဒိုက် ကတစ်ဖန် ဆန်းသစ်ခဲ့ပြန်သည်။ အစတွင် ၎င်းအနေဖြင့် ဘယ်လိုလုပ်ရမည် ကိုမသိသော်လည်း နောက်ပိုင်း ဘိုးရင်း ၇၄၇ တွင် တွေ့ရသည့် အခန်းပုံစံများ အားလုံး ၎င်း၏လက်ရာများပင်ဖြစ်သည်။ ယင်းပုံစံမှာ ဘယ်တော့မှ ရိုးမသွားနိုင်လောက်သည့် ရင်းနှီးကျွမ်းဝင်စေမည့် အခန်းတွင် အလှဆင်မှုများပင်ဖြစ်သည်။

လေယာဉ်မှူးများသည်လည်း ဘိုးရင်း၇၄၇၏ (Turbofan) များ၊ တုန်ခါမှုအကြီးကြီးဖြစ်ပေါ်လျှင်ပင် တကယ့်မဆိုစလောက်သာ ခံစားလိုက်ရပုံများကို ဘဝင်ကျကြသည်။ ဘိုးရင်း ၇၄၇ ၏ ရှေ့ပိုင်းသည် ဝေဟင်တွင် ငြိမ်သက်နေကြောင်း ဂျိုးဆူတာကပြောသည်။

ဘိုးရင်း ၇၄၇ လေယာဉ်သည် အမေရိကန်ပြည်ထောင်စုအတွက် အကောင်းဆုံးနှင့် ဂုဏ်ယူစရာ အကောင်းဆုံးတစ်ခုဖြစ်ခဲ့သည်။

သို့သော် ယနေ့ခေတ်တွင် အသံထက်မြန်သော အင်္ဂလိပ်-ပြင်သစ်လေယာဉ်များမှာ လူမလိုင်လူတန်းစား အတွက်ဖြစ်လာပြီဖြစ်သည်။ထို့အပြင် လေကြောင်း လိုင်းဈေးကွက်မှာလည်း ပြောင်းလဲလာပြီဖြစ်ရကား အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများသည် အင်မတန်ကြီးမားသော လေယာဉ်များကို အသုံးပြုခြင်းမရှိတော့ပေ။ ယင်းတို့အစား သေးငယ်ပေါ့ပါး ခရီးတွင်သည့် လေယာဉ်များကိုသာ ပြောင်းလဲအသုံးပြုလာပြီဖြစ်သည်။

သို့သော်လည်း ယခုအချိန်အထိ ဘိုးရင်း ၇၄၇ လေယာဉ်များမှာ နမူနာယူစရာအဖြစ် ကျန်ရှိနေသေးကြောင်း သိရသည်။ ယခင်က နာမည်ကြီးခဲ့သည့် လေကြောင်းဆိုင်ရာ တီထွင်မှုများ၊ ဗိသုကာများသည် ယခုအခါတွင် အထိမ်းအမှတ်အဖြစ် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ယင်းတို့ထဲမှ ဘိုးရင်း ၇၄၇လေယာဉ်သည် နာမည်အကြီးဆုံးနှင့် အထင်ရှားဆုံး သမိုင်းမှတ်တိုင်အဖြစ် ကျန်ရှိခဲ့ပြီဖြစ်ကြောင်း ......

**(Ref; The title of "The Boeing 747 is heading for retirement" from Management Today; Wikipedia; http://www.traveller.com.au) 6 - 10 - 2016**

## ဘိုးရင်း ၇၄၇ နှင့်ပတ်သက်ပြီးမှတ်သားဖွယ်ရာအချက်များ

- **ပထမဆုံး ဘိုးရင်း ၇၄၇ လေယာဉ်ကို ထုတ်လုပ်ရန် အင်ဂျင်နီယာရပ်ဆိုင်ရာ ပုံပေါင်း ၇၅၀၀၀ အသုံးပြုခဲ့သည်။**
- **ဘိုးရင်း ၇၄၇ စီးရီးလေယာဉ်များဖြင့် ခရီးသည်ပေါင်း ၅ ဒသမ ၆ သန်းပျံသန်းခဲ့သည်။ ၎င်းလူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းဖြစ်သည်။**
- **ဘိုးရင်း ၇၄၇ လေယာဉ်တစ်စင်းကို ဆေးသုတ်ရန် ဆေးဂါလန် ၉၀ ကုန်ကျသည်။**
- **လေယာဉ်နောက်မြီးရှိတက်မသည် ခြောက်ထပ်အဆောက်အအုံခန့်မြင့်မားသည်။**
- **လေယာဉ်ကိုယ်ထည်ပြဿနာကြောင့် ၇၄၇ စီးရီး လေယာဉ် ၅၂ စင်း မတော်တဆဖြစ်ပွားခဲ့သည်။**
- **ဘိုးရင်း ၇၄၇ လေယာဉ်သည် တစ်ခါသယ်လျှင် ခရီးသည် ၃၅၀-၄၀၀ သာသယ်ဆောင်သော်လည်း ၁၉၉၁ခုနှစ်တွင် အီသီယိုးပီးယားမှ အစ္စရေးသို့ ဆော်လမွန်ရွှေ့ပြောင်းရေးအစီအစဉ်တွင် လူပေါင်း ၁၀၈၇ ဦး အထိသယ်ဆောင်ခဲ့သည်။**
- **ဘိုးရင်း ၇၄၇-၈၏အထက်သို့တက်ရာလှေကားတွင် လှေကားထစ်ပေါင်း ၁၄ ခုရှိသည်။**
- **၇၄၇-၈ ဖရိုက်တာလေယာဉ်သည် ဂေါ့ဖ်ဘောလုံးပေါင်း ၁၉ သန်းနီးနီး သယ်ဆောင်နိုင်သည်။**
- **၇၄၇ အမျိုးအစားလေယာဉ်ပေါင်း ၁၅၀၀ ကျော်ထုတ်လုပ်ခဲ့သည်။ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကုန်ကျသည်။**

**ယနေ့ခေတ်တွင် အသံထက်မြန်သော အင်္ဂလိပ်-ပြင်သစ်လေယာဉ်များမှာ လူ့မလိုင်လူတန်းစား အတွက်ဖြစ်လာပြီဖြစ်သည်။ ထို့အပြင် လေကြောင်းလိုင်းဈေးကွက်မှာလည်း ပြောင်းလဲလာပြီဖြစ်ရကား အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများသည် အင်မတန်ကြီးမားသော လေယာဉ်များကို အသုံးပြုခြင်းမရှိတော့ပေ။ ယင်းတို့အစား သေးငယ်ပေါ့ပါး ခရီးတွင်သည့် လေယာဉ်များကိုသာ ပြောင်းလဲအသုံးပြုလာပြီဖြစ် . . .**

# အလျား ပေ ၃၀ ခန့်ရှိ ဝေလငါးအုပ်စုမှ ငါးကြီးတစ်ကောင် ကျွန်းစုမြို့နယ် ဝဲကျွန်းကျေးရွာအနီး၌ သောင်တင်သေဆုံးနေ

**ကျွန်းစု အောက်တိုဘာ ၇**

ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု ဝဲကျွန်းကျေးရွာအနောက်ဘက်သင်္ချိုင်းအနီး သောင်ပြင်၌ ဒီရေအတက်ဖြင့် မျောပါလာသော ဝေလငါးအုပ်စု(အမည်မသိ)ငါးကြီးတစ်ကောင်သည် အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီခန့်က သောင်တင်ပြီး သေဆုံးနေကြောင်း သိရသည်။

အဆိုပါ ငါးကြီးသည် ဝေလငါးအုပ်စုမှ အမည်မသိငါးတစ်ကောင်ဖြစ်နိုင်ခြေရှိပြီး အလျား ပေ ၃၀၊ လုံးပတ် ၁၅ ပေခန့်ရှိ၍ ကျေးရွာများမှ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြား၍ ယင်းငါးသေကြီးကို ဝဲကျွန်းကျေးရွာ ရာအိမ်မှူး ဦးအောင်နိုင်ဌေးနှင့်အဖွဲ့က ခြံခတ်ထားရှိကြောင်း ကျေးရွာမှ ဒေသခံတစ်ဦးထံမှ သိရသည်။



**ရန်နိုင် (မြန်/ဆက်)**

# Bee Talk မှ ခင်မင်ခဲ့သော အမျိုးသားက ခြိမ်းခြောက်ငွေတောင်းပြီး ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့မှုနှင့်ပတ်သက်၍ တိုင်ကြား

**အောင်လံ အောက်တိုဘာ ၇**

အောင်လံမြို့နယ်နေ အမျိုးသမီးတစ်ဦးသည် လူမှုကွန်ရက်အပလီကေးရှင်းတစ်ခုဖြစ်သော Bee Talk သုံးစွဲခဲ့ရာမှ သိကျွမ်းခဲ့သော အမျိုးသားတစ်ဦးက ၎င်းအား ခြိမ်းခြောက် ငွေတောင်းပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့မှုနှင့်ပတ်သက်၍ အောက်တိုဘာ ၅ ရက်က တိုင်ကြားအမှုဖွင့်ခဲ့သည်။

ဖြစ်စဉ်မှာ အောင်လံမြို့ စက်ရုံရပ်ကွက်နေ မ---- (၂၉နှစ်)သည် လွန်ခဲ့သော ကိုးလခန့်မှစ၍ ဖုန်းဖြင့် အင်တာနက် (Bee Talk)သုံးစွဲရာမှ 'ကောင်စုတ်ကလေး' အကောင့်ပိုင်ရှင် မျိုးမြင့်ဇော် (၁၉ နှစ်)နှင့် သိကျွမ်းခဲ့ကြောင်း၊ လွန်ခဲ့သော သုံးလခန့်က မျိုးမြင့်ဇော်က မ-----အား တရော်ကုန်းရပ်ရှိ ရွှေပြောင်ပြောင် ဘုရားသို့ လာရောက်တွေ့ဆုံရန်နှင့် မလာရောက်ပါက မ------၏ နေအိမ်ရှေ့သို့ လာရောက်ပြီး အရှက်ခွဲမည်၊ မိသားစုများအား သတ်မည်ဟု ဖုန်းဖြင့်ဆက်သွယ်ခြိမ်းခြောက်၍ သွားရောက် တွေ့ဆုံခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း အကြောင်းအမျိုးမျိုးပြော၍ ခြိမ်းခြောက်ငွေတောင်းသဖြင့် ငွေကျပ် ၅၀၀၀ မှ ၈၀၀၀၀ အထိ အကြိမ်ကြိမ်ပေးခဲ့ရကြောင်း၊ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် မျိုးမြင့်ဇော်က ငွေကျပ် ၂၅၀၀၀၀ လာပေးရန် ဖုန်းဖြင့် ဆက်သွယ်တောင်းသဖြင့် မ------က အောင်လံမြို့ စက်ရုံရပ်ကွက် ကွက်သစ်(၃)လမ်းရှိ မူကြိုကျောင်းအနီးသို့ သွားရောက်ပေးခဲ့ရကြောင်း၊ စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မျိုးမြင့်ဇော်က အောင်လံမြို့ ဇေယျဝတီရပ်ကွက်ရှိ မြို့ဦး ဘုန်းတော်ကြီးကျောင်းအနီးသို့ လာရောက်တွေ့ဆုံရန် ခြိမ်းခြောက်သဖြင့် သွားရောက်တွေ့ဆုံခဲ့ရာ မျိုးမြင့်ဇော်က မ-----အား ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့ကြောင်း၊ အောက်တိုဘာ ၃ ရက်ကလည်း ယင်းနည်းအတိုင်း ပြုမူဆက်ဆံခဲ့ရာမှ မ------က နေအိမ်သို့ ပြန်အရောက်တွင် မိသားစုအား အကြောင်းစုံဖွင့်ပြောတိုင်ပင်ကာ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း တရားလို၏တိုင်ကြားချက် အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခြိမ်းခြောက်ငွေတောင်းပြီး ကိုယ်ထိလက်ရောက်ကျူးလွန်သူ မျိုးမြင့်ဇော်ကို အရေးယူပေးပါရန် တရားလိုပြုတိုင်ကြားခဲ့သောကြောင့် အောင်လံမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဘောနီအမြန်လမ်းမကြီး ရဲစခန်းအပိုင်၌ ခရီးသည်တင် မော်တော်ယာဉ်မတော်တဆမှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ မိုင်တိုင် (၄၉/၀) နှင့် (၄၉/၁) အကြား၌ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မြစိုး မောင်းနှင်လာသည့် ခရီးသည်တင် ဝေဖြိုးအောင် Express မော်တော်ယာဉ်သည် ယနေ့ နံနက် ၇ နာရီခန့်က မိုးရွာသွန်းနေချိန် လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ် ကပ်တုံးကိုတိုက်မိပြီးနောက် လမ်းဘေး မြေသားပေါ်ရောက်ရှိရပ်တန့်ခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၃၁ ဦးစလုံး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မတော်တဆမှုကြောင့် ဝေဖြိုးအောင် Express ယာဉ်မောင်းမြစိုးကို ဘောနီအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းရေးအတွက် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များကို အမြန်နှုန်းတိုင်းကိရိယာများဖြင့် စစ်ဆေးတိုင်းတာအရေးယူလျက်ရှိရာ ယမန်နေ့က ၂၁ မိုင်၊ နေပြည်တော် တိုးဂိတ်၌ ၄၉ စီး၊ အမှတ်(၃)လမ်းဆုံတိုးဂိတ်၌ ၂၁ စီး ဖမ်းဆီးနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ စုစုပေါင်း ဖမ်းဆီးယာဉ် ၁၄၉၄ စီးဖြစ်ပြီး ယာဉ် ၁၂၀၈ စီးကို တရားစွဲတင်ပြီးဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ဇမ္ဗူသီရိမြို့ ဆွာလမ်းဆုံမီးပွိုင့်အနီး လုယက်မှုထပ်မံဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းမပေါ်ရှိ သုခသိဒ္ဓိရပ်ကွက်အပိုင် ဆွာလမ်းဆုံမီးပွိုင့်နှင့် ဘူးကွဲဘုန်းကြီးကျောင်းအကြား လမ်းကွေ့၌ ဆိုင်ကယ်စီးလာသူ နိုင်ငံ့ဝန်ထမ်းတစ်ဦးကို ဆိုင်ကယ်စီး အမည်မသိလူငယ်သုံးဦးက လုံးထွေးသတ်ပုတ်ပြီး ငွေနှင့် ပစ္စည်းလုယက်ခံရမှု ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလုယက်မှုသည် ပြီးခဲ့သည့် စက်တင်ဘာ ၂၃ ရက်က ဆွာလမ်းဆုံမီးပွိုင့်၌ ဆိုင်ကယ်ချင်းယှဉ် ဆွဲကြိုးဖြတ်လုယက်မှုဖြစ်စဉ်ဖြစ်ပွားကာ ပြစ်မှုကျူးလွန်သူ သုံးဦးဖမ်းမိပြီးနောက် ထပ်မံဖြစ်ပွားသော အမှုဖြစ်သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၉ နာရီခွဲက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစံနိုင်(၂၈ နှစ်) ဇမ္ဗူသီရိမြို့နယ်နေသူသည် မြို့မဈေးသို့ ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် တစ်ဦးတည်း မောင်းနှင်လာစဉ် ဆွာလမ်းဆုံမီးပွိုင့်နှင့် ဘူးကွဲဘုန်းကြီးကျောင်းအကြား Top Star ခာတ်ဆီဆိုင်အလွန် လမ်းကွေ့အရောက် လူငယ်သုံးဦးနှင့် ဆိုင်ကယ်တစ်စီးရပ်ထားလျက်တွေ့ရပြီး ဦးစံနိုင်ဆိုင်ကယ်ရှေ့မှ လူငယ်တစ်ဦးက လက်နှင့်ယမ်းကာ ရိုက်ချလိုက်သဖြင့် ဆိုင်ကယ်နှင့်လူမှာ လဲကျသွားကြောင်း၊ ကျန်နှစ်ဦးကလည်း ဝင်ရောက်လုံးထွေးထိုးကြိတ်သဖြင့် ၎င်းတွင်ဒဏ်ရာများရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့်လွတ်အောင် ရုန်းကန်ရင်းမှ ဦးစံနိုင်ထံတွင်ပါလာသည့် ငွေစက္ကူရောရော ငွေကျပ် ၉၀၀၀၀ နှင့် ဆမ်ဆောင်းဖုန်းဟန်းဆက်တစ်ခုတို့ကို လုယူကာ ၎င်းတို့ပါလာသည့် ဆိုင်ကယ်ဖြင့် သုံးယောက်စီးကာ မြို့မဈေးဘက်သို့ ထွက်ပြေးသွားကြောင်း၊ အမှတ် (၉)နယ်မြေ ရဲတပ်ဖွဲ့စခန်းသို့ တိုင်တန်းခဲ့ရာ စခန်းမှူးရဲအုပ်လေးနိုင်က အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများကို အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးရမိနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မှိုရှာသွားရာမှ မြေးအဘိုးနှစ်ဦး မိုင်းထိ

**လွိုင်လင် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့ အမှတ်(၄)ရပ်ကွက်၌ နေထိုင်သော ဦးထွန်းလူ (၆၀နှစ်)နှင့် မြေး အေးကြိမ်(၉ နှစ်) တို့သည် ယနေ့နံနက်က တန့်ယန်းမြို့ဘက်အထွက် စေတီနား၌ မှိုသွားရှာစဉ် ဒေသမိုင်းကို တိုက်မိခဲ့ရာ အေးကြိမ်တွင် ညာဘက်တင်ပါးနှင့် ညာဘက်လက်ဖျံထိရှခဲ့ပြီး မစိုးရိမ်ရကြောင်း၊ အဘိုး ဦးထွန်းလူမှာ ညာဘက်လက်ကောက်ဝတ်တွင် တစ်ချက်၊ ညာဘက်ပေါင်တွင် သုံးချက်၊ ဘယ်ဘက်ပေါင်တွင် တစ်ချက်၊ ညာဘက်ဒူး အထက်နားတို့တွင် ထိရှခဲ့ပြီး ဒဏ်ရာမှာ စိုးရိမ်ရသဖြင့် ခိုလမ်ဆေးရုံသို့ပို့ဆောင်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3706 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**




## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့မြို့နေ ဦးသန်းဝင်း၏သား မောင်ဇင်မောင်သန်းဝင်း(ခ)ဇင်မင်းခန့် ၁၂/မဂဒ(နိုင်)၁၄၈၉၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဇင်မောင်သန်းဝင်း(ခ)ဇင်မင်းခန့်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဆုမွန်ဝင်း ၁၂/သကတ(နိုင်)၁၄၂၃၁၂ ၏ Passport No-M 420550 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၉၅၇၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၆) လမ်း၊ အထက်ဘလောက်အမှတ် ၁၂၇၊ လေးလွှာဟုခေါ်တွင်သော (၂၅ပေ× ပေ၆၀)အကျယ်အဝန်းရှိ တိုက်ခန်းအား အပြည့်အဝပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကြသူများဖြစ်သည့် ဦးသိန်းမိုး ၁၂/မရက(နိုင်)၁၀၄၇၃၈၊ ဒေါ်သက်သက် ၁၂/ဗတထ(နိုင်)၀၀၇၂၂၉ ကိုင်ဆောင်သူများမှ ရောင်းချရန်အတွက် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူသဖြင့် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးရန်လင်းမောင်** | **ဒေါ်ပွင့်ခိုင်ဖြူ** |
| **LLB, DBL, DML. DIL** | **LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၂၉၉၈၅)** | **အထက်တန်းရှေ့နေ(စဉ်-၃၂၈၉၈)** |

**အမှတ် (၁၅)၊ ဇေယျမင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၀၇၆၂၀**

## ဝန်ထမ်းအလိုရှိသည်

၁။ **အရောင်းဝန်ထမ်း** **မ (၃) ဦး**

ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်ပြီး စကားအပြောဆို ချိုသာရမည်။

လျှောက်ထားလိုသူများသည် CV Form ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့်လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

နယ်မှလာသူများအတွက် နေထိုင်စားသောက်ရေးစီစဉ်ပေးသည်။

United Vision **မျက်မှန်ဆိုင်**

**အမှတ် ၆၆/၆၈၊ စံရိပ်ငြိမ် ၆ လမ်းထိပ်၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ အမှတ် အေ-(၃)၊ ၇၈ လမ်း၊ ၂၇×၂၈ ကြား၊ ဘူတာကြီးမြောက်ဘက်၊ မန္တလေးမြို့**

## ဟိန်းထက်

**ဒဂုံအရှေ့၊ ဒဂုံမြောက် ဒဂုံတောင်ပိုင်း၊ ဆိပ်ကမ်း ဈေးကောင်း ပေးဝယ်သည်**

**ဖုန်း-၀၉-၅၄၁၂၉၉၄၊ ၀၉-၄၂၁၀၂၀၇၈၅၊ ၀၉-၄၂၃၇၃၇၃၂၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ/၉) လူနေရပ်ကွက်အမှတ် (၇) ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်-၁၉၇(က+ခ) နှင့် မြေကွက်အမှတ်-၁၉၈မြေကွက်(၃)ကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာတွင်တည်ရှိသော မြေကွက်အမှတ်-၁၉၇(က)၊ ဦးကျော်သူရ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်၊ မြေကွက်အမှတ်-၁၉၇ (ခ)၊ ဦးကြည်ဝင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် မြေကွက်အမှတ်-၁၉၈၊ ဗိုလ်ကြီးကျော်ဇင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထား သော မြေကွက် (၃) ကွက်တို့အား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးသိန်းနိုင် ၈/မမန(နိုင်)၁၀၆၂၁၃ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်စင်ဝင်း ၁၂/ကမရ(နိုင်) ၀၁၄၂၇၄ ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၈၅၁၈၉၆၈၉**



## ဖမ်းဆီးခံရသူများအား ပြန်လည်အပ်နှံခြင်းအခမ်းအနား သီပေါမြို့၌ကျင်းပ

**သီပေါ အောက်တိုဘာ ၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဖမ်းဆီးခေါ်ဆောင်သွားသော ကျေးရွာသူ ကျေးရွာသားများအား ၎င်းတို့၏ ရပ်မိရပ်ဖများထံ ပြန်လည်အပ်နှံခြင်းအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်ရင်းယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး အောင်ဇော်ထွေးက နှုတ်ခွန်းဆက်စကားပြောကြားကာ ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၅ ဦးအား နမ့်လန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်လှိုင်ထံ ယာယီနည်းဗျူဟာမှူးက ပြန်လည်ပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူများမှာ အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီးခြောက်ဦးတို့ဖြစ်ရာ ၎င်းတို့၏ အိမ်အပြန်ခရီးစရိတ်အတွက် နယ်မြေခံတပ်ရင်းက ကူညီထောက်ပံ့ပေးကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များ ရေးဆွဲထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၇**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး ကျင်းပမည့် အချိန်၊ ကွင်းတို့ကိုပါ တစ်ပါတည်း ထုတ်ပြန်ခဲ့သည်။

ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးအဆင့်ပွဲများကို မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ ဖိလစ်ပိုင်၌ကျင်းပမည့် အုပ်စု(က)တွင် ဖိလစ်ပိုင်၊ လက်ရှိချန်ပီယံ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မြန်မာနိုင်ငံ၌ကျင်းပမည့် အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ်နှင့် ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ကျင်းပမည့် အုပ်စု(ခ)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲကိုတစ်ပြိုင်နက် ကစားရမည်ဖြစ်သောကြောင့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းကို အသုံးပြုမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် မလေးရှားနှင့် ခြေစစ်ပွဲအောင်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဗီယက်နမ်၊ နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် မလေးရှားနှင့် ဗီယက်နမ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ခြေစစ်ပွဲအောင်အသင်း၊ နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာနှင့်မလေးရှား၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ဗီယက်နမ်နှင့်ခြေစစ်ပွဲအောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်အသင်းဖြစ်သောကြောင့် အုပ်စုပွဲစဉ်သုံးပွဲစလုံးကို ညနေ ၆ နာရီတွင် ကစားမည်ဖြစ်သည်။ ဖိလစ်ပိုင်၌ ကျင်းပမည့် အုပ်စု(က)ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၉ ရက်တွင် ထိုင်းနှင့်အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူ၊ နိုဝင်ဘာ ၂၂ ရက်တွင် ထိုင်းနှင့် စင်ကာပူ၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်၊ နိုဝင်ဘာ ၂၅ ရက်တွင် စင်ကာပူနှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို တက်ရောက်သည့် အသင်းများ၏ နိုင်ငံများ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ပထမဆုံးအကြိမ်လက်ခံကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် ပြင်ဆင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၀၄ ပြိုင်ပွဲတစ်ကြိမ်သာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှထွက်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ညီမြတ်သော်တာ**

## တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဟော်ကီပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားလွှတ်တော်ဟော်ကီပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်က ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ဆက်လက်ကျင်းပခဲ့သည်။

အုပ်စု(က)ပထမပွဲစဉ်တွင် ချင်းပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းဘက်သို့ ပထမပိုင်းတွင် ချင်းအသင်းမှ မိုးဇော်က အဖွင့်ဂိုးသွင်းယူခဲ့ကာ ရှမ်းပြည်နယ်အသင်း၏ အပေးအယူချိတ်ဆက်ပေးခဲ့မှုကြောင့် တိုက်စစ်မှူး မောင်မောင်ထွန်းက ချေပဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းမှာပင် မောင်မောင်ထွန်းက ဒုတိယဂိုးကို ဆက်လက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း၌ ချင်းအသင်းမှ မျိုးကိုကိုက ဘီးကုပ်စက်ဝိုင်းမှတစ်ဆင့် ရှမ်းအသင်းကို ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး အချိတ်အဆက်မိမိ အကြိတ်အနယ်ယှဉ်ပြိုင်ကြသော်လည်း ပွဲပြီးခါနီးတွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ချင်းအသင်းမှ သန်းအောင်က ရှမ်းအသင်းဘက်သို့ အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဆက်လက်၍ ဒုတိယပွဲစဉ်၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမပိုင်းတွင် ကယားအသင်းကို တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်း၌ ကယားအသင်း နောက်တန်းအားနည်းပြီး ရန်ကုန်တိုင်းဒေသကြီးအသင်း၏ ရှေ့တန်းတိုက်စစ်အားကောင်းမှုကြောင့် ကယားအသင်း ထပ်မံ၍ ငါးဂိုးပေးခဲ့ရသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားအလွတ်တန်းလှေလှော်ပြိုင်ပွဲ ဝတ်စုံပြည့်အစမ်းလေ့ကျင့်

**မန္တလေး အောက်တိုဘာ ၇**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အလွတ်တန်းလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို အောက်တိုဘာ ၇ ရက် ညနေပိုင်းက ပြိုင်ပွဲကျင်းပမည့် ကျုံးအနောက်ဘက် ဇဟိုမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအစမ်းလေ့ကျင့်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ လှေလှော်ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှအုပ်ချုပ်သူနည်းပြများ၊ အားကစားမောင်မယ်များ၊ ဒိုင်အဖွဲ့များ၊ ဘင်ခရာနှင့် စည်တော်အဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ ဒုတိယအကြိမ်ချေးငွေထုတ်ပေး

**သံတွဲ အောက်တိုဘာ ၇။** သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအနက် ဇလွန်၊ ဥယျာဉ်ကွင်း၊ တလင်းဆိတ်၊ ဥယျာဉ်၊ ကျောက်ဖြူမော်၊ လယ်တီ၊ ငမန်းခဲ စသည့် ကျေးရွာခုနစ်ရွာမှ သက်ဆိုင်ရာကျေးရွာကော်မတီများသို့ ဒုတိယအကြိမ်အဖြစ် ထုတ်ချေးပေးရာ မြို့နယ်ကျေးလက်ဦးစီးဌာနက အောက်တိုဘာလ ပထမပတ်က သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**


### မိဘအမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ဒီး အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ အောက်ပါကျောင်းသား ကျောင်းသူများ၏ မိဘများအား နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ယှဉ်တွဲပါအတိုင်း ပြောင်းလဲခေါ်ပါရန်။

| | | | | |
|---|---|---|---|---|
| (၁) | မိစန်းလွှန် | (ဘ) | ဦးအောင်ထွန်း | ၃/ကဆက(နိုင်)၀၃၇၃၄၇ |
| (၂) | နန်းခင်စန္ဒာဝင်း | (ဘ) | ဦးစောမြင့်ရွှေ | ၃/ကဆက(နိုင်)၀၅၄၀၅၀ |
| (၃) | နန်းချိုချိုဝင်း | (ဘ) | ဦးဘမင်း | ၃/ကဆက(နိုင်)၀၂၅၂၃၉ |
| (၄) | စောသန်းထွန်းကြည် | (ဘ) | ဦးစောခင်ဝင်း | ၃/ကဆက(နိုင်)၀၈၄၄၂၄ |
| (၅) | နန်းအေးနန္ဒာဝင်း | (ဘ) | ဦးမောင်မောင်အေး | ၃/ကဆက(နိုင်)၀၅၆၆၉၁ |
| (၆) | နန်းပန်းဖြူအေး | (ဘ) | ဦးစောတင်အေး | ၃/ကဆက(နိုင်)၀၄၈၀၉၀ |
| (၇) | စောဝင်းထူး | (ဘ) | ဦးသိန်းဝင်း | ၃/ကဆက(နိုင်)၀၂၅၂၉၃ |
| (၈) | နန်းဖြူနှင်းဝေ | (မိ) | ဒေါ်နန်းလှရှိန် | ၃/ကဆက(နိုင်)၀၄၇၉၃၂ |
| (၉) | နန်းထက်ထက်အောင် | (မိ) | ဒေါ်နန်းထွန်းရွှေ | ၃/ကဆက(နိုင်)၀၂၅၃၁၇ |
| (၁၀) | နန်းဝင်းဝင်းအေး | (မိ) | ဒေါ်အေးရွှေ | KIN-၀၄၄၃၉၇ |
| (၁၁) | နန်းစမ်းစမ်းမော် | (ဘ) | ဦးစောလွန်းလိုက် | ၃/ကဆက(နိုင်)၀၅၇၀၂၈ |
| | | (မိ) | ဒေါ်နော်မူးခိုင် | ၃/ကဆက(နိုင်)၀၅၇၀၁၂ |
| (၁၂) | နန်းဝင်းနွေ့ | (ဘ) | ဦးစောအကွိုင်း | ၃/ကဆက(နိုင်)၀၃၆၅၄၃ |
| (၁၃) | နန်းချိုချိုထွေး | (ဘ) | ဦးစန်းမြိုင် | ၃/ကဆက(နိုင်)၀၃၆၇၄၈ |
| | | (မိ) | ဒေါ်နန်းသေးသေး | ၃/ကဆက(နိုင်)၀၅၅၃၁၆ |
| (၁၄) | စောမင်းဦး | (ဘ) | ဦးမောင်ချိုဝင်း | ၃/ကဆက(နိုင်)၀၂၅၂၈၃ |
| | | (မိ) | ဒေါ်နန်းကြည်ထွေး | ၃/ကဆက(နိုင်)၀၅၅၂၉၄ |
| (၁၅) | နန်းကေသီချို | (ဘ) | ဦးမောင်ပန်းမြိုင် | ၃/ကဆက(နိုင်)၀၂၅၄၄၆ |
| | | (မိ) | ဒေါ်မသန်းရီ | ၃/ကဆက(နိုင်)၀၃၆၆၅၀ |
| (၁၆) | နန်းယဉ်ယဉ်မွေး | (ဘ) | ဦးသောင်းညွန့် | ၃/ကဆက(နိုင်)၀၂၅၈၁၁ |

မြန်မာနိုင်ငံ ဗိသုကာကောင်စီ
MYANMAR ARCHITECT COUNCIL
228-234, Bogyoke Aung San Road, Yangon, The Republic of the Union of Myanmar.
E-mail : info@mac.org.mm, Web: www.mac.org.mm
Ph : (959) 782 120 543 / (959) 265 465 884

ကြေညာစာအမှတ် ။ ။ မဗကစ/၂၀၁၆/ကင ၀၁၅
လိုင်စင်ဗိသုကာ (LA) ဒုတိယအဆင့် စစ်ဆေးမည့် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

**နေ့ရက်** ။ ။ အောက်တိုဘာ ၃၀ ရက်(တနင်္ဂနွေနေ့)
**အချိန်** ။ ။ နံနက် ၉း၀၀ နာရီမှ ၁၂း၀၀နာရီ
**နေရာ** ။ ။ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**

### အခြေခံစာရင်းကိုင်ပညာသင်တန်း

၂၀-၁၀-၂၀၁၆ ရက်စမည်။ ၁၈-၁၀-၂၀၁၆ရက်အထိ စာရင်းပေးသွင်းနိုင်သည်။ **အမှတ် (၁၉)၊ ပန်းခြံလမ်း၊ မောလိပ်ရပ်၊ စစ်တွေမြို့။**
**ဖုန်း-၀၄၃-၂၂၅၁၁၊ ၀၉-၂၆၄၃၉၂၈၉၅၊ ၀၉-၄၀၅၈၀၀၁**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသော (၆၈)ကြိမ်မြောက်၊ အဘိဓမ္မာအစါတော်နေ့အခမ်းအနားအား တက်ရောက်နိုင်ပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသော (၆၈)ကြိမ်မြောက်၊ အဘိဓမ္မာအစါတော်နေ့အထိမ်းအမှတ်
အမေရိကန်ပြည်ထောင်စု၊မီနီဆိုးတားပြည်နယ်၊စိန့်ပေါလ်မြို့
သီတဂူဓမ္မဝိဟာရတွင် တည်ထားကိုးကွယ်မည့်
"ရွှေတိဂုံစေတီတော်"
အလှူသီတဂူအထူးဓမ္မသဘင်



အခမ်းအနားအစီအစဉ်

တွဲဖက်ရွှေကျင် သာသနာပိုင်သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အဓိပတိသီတဂူဆရာတော် "ဒေါက်တာအရှင်ဉာဏိဿရ" အရှင်သူမြတ်ကြီးမှ တရားအလှူတော်ပေးလှူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ၁၃၇၈ခုနှစ်၊ သီတင်းကျွတ်လပြည့် ၁၆.၁၀.၂၀၁၆ (တနင်္ဂနွေနေ့)
အချိန် ။ နေ့လည်(၁)နာရီတိတိ။ (အဘိဓမ္မာအစါတော်နေ့အခမ်းအနား)
အချိန် ။ ည(၇)နာရီတိတိ။ (သီတဂူတရားပွဲ)
နေရာ ။ အဘိဓမ္မာ (၅) ထပ်ဗိမာန်တော်သစ်ကြီး၊ အမှတ်(၄၉/၅၁)ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း(၃)လမ်းကားမှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တရားပွဲအပြီး ပို့ဆောင်မည့်နေရာများ - - - တရားပွဲနေရာမှ ဆူးလေ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်မြောင်း၊ တာမွေ၊ ဂွတ္တလစ်(ဈေးကွေ့)၊ ရန်ကင်း၊ တောင်ဥက္ကလာပဘောလီ မြေနီကုန်း၊ စမ်းချောင်း၊ လှည်းတန်း၊ ကမာရွတ်၊ ကုက္ကိုင်း၊ ကမ္ဘာအေး၊ မ/ဥက္ကလာအဝိုင်း။

### ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

| | သာဝတ္ထိ | ဂယာ | ကုသိနာရုံ |
|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | | ၂၉,၀၀၀ | ၁၀,၀၀၀ |
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ၂၀,၀၀၀ | ၂၇,၀၀၀ | ၂၀,၀၀၀ |

* ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။

ရုံးချုပ်- ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၄၈၁)၊ မြေညီထပ်၊ ကုန်သည်လမ်း နှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဘိုကလေးဈေးအနီး၊ ဗိုလ်တစ်ထောင်၊ ရန်ကုန်။ ☎ ၀၉-၅၃၂၁၀၁၂

### FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျာလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဝယ်ယူနိုင်ပါသည်

# မိုင်းအန္တရာယ်အသိပညာပေး

**ဘားအံ အောက်တိုဘာ ၇**

ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းအဖွဲ့(ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက်က ဘားအံမြို့ရှိ တော်ဝင်ရတနာ ဟိုတယ်၌ ကျင်းပခဲ့သည်။

ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး UNICEF (Myanmar) မှတာဝန်ရှိသူတစ်ဦးက မိတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကရင်ပြည်နယ်အတွင်း မိုင်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိလာပါက လုပ်ဆောင်ရမည့်ကဏ္ဍများ၊ ဦးတည်အုပ်စု၊ ဦးတည်နေရာများကို အဖွဲ့လိုက်ဆွေးနွေး၍ မေးမြန်းချက်များကို တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**

## စားသုံးရန်မသင့်သော အစားအသောက်များစစ်ဆေး

**မြစ်သား အောက်တိုဘာ ၇**

FDA မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှုရှိ/မရှိနှင့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးကို ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်မှတာဝန်ရှိသူများက မြို့မဈေးအတွင်းတွင် အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက စစ်ဆေးခဲ့ကြောင်း သိရသည်။

အသိပညာပေးမှုများပြီးပါက စားသုံးသူများကနစ်နာကြောင်း တိုင်ကြားလာလျှင် ဥပဒေအရ သိမ်းဆည်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျိုက္ခမီရေလယ်ဘုရားပွဲတော်အမီ သံဖြူဇရပ်-ကျိုက္ခမီကားလမ်း အဆင့်မြှင့်တင်ရေးဆောင်ရွက်

**သံဖြူဇရပ် အောက်တိုဘာ ၇**

သံဖြူဇရပ်မြို့နယ် လမ်းဦးစီးဌာနသည် သံဖြူဇရပ်-ကျိုက္ခမီကားလမ်းအား မူလအကျယ်ပေ ၃၀ မှပေ ၄၀ အကျယ် ရရှိရန် မြေသားတာပေါင်တိုးချဲ့ခြင်းလုပ်ငန်းအား စက်တင်ဘာလမှစတင်ကာ စက်ယန္တရား၊ လုပ်သားအင်အားတို့ဖြင့် ဆောင်ရွက်နေသည်။

ထို့ပြင် သံဖြူဇရပ်မှ ၇ ကီလိုမီတာခန့်အကွာတွင် ကျိုက္ခမီနှင့်စက်စဲလမ်းခွဲ၌ ဆွမ်းအုပ်ပုံအဝိုင်းပတ်ကို ဆောင်ရွက်ပြီးဖြစ်ရာ အဝိုင်းပတ်လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို အောက်တိုဘာလပထမပတ်အတွင်း ပြီးစီးရေးအတွက် လမ်းဦးစီးဌာနဝန်ထမ်းများက လုပ်ဆောင်နေကြောင်း သိရသည်။



ကျိုက္ခမီကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းကြီးကြပ်သူ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ကျင်စန်းက “သံဖြူဇရပ်-ကျိုက္ခမီလမ်း မြေသားပေါင်ပေ ၄၀ ချဲ့ခြင်းကို ၀ ဒသမ ၆ ကီလိုမီတာမှ ကျိုက္ခမီ ၂၁ ကီလိုမီတာအတွင်း လမ်းအရှည် ၁၈ ဒသမ ၈၇ ကီလိုမီတာကို မြေသားပေါင်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီး စက်စဲနှင့်ကျိုက္ခမီလမ်းခွဲ အဝိုင်းပတ်လမ်းကို သတ်မှတ်တဲ့ကတ္တရာလမ်းအကျယ်ရရှိစေဖို့ အချိန်မီပြီးစီးအောင် ဆောင်ရွက်နေပါတယ်” ဟု ပြောကြားခဲ့သည်။

ထို့ပြင် ကျိုက္ခမီကားလမ်းကို အဆင့်မြှင့် တိုးချဲ့ခြင်းလုပ်ငန်းအား ကျိုက္ခမီရေလယ် ဆံတော်ရှင်ဘုရားဗုဒ္ဓပူဇနိယပွဲတော်အမီ ပြီးစီးနိုင်ရေး ပွင့်လင်းရာသီ၌ ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ လာရောက်ကြမည့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ထမင်းစားပြီး ရေချိုးလျှင် - - -

## ကြည်လွင်မြင့်(မုဒြာ)

ရှေးကလူကြီးများသည် ထမင်းစားပြီး ရေမချိုးရ၊ ချိုးလျှင် ရေဖျဉ်းစွဲတတ်သည်ဟု ပြောလေ့ရှိကြသည်။ ရေဖျဉ်းဆိုသည်မှာ ဝမ်းဗိုက်ကြီးဖောင်းလာပြီး ကိုယ်ဝန်ဆောင်သည်ကဲ့သို့ စူထွက်လာခြင်းဖြစ်သည်။ အသည်းခြောက်ရောဂါသည်များသည်လည်း ရေဖျဉ်းစွဲရောဂါဖြစ်လေ့ရှိသည်။ ဝမ်းဗိုက်အရေပြားကိုဖောက်ပြီး ပိုက်ဖြင့်စုပ်ယူလျှင် အရည်များထွက်ကျလာလေ့ရှိသည်။ အရက်သမားများတွင် နှစ်ရှည်ကြာသောအခါ ရေဖျဉ်းစွဲလာတတ်သည်။

ရိုးရာဆေးပညာအမြင်အရ ထမင်းစားပြီးရေချိုးလျှင် ရေဖျဉ်းစွဲတတ်သည်ဆိုခြင်းမှာ မမှန်ကန်ပါ။ သို့သော် မပြုလုပ်သင့်သော အလေ့ဖြစ်သည်။ အစာမကြေရောဂါရနိုင်သည်။ ဝမ်းမီးခေါ် သက်စောင့်ဓာတ်မီးသည် အစာချေချက်ရန် အားယူနေချိန်တွင် ရေလောင်းချသဖြင့် အားပျက်သွားပြီး ဝမ်းမီးငြိမ်းသွားနိုင်သည်။ ထို့ကြောင့် ထမင်း(သို့မဟုတ်) အစားအသောက်အဝစားပြီးချိန်တွင် ရေချိုးခြင်းမှာမသင့်ပေ။

စာရေးသူငယ်စဉ်က ပေါင်မုန့်ဖိုတွင်အလုပ်လုပ်သော လူဝကြီးတစ်ဦးကို တွေ့ဖူးသည်။ သူသည် ပူသောမီးဖိုအနီးတွင် အလုပ်လုပ်ရသဖြင့် အမြဲအင်္ကျီချွတ်ပြီး နေသည်။ အစားကိုလည်း အဝအပြဲစားလေ့ရှိသူဖြစ်သည်။ ရေကို တစ်နေ့ငါးကြိမ်ချိုးသည်ဟုဆိုသည်။ ထမင်းမစားမီ ရေချိုးသည်။ ထမင်းစားပြီးနောက်တွင်လည်း ရေချိုးလေ့ရှိသည်။ သူသည် ရေဖျဉ်းစွဲရောဂါမဖြစ်သော်လည်း မကြာသေးသောအချိန်က ကြားသိရသည်မှာ နေပူချိန်တွင် ထမင်းစားပြီးနောက် ရေချိုးပြီး မူးလဲကျသွားသည်။ ဆေးရုံတွင် ဦးနှောက်သွေးကြောပေါက်ရောဂါဖြင့် သေဆုံးသွားသည်ဟု သိရသည်။

ထမင်းအဝစားပြီးလျှင် အစာအိမ်မှ ဝမ်းမီးတောက်သဖြင့် ခန္ဓာကိုယ်တွင် ပူလောင်လာလေ့ရှိသည်။ ရေငတ်လာလေ့ရှိသည်။ အပူအထက်ပြန်သောအခါ ချွေးများထွက်လာလေ့ရှိသည်။ ထိုအချိန်တွင် ရေချိုးခြင်းကြောင့် ပြာပူထဲသို့ ရေအေးလောင်းချလျှင် ဝုန်းခနဲအထက်သို့ ပြာပူများကန်တက်လာသကဲ့သို့ သွေးကြောများမှတစ်ဆင့် အပူငွေ့သည် ဦးနှောက်ထဲရောက်သည်ထိ တွန်းကန်တက်ပြီး ဦးနှောက်သွေးကြောပေါက်ရခြင်း ဖြစ်သည်။

ရှေးက လူကြီးများသည် ရိုးရာအယူအဆများတွင် ဆေးပညာအယူအဆများ၊ အတွေးအခေါ်များထည့်သွင်းထားလေ့ရှိသည်။ ဥပမာအားဖြင့် သားသည်အမေ (နို့တိုက်မိခင်)များကို ရေမချိုးခင် ကလေးကိုနို့အဝတိုက်ရမည်။ ရေချိုးပြီးလျှင် ကလေးကိုနို့မတိုက်ရဟု ပြောလေ့ရှိကြသည်။ ထိုအယူအဆမှာ မှန်ကန်သည်။ ရေမချိုးမီ ခန္ဓာကိုယ်ငွေ့အပူအားကောင်းနေသဖြင့် နို့ကြောင်းပွင့်သည်။ နို့ရွှင်သည်။ ကလေးနို့စို့ရာတွင် နို့ထွက်အားကောင်းသည်။ ရေချိုးပြီးသောအခါ ခန္ဓာကိုယ်မှအပူငွေ့များ ထွက်သွားသည်။ အပူငြိမ်းပြီး အသားအရေအေးသွားသောကြောင့် နို့ထွက်အားမကောင်းဖြစ်ကာ အအေးဓာတ်ကြောင့် နို့မရွှင်ဖြစ်ရသည်။ ကလေးနို့စို့လျှင် နို့ကောင်းစွာမလိုက်ပေ။ ထို့ကြောင့် ရေချိုးပြီးလျှင် နို့မတိုက်ရဟု ပြောကြခြင်းဖြစ်သည်။



စာရေးသူကျောင်းသားဘဝက အင်းလျားကန်တွင် ရေနစ်သေဆုံးသူ သူငယ်ချင်းတစ်ဦး ရှိခဲ့ဖူးသည်။ ထိုသူသည် လေ့လှော်ရွက်တိုက်အသင်းတွင်ပါဝင်ပြီး ခါတိုင်းလည်း ရေကူးနေကျဖြစ်ပါလျက် ထိုနေ့က နေ့လယ်စာထမင်းအဝစားပြီး ပူသည်၊ အိုက်သည်ဆိုကာ ရေဆင်းကူးရာမှ ရုတ်တရက်ကြွက်တက်ပြီး ရေနစ်ရခြင်းဖြစ်သည်။ ထမင်းစားပြီး ရေကူးလျှင် ဝမ်းဗိုက်မှကြွက်သားများ ကြွက်တက်တတ်သည်ဟု အဆိုရှိသည်။ သတိပြုကြဖို့လိုသည်။ ရေချိုးခန်းတွင် ကြွက်တက်လျှင် ဘာမှမဖြစ်သော်လည်း ရေကူးရင်းကြွက်တက်လျှင် ရေနစ်သေဆုံးနိုင်သည်။

ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းလာ အသက်ရှည်ရာအကျင့်ကို ပြခြင်းကဏ္ဍတွင် ဖော်ပြထားသည်မှာ -

အစာမကြေစေမူ။ ထမင်းစား၍ ပြီးစသောသူသည် အလွန်အိပ်ခြင်း၊ အလွန်ထိုင်ခြင်းကို မပြုရာ။ နေပူ၊ မီးပူ မခံရာ။ ရေမကူးရာ (ရေချိုးခြင်းသည်လည်း အတူတူပင်)၊ ခရီးပြင်းထန် စွာမသွားရာ။ ဆင်၊ မြင်း၊ လှည်း၊ ရထားတို့ကို မစီးရာ။ သိုင်းရိုက်ခြင်း၊ အပင်ပန်းခံခြင်း၊ မေထုံမှီဝဲခြင်း၊ ပြေးခြင်း၊ စစ်ထိုးခြင်း၊ သီချင်းဆိုခြင်း၊ စာဖတ်ခြင်းတို့ကို မပြုရာဟု ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ထမင်းစားပြီး ရေချိုးခြင်း၊ ရေကူးခြင်းအမှုကို မပြုရန် ရှေးဟောင်းဆေးပညာကျမ်းဖြစ်သည့် ရှုတော်မူဆေးအဘိဓာန်တွင်လည်း အလားတူဖော်ပြထားသည်ကို တွေ့ရပါသည်။

မြန်မာရှေးထုံးစကားများ၊ လူကြီးသူမစကားများသည် အခြေအမြစ်မရှိဘဲ ပြောသောစကားများ မဟုတ်ပေ။ စလောင်းဖုံးနှစ်ချပ်တီးလျှင် ကျားကြီးကိုက်လိမ့်မည်ဟူသောစကားသည် မြေအိုး၊ မြေခွက် သုံးသောခေတ်တွင် ဆိုဆုံးမခဲ့သော စကားဖြစ်သည်။ တစ်ခါတစ်ရံ ကလေးသူငယ်များကို ခြောက်လုံး၊ လှန့်လုံးကလေးများထည့်ပြီး ဆုံးမခြင်း၊ မလုပ်အောင်တားမြစ်ခြင်း သဘောဖြစ်ပါသည်။ ထို့အတူပင် ‘ထမင်းစားပြီး ရေချိုးလျှင် ရေဖျဉ်းစွဲတတ်သည်’ ဆိုသော ရှေးထုံးစကားမှာလည်း အစာမကြေဖြစ်တတ်၍ ခြောက်လှန့်တားမြစ်ထားသော စကားပင်ဖြစ်သည်ဟု မှတ်ယူနေရလေသည်။

ရေမချိုးသင့်သောအချိန်များမှာ-

(၁) **အလွန်အေးသောဥတုအချိန်**
(၂) **အလွန်ပူသောဥတုအချိန်**
(၃) **နေမွန်းလွဲအချိန်**
(၄) **ညသန်းခေါင်အချိန်**
(၅) **အဖျားရောဂါရှိနေသောအချိန်**
(၆) **ထမင်းစားပြီးစအချိန်**

အထက်ပါအချိန်များတွင် ရေချိုးရန်မသင့်ပါ။ အပူငုပ်ခြင်း၊ အပူလျှပ်ခြင်း၊ ဝမ်းမီးပျက်ခြင်း၊ အစာမကြေခြင်း၊ အကြောတက်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမျက်ကိုက်ခြင်း စသည့်ဝေဒနာများဖြစ်နိုင်ကြောင်း တင်ပြလိုက်ရပေသည်။

**ထမင်းအဝစားပြီးလျှင် အစာအိမ်မှ ဝမ်းမီးတောက်သဖြင့် ခန္ဓာကိုယ်တွင် ပူလောင်လာလေ့ရှိသည်။ ရေငတ်လာလေ့ရှိသည်။ အပူအထက်ပြန်သော အခါ ချွေးများထွက်လာလေ့ရှိသည်။ ထိုအချိန်တွင် ရေချိုးခြင်းကြောင့် ပြာပူထဲသို့ ရေအေးလောင်းချလျှင် ဝုန်းခနဲအထက်သို့ ပြာပူများ ကန်တက်လာသကဲ့သို့ သွေးကြောများမှ တစ်ဆင့် အပူငွေ့သည် ဦးနှောက်ထဲရောက်သည်ထိ တွန်းကန်တက်ပြီး ဦးနှောက် သွေးကြောပေါက်ရခြင်း ဖြစ်သည်။**

# ရန်ကုန်မြို့တွင်း စိမ်းလန်းစိုပြည်ရန် အရိပ်ရသစ်ပင်များကာကွယ်ပေးမှုလိုအပ်နေ

**ရန်ကုန် အောက်တိုဘာ ၇**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် သစ်တောများ ပြုစုပျိုးထောင်စိုက်ပျိုးခြင်း၊ နှစ်စဉ် ပြည်တွင်းတွင် နေရာအနှံ့ လူတန်းစားပေါင်းစုံ သစ်ပင်စိုက်ပျိုးခြင်း စသည့်သတင်းများ ဖတ်ရှုမြင်တွေ့နေရသော်လည်း ရန်ကုန်မြို့တွင်း အရိပ်ရသစ်ပင်အချို့ အကြောင်းမဲ့ကွယ်ပျောက်လာသည်ကိုလည်း မြင်တွေ့နေရသည်။

ရန်ကုန်မြို့တွင် အရိပ်ရသစ်ပင်ကြီး-ငယ်များ၊ အလှဆင်ပန်းပင်များဖြင့် မြင်တွေ့ခဲ့ရာမှ ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ်ကြောင့် သက်တမ်းရင့်သစ်ပင်ကြီးအချို့ ပြိုလဲပျက်စီးမှုကြုံတွေ့ရသည်။ ပြန်လည် အစားထိုးစိုက်ပျိုးသည့်သတင်းများ နှစ်စဉ်ဖတ်ရှုရသော်လည်း စိုက်ပျိုးပြီး ဆက်လက်ရှင်သန်ရန်စောင့်ရှောက်ထိန်းသိမ်းမှုအပိုင်းတွင် လိုအပ်ချက်များရှိနေ၍ အရိပ်ရသစ်ပင်များ လျော့နည်းလာသည်။

ရန်ကုန်မြို့တွင်းကားလမ်းမအချို့ရှိ လမ်းလယ်တစ်လျှောက် အုတ်ခုံတန်းများတွင် သစ်ပင်များ စီတန်းစိုက်ပျိုးထားရာ နေ့စဉ် သက်ဆိုင်ရာမှ ရေသယ်ယာဉ်ဖြင့် ရေလောင်းပေးမှုရှိခဲ့သည်။ ယင်းအုတ်ခုံတန်းများ ဖျက်သိမ်းခဲ့ပြီး ယခုနှစ်ပိုင်းများတွင် လမ်းတားတုံး အဝါတန်းများ စီတန်းချထားသည်ကို တွေ့ရှိရသည်။ လမ်းသစ်(မော်တင်) လမ်းလယ်တစ်လျှောက်ရှိသော သစ်ပင်အုတ်ခုံပေါင်း ၃၀ ခန့်နှင့် လမ်းဘေးဝဲယာတစ်လျှောက်ရှိသော သစ်ပင်တန်းများကြောင့် လမ်းသစ်လူကူးခုံးကျော်တံတားပေါ်မှ ကြည့်လျှင် စိမ်းစိုနေသည့်မြင်ကွင်းကို မြင်တွေ့ရသည်။



သို့သော် ယာဉ်တိုက်မှုကြောင့် အုတ်ခုံများပျက်စီးမှုနှင့်အတူ သစ်ပင်များပါပျောက်ကွယ်သည့်နေရာများလာသည်ကို မြင်တွေ့ရသည်။ ကမ်းနားလမ်းမဟောင်းဘေးရှိ သက်တမ်းရင့်သစ်ပင်များတွင် သက်ဆိုင်ရာမှ သစ်ပင်နံပါတ်များကပ်ထားသည်ကို ၂၀၁၀ ဝန်းကျင်တွင် မြင်တွေ့ခဲ့ရာမှ ကမ်းနားလမ်းသစ်ဖောက်လုပ်မှုတွင် သက်တမ်းရင့်သစ်ပင်အများအပြား ပျောက်ကွယ်ခဲ့သည်။ အလားတူ ထိုသို့ ယာဉ်ရပ်နားရန်နေရာ ပြုလုပ်မှုတွင်လည်း ပျောက်ကွယ်ခဲ့ရသည်။

လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းတစ်လျှောက် သစ်ပင်အများအပြား ခုတ်လှဲခံရမှု မြင်တွေ့ရဆဲဖြစ်သည်။ အမြစ်ပါ တူးဆွဖယ်ရှားခြင်း၊ ခုတ်လှဲခြင်းများ မကြာခဏ မြင်တွေ့ရသည်။ စက်တင်ဘာလလယ်နောက်ပိုင်းတွင် ခုတ်လှဲထားသည်ကို ထပ်မံမြင်တွေ့ရသည်ဟု လမ်းသစ်နေ ဦးမျိုးမင်းက ပြောသည်။

အဆောက်အအုံအချို့ ငှားရမ်း၍ ဆိုင်ခန်းဖွင့်လှစ်ရာတွင် ဆိုင်မျက်နှာစာကွယ်သည့်အတွက် ယင်းအဆောက်အအုံရှေ့ရှိ သစ်ပင်အကိုင်းအခက်များကို လှေကား-အတက်အဆင်းပါ ယာဉ်အသုံးပြု၍ ဖြတ်တောက်ပေးသည့်မြင်ကွင်းကိုလည်း အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းဆုံအလွန်တွင် ယခင်လအတွင်း မြင်တွေ့ရသည်ဟု ယင်းနေရာအနီး ဈေးရောင်းနေသည့် ကိုမောင်ထိုက်က ပြောသည်။

ရာသီဥတုဖြစ်စဉ် ဖောက်ပြန်မှုများကြောင့် အပူချိန်မြင့်မားလာမှုများရှိလာရာ ရန်ကုန်မြို့တွင်း အရိပ်ရသစ်ပင်များ အထူးလိုအပ်နေဆဲဖြစ်သည်။ ပြည်ပနိုင်ငံများ၏ မြို့တော်များတွင် သစ်ပင်များ ထိန်းသိမ်းမှုအလေးပေးစောင့်ရှောက်မှုများရှိသည်ဟု မီဒီယာသမား ကိုတိုးဝေအောင်က ပြောသည်။ ယခုအခါ ရန်ကုန်မြို့တွင်း များပြားလာသော လမ်းမများပေါ် မောင်းနှင်သွားလာနေသည့် ယာဉ်မျိုးစုံမှ ထုတ်လွှတ်သည့်ဓာတ်ငွေ့များကိုလည်း စုပ်ယူပေးနေသည့်စိမ်းစိုသစ်ပင်များသာမက အရိပ်ရသစ်ပင် စိုက်ပျိုးခြင်းနှင့်အတူ ရှင်သန်နေဆဲ သစ်ပင်များကိုလည်း တည်တံ့ရှင်သန်စေရန် လိုအပ်ပြီဟု ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို နှစ်သက်သူများက လိုလားလျက်ရှိကြသည်။

**ခင်ဆိုင်**

# မိုးရေကြီးမှုကြောင့် ပျက်စီးသွားသောတံတားကို ယာယီသွားလာနိုင်ရေးအတွက်ပြုပြင်



**သာစည် အောက်တိုဘာ ၇**

သာစည်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ကျေးရွာအချို့တွင်ရေများ ဝင်ရောက်ခဲ့ပြီး မိတ္ထီလာကန်မှ ရေလွှဲမှုကြောင့် မင်းလှကန်ရေဝင်မြောင်းမှတစ်ဆင့် ကျေးရွာများတွင် ရေများဝင်ရောက်ခဲ့ရာ ညောင်တိုကျေးရွာနှင့် သမန်းကန်ကျေးရွာချင်း ဆက်လမ်းပေါ်ရှိ အကျယ် ၁၀ ပေ၊ အလျား ၁၅ ပေရှိ ကွန်ကရစ်တံတားမှာ ရေဝင်အားကြောင့် ပျက်စီးသွားခဲ့သည်။

အဆိုပါကျေးရွာနှစ်ရွာ သွားလာမှု လွယ်ကူစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ညောင်ရမ်းစခန်းမှ စခန်းမှူး ရဲအုပ်ဇော်လင်းနှင့် အဖွဲ့ဝင်များသည် လမ်းဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ ရွာသူရွာသားများ ပူးပေါင်းကာ အောက်တိုဘာ ၅ ရက်က တံတားပျက်စီးသည့်နေရာကို သံပေါင်များ၊ ဇလီဖားတုံးများဖြင့် ယာယီသွားလာမှုအဆင်ပြေစေရေးအတွက် ခင်းကျင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ကျန်းမာရေး အသိပညာပေး ဆွေးနွေး

**ပြည် အောက်တိုဘာ ၇**

ဇီကာဗိုင်းရပ်စ်ပိုးရောဂါအကြောင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း ပြည်သူ့ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက်က ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒေါက်တာဝင့်ဖြိုးသန်းက ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်းနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်းကိုလည်းကောင်း၊ ဒေါက်တာထွန်းဦးက ဆေးယဉ်ပါးတီဘီရောဂါအကြောင်းကိုလည်းကောင်း၊ ဒေါက်တာအေးအေးမိုးက ပြည်မြို့တွင် ဖြစ်ပွားခဲ့သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်စပ်လျဉ်း၍လည်းကောင်း ကဏ္ဍအလိုက် ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## မှုခင်းသတင်းတိုထွာများ

### ကလေးဝ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီက ကလေးဝမြို့နှင့် ၂၄ မိုင်အကွာ အောင်ချမ်းသာကျေးရွာမှ ဈေးရောင်းပြီးပြန်လာသော ကလေးမြို့နယ် တောင်အူကျေးရွာနေ မခင်မိုးကြည်သည် ယုဇလယ်ရွာအနီးတွင် ချုံထဲမှလူနှစ်ဦးထွက်လာပြီး တုတ်နှင့်ဖြတ်ရိုက်ကာ ဆိုင်ကယ်ဦးထုပ်ပါကွဲ၍ ဆိုင်ကယ်လဲကျသွားသည့်အချိန် နောက်တစ်ချက်ထပ်ရိုက်ပြီး ကားလမ်းဘေးချုံထဲသို့ဆွဲခေါ်ကာ ပါလာသည့်ပိုက်ဆံနှင့် ရွှေဆွဲကြိုးတို့ကို လုယူနေစဉ်ဆိုင်ကယ်သံကြား၍ အော်ဖို့ကြိုးစားစဉ် ခြေထောက်ကို ဓားနှင့်ခုတ်ပြီး ဆိုင်ကယ်၊ ငွေနှင့် ရွှေဆွဲကြိုးတို့ကိုယူသွားခဲ့ကြောင်း မခင်မိုးကြည်က နှစ်ဖာလုံခန့်ဝေးသည့် ယုဇလယ်ရွာသို့ ခြေကျင်လျှောက်အကူအညီတောင်းခံရာမှ ကလေးဝဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**သက်ဟန်(ပြန်/ဆက်)**

### မော်လမြိုင်

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာ၌ အောက်တိုဘာ ၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မော်လမြိုင်ဘက်မှ ကျိုက်မရောဘက် သို့ တင်ညွှန့် (၆၆ နှစ်) ဘိန်းဗျောကျေးရွာနေ မောင်းနှင်လာသည့် ယာဉ်သည် ကျိုက်မရော-မော်လမြိုင်ကားလမ်း မိုင်တိုင် (၁၃/၄) နှင့်(၁၃/၅)ကြားတွင် လားရာတူရှေ့မှမောင်းနှင်နေသည့် ဦးဘာတူ (၆၅ နှစ်) နတ်စမ်းကျေးရွာနေ မောင်းနှင်ပြီး ဒေါ်သန်းအေး(၆၀ နှစ်) စီးနင်း လိုက်ပါလာသည့် ဆိုင်ကယ်အား ကျော်တက်စဉ် ယာဉ်၏ ညာဘက်ခြမ်းနှင့် ချိတ်မိခဲ့ပြီး ဆိုင်ကယ်တိမ်းမှောက်ခဲ့ကာ ဆိုင်ကယ်စီးလာသူနှစ်ဦးစလုံး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကော့သောင်း

ကော့သောင်းမြို့တွင် အောက်တိုဘာ ၂ ရက် ညနေပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့ညပိုင်းက ရဲအုပ်အောင်ဇော်မင်းထွန်းဦးစီးသော နယ်ထိန်းအဖွဲ့နှင့် မူးယစ်အထူးအဖွဲ့တို့ ပူးပေါင်း၍ ကော့သောင်းမြို့ အောင်သုခရပ်ကွက် စံပယ်လမ်းသွယ်နေ ချက်ကြီး(ခ) သန်းဖြိုးအောင်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ရန်နိုင်မျိုး(ခ)ဂျိုသားနှင့် အောင်လင်းဖြိုးတို့ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ပြား ကာလတန်ဖိုး ငွေကျပ် ၄၈၇၅၀၀၀ ခန့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

### မန္တလေး

မန္တလေးတိုင်းရဲအကူရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၁၈ မှ တပ်ဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အောက်တိုဘာ ၄ ရက် ညနေ ၇ နာရီခွဲက မဟာအောင်မြေမြို့နယ် သီတာမြိုင်လမ်းသွယ်အတွင်း စောင့်ဆိုင်းနေစဉ် ကျော်ကျော်မောင်းနှင်ပြီး တစ်ရပ်တည်းနေ ကျော်စိန် နောက်မှလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ အလေးချိန် ၈ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀၊ မူးယစ် ဆေးဝါးရောင်းဝယ်ရာတွင် ဆက်သွယ်အသုံးပြုသည့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မဟာအောင်မြေမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

### ပြည်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက် ရွှေတစ်ချောင်းလမ်းနှင့် ပန်းဘဲတန်းလမ်းဆုံတွင် စက်တင်ဘာ ၁၇ ရက် နံနက်က မြို့မဈေးကြီးသို့ လမ်းလျှောက်သွားခဲ့သော ဦးသန်းဌေးဦးအား အမည်မသိအမျိုးသားသုံးဦးက ဝိုင်းဝန်းရိုက်နှက်၍ ၎င်းဝတ်ဆင်ထားသော ရွှေထည်နှင့်စိန်လက်စွပ်အပါအဝင် စုစုပေါင်းငွေကျပ် ၅၉ သိန်းကျော်တို့ကို လုယူခဲ့သဖြင့် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့ရာ ချစ်ဦး(ခ) ဇွဲမာန်(၂၀ နှစ်)မြို့ဆိုးရွာ မော့်ဇာအုပ်စု ပြည်မြို့နယ်နှင့် အောင်ကျော်မိုး (၂၁ နှစ်) ကျောင်းကုန်းကျေးရွာ မော့်ဇာအုပ်စုတို့နှစ်ဦးအား အောက်တိုဘာ ၃ ရက် နံနက် ၁ နာရီခန့်က ဖမ်းဆီးရမိကာ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းခဲ့ပြီး လွတ်မြောက်ပြစ်မှုကျူးလွန်သူ ဇော်လတ်အား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်**

### ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက် ဗိုလ်သုန်လမ်းတွင် နေထိုင်သော အိမ်ငှား ကောင်းရှိုင်းဇော် ဇနီးမနီနီလွင်တို့ထံ အောက်တိုဘာ ၅ ရက် ညနေက သန္တာ(၄)လမ်း (စ)ရပ်ကွက် မြောက်ဥက္ကလာပနေ ထက်လင်းနှင့် ပုဂံလမ်းမကြီး (၂၀)ရပ်ကွက် ရွှေပေါက်ကံနေ အောင်ပြည့်စုံတို့က မူးယစ်ဆေးဝါးလာရောက်ဝယ်ယူကြောင်း သတင်းအရ ထားဝယ်ချောင်စခန်းမှူး ရဲအုပ်ဝင်းညွန့်ထူးနှင့်အဖွဲ့မှ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂ ပြား တန်ဖိုးငွေကျပ် ၃၉၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆောက်လုပ်ရေး၊ စွမ်းအင်၊ သတ္တုဆိုင်ရာနိုင်ငံတကာပြပွဲ ၂၃ နိုင်ငံမှပါဝင်ပြသမည်

**ရန်ကုန် အောက်တိုဘာ ၇**

စတုတ္ထအကြိမ်မြောက် ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ နိုင်ငံတကာပြပွဲကြီးကို လာမည့်အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မြန်မာအီးဗန့်ပက်ခ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းပြပွဲကြီးတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ထိပ်တန်းကုမ္ပဏီ ၂၀၀ ကျော်ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ တရုတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ် (တရုတ်တိုင်ပေ)နှင့်ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီးခြောက်ခုလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြပွဲကြီးတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး ပွင့်လင်းလာမှုနှင့်အတူ ယခု ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ၈ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး လာမည့်နှစ်များအတွင်း ၈ ရာခိုင်နှုန်းအထက်ဆက်လက်တိုးတက်သွားနိုင်ကြောင်း၊ စီးပွားရေးပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။ ယင်းကဲ့သို့ နိုင်ငံတကာပြပွဲများသည် စီးပွားရေးချိတ်ဆက်မှုကို ထိရောက်စွာ ပံ့ပိုးပေးနိုင်မည့် အခွင့်အလမ်းကောင်းလည်းဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်နေကြသူများ နည်းပညာနှင့် နိုင်ငံတကာ ထိတွေ့ချိတ်ဆက်မှုများရရှိလာမည်ဖြစ်ရာ ပြပွဲကိုနံနက် ၉ နာရီမှညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ခွေးရူးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်နှင့် အဖွဲ့ အောက်တိုဘာ ၅ ရက်က အမှတ် (၇)ရပ်ကွက်ရှိ အောင်သီရိ ဘုန်းတော်ကြီးကျောင်းမှ ခွေးများအပြင် ရပ်ကွက်အတွင်းရှိ ခွေးအကောင် ၄၀ ကို ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးစဉ်**

ကိုကျော် (သုံးခွ)

# ကျောက်ဆည်မြို့ရှောင်လမ်း နည်းပညာတက္ကသိုလ်လမ်းပိုင်း အကျယ် ၂၄ ပေအထိတိုးချဲ့

**ကျောက်ဆည် အောက်တိုဘာ ၇**

ရန်ကုန်-မန္တလေးလမ်းမကြီးမှ နည်းပညာတက္ကသိုလ်ကျောင်းသို့ သွားသော မြို့ရှောင်လမ်းအားအရှည်ပေ ၅၃၄၀၊ အကျယ် ၂၄ ပေအထိ လမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းကို မန္တလေးတိုင်းဒေသကြီးအစိုးရခွင့်ပြု ရန်ပုံငွေကျပ်သန်း ၅၅ ဒသမ ၇၀ ဖြင့် ဝေထိုက်အောင်ဆောက်လုပ်ရေးကုမ္ပဏီမှတာဝန်ယူဆောက်လုပ် လျက်ရှိပြီး ကျောက်ဆည်မြို့ဆင်ပြိုင်ပွဲမတိုင်မီပြီးစီးနိုင်ရေးအတွက် လမ်းနှင့်မလွတ်ကင်းသည့်လမ်းဘေးဈေးဆိုင်များ၊ အဆောက်အအုံများ၊ အိမ်ရှေ့မျက်နှာစာ သမံတလင်းများ၊ အလှပန်းခုံများ၊ သစ်ပင်များနှင့် ဓာတ်တိုင်များကို အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်**

# သရက်မြို့နယ်သို့ ဆေး(၂) ရန်ကုန်ကျောင်းသားများ လာရောက်လေ့လာ

**သရက် အောက်တိုဘာ ၇**

ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဒါန ဆေးတက္ကသိုလ်(၂) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က)မှ ဆေးကျောင်းသား ကျောင်းသူ ၁၅ ဦးသည် မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ ရပ်ကွက်များ၊ မြို့နယ်/ကျေးရွာများသို့ ရက်သတ္တပတ်သုံးပတ်ကြာ လေ့လာရေးကွင်းဆင်းရန် ရောက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၆ ရက် နံနက်က စည်ပင်သာယာဈေးကြီး အတွင်း သားငါးဟင်းသီးဟင်းရွက် ရောင်းချနေမှုများ၊ ဈေးအိမ်သာနှင့် ရေပိုက်ဈေးအတွင်း ရေပေးဝေရေးဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

ဆက်လက်၍ ကျောင်းကျန်းမာရေး၊ မိခင်ကလေးစောင့်ရှောက်မှုများနှင့် ကျေးလက်ကျန်းမာရေးဆေးခန်းများနှင့် မြို့အတွင်းသို့လည်း ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# တမာကုန်းကျေးရွာ သပြေကုန်းတံတား ရေတိုက်စားပြီး တံတားကမ်းကပ်ခုံပြိုကျ



**ဝမ်းတွင်း အောက်တိုဘာ ၇**

၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝမ်းတွင်းမြို့နယ် တမာကုန်းကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် အရှည်ပေ ၄၀၊ အကျယ် ၁၄ပေရှိ သပြေကုန်း သစ်သားတံတား ကမ်းကပ်ခုံများ ရေတိုက်စားကာ ပြိုကျပြီး ကျေးရွာအတွင်းသို့ ရေများဝင်ရောက်နေသဖြင့် ကျေးရွာအုပ်ချုပ်ရေး မှူးဦးဆောင်ပြီး ကျေးရွာသူ ကျေးရွာသားများက ဆက်လက်ရေတိုက်စားမှုမရှိစေရန် ရေထိန်းနံရံနေရာကို သဲအိတ်များဖြင့် ယာယီကာရံခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သတင်းအတိုအထွာ

### တာဝတိံသာဘုရားဆင်းပွဲတော်အတွက်ကြိုတင်ပြင်ဆင်

မော်လမြိုင်ကျွန်းမြို့တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော (၈၄) ကြိမ်မြောက် တာဝတိံသာဘုရားဆင်းပွဲတော်နှင့် တောင်ကြီးမီးပုံးပျံလွှတ်တင်ပွဲတော်ကို တာဝတိံသာ ဂေါပကအဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၁၅ ရက်)မှ လပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၁၈ ရက်)အထိ လေးရက်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်ညနေ ၅ နာရီတွင် လည်းကောင်း၊ တောင်ကြီးမီးပုံးပျံလွှတ်တင်ပွဲတော်ကို အောက်တိုဘာ ၁၆ ရက်ည ၈ နာရီတွင်လည်းကောင်းပြုလုပ်မည်ဖြစ်ပြီး အောက်တိုဘာ ၁၈ ရက်တွင် မြတ်စွာဘုရားသည် သိကြားနတ်၊ ဗြဟ္မာများခြံရံလျက် မော်လမြိုင်ကျွန်းမြို့တွင်းသို့ ဒေသစာရီကြွချီရာတွင် ကျောင်းပေါင်း ၄၅ကျောင်းမှ သံဃာတော်အပါး ၆၀၀ ကျော်လိုက်ပါ၍ ဒေသစာရီကြွချီမည်ဖြစ်ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**

### ပဝါရဏာပွဲအတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် (၃၉)ကြိမ်မြောက် ပဝါရဏာပွဲကို အောက်တိုဘာ ၁၆ ရက်၊ သီတင်းကျွတ်လပြည့် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် စေတီတော်ပရိဝုဏ်ရှိ သာသနာ့ဇောတိကဓမ္မာရုံ၌ကျင်းပမည်ဖြစ်ကြောင်းနှင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းလိုပါက ဖုန်း- ၀၁-၂၉၄၀၀၂ နှင့် ၀၁-၂၉၀၄၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုချစ်**

### လှိုင်လင်မြို့ ဆေးရုံကြီးသို့ ရေရရှိရေးအလှူငွေပေးအပ်

လှိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ရေရရှိရေးအတွက် လိုအပ်နေသည့် ရေတိုင်ကီပါ ထော်လာဂျီဝယ်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီက လှူဒါန်းသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က လှိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ဇီဝကခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင် အမှာစကားပြောကြားပြီး လှိုင်လင်မြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ လှူဒါန်းသည့် အလှူငွေကျပ် ၂၅ သိန်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်တို့ကပေးလှူရာ ဆေးရုံအုပ်ကြီးဒေါက်တာဇေယျ လက်ခံသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ငွေကျပ် ၁၀၀၀၀၀၊ အောင်ချမ်းသာဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းက ငွေကျပ် ၁၀၀၀၀၀ တို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)အင်္ဂလိပ်စကားပြောသင်တန်းဆင်း

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)အမျိုးသမီးအဖွဲ့က စီစဉ်ပြုလုပ်သော အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက်က ဆရာဝန်အသင်းခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ သင်တန်းဆရာဦးစိုးမြင့် (ELI) နှင့် အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသင်းကြူအေးတို့က သင်တန်းဆင်း အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် သင်တန်းဆရာ ဦးစိုးမြင့်က သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်မြင့်က သင်တန်းဆရာအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ၂၀၁၆- ၂၀၁၇ ခုနှစ် ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းကိုဆက်လက်ပို့ချကြသည်။ အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၉ အုပ်စုတို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၃ ရက်နှင့်၄ ရက်တို့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

### အသိပညာပေးဆွေးနွေးပွဲကျင်းပ

နောင်ချိုမြို့နယ် ကံကြီးအထက၌ အောက်တိုဘာ ၃ ရက်က အသိပညာပေးဆွေးနွေးပွဲကျင်းပရာ ခရိုင်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စန်းရီက HIV ၊ AIDS ရောဂါအကြောင်း၊ ကံကြီးကျန်းမာရေးမှူး ဒေါ်ခင်မိုးမိုးက အပျိုဖော်ဝင်ချိန် ခန္ဓာကိုယ်၏ပြောင်းလဲမှုနှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများအကြောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း၊ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ရဲအရာခံယွမ်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာရမည့်အကြောင်း၊ ဥပဒေအရာရှိ ဒေါ်သိန်းသန်းဝင်းပိုင်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ကြကြောင်းသိရသည်။ **စိုးဝင်း(နောင်ချို)**

# ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့်လွတ်လပ်မှု

**ညွှန့်ခင်မောင်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာ**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြီးခဲ့သည့် ဩဂုတ် ၁ ရက်က ပြည်တွင်းမှ အော်ပရေတာများနှင့် ပြည်သူတို့အား မိုဘိုင်းဆင်းကတ်များကို မှတ်ပုံတင်၍ အသုံးပြုကြရန်နှင့် မှတ်ပုံတင်ရန်ပျက်ကွက်သည့် ဆင်းကတ်များအား ၂၀၁၇ ခုနှစ် မတ်လကုန်တွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း သတင်းမီဒီယာများမှတစ်ဆင့် အသိပေးကြေညာထားသည်။

**အော်ပရေတာသုံးခုနှင့် သုံးစွဲသူပြည်သူတို့၏ အယူအဆ**

မြန်မာနိုင်ငံတွင် ယခုအခါ မိုဘိုင်းဆင်းကတ်သုံးစွဲသူ ၄၇ သန်းကျော်ရှိပြီး MPT၊ အူရီဒူးနှင့် တယ်လီနောတို့မှာ ဝန်ဆောင်မှုပေးသည့် အော်ပရေတာများဖြစ်သည်။ အော်ပရေတာများသည် ယင်းတို့၏ ဆင်းကတ်များကို ပြည်သူများကသုံးစွဲရန် ကြော်ငြာအမျိုးမျိုး၊ ပရိုမိုးရှင်းအဖုံဖုံတို့ဖြင့် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ဤသည်မှာ ဆက်သွယ်ရေးဈေးကွက်အတွင်း လွတ်လပ်စွာပြိုင်ဆိုင် မှုသဘောသဘာဝပင်ဖြစ်ပြီး ဆက်သွယ်ရေးဥပဒေ(ပထစဥပဒေအမှတ် ၃၁/၂၀၁၃) အရလည်း ခွင့်ပြုထားပါသည်။ သုံးစွဲသူပြည်သူများသည် ဈေးနှုန်း၊ လျင်မြန်မှု၊ ဆက်သွယ်အဆင်ပြေမှုတို့အပြင် ၄င်းတို့အထင် လွတ်လပ်မှုကိုပါကြည့်၍ မိမိတို့အားသန်ရာအော်ပရေတာကို ရွေးချယ်အသုံးပြုကြသည်။ အချို့ဆိုလျှင် ဈေးနှုန်း၊ လျင်မြန်မှု၊ ဆက်သွယ်အဆင်ပြေမှုတို့ထက် လွတ်လပ်မှုကိုအသားပေးပြီး မိမိတို့ထင်မြင်ယူဆချက်ဖြင့် ရွေးချယ်သုံးစွဲသူများလည်း ရှိတတ်သည်။ လွတ်လပ်ချင်လွန်း၍ ဆင်းကတ်မှတ်ပုံတင်ပင်မပြုလုပ်တော့ဘဲ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်မှစ၍ ဝန်ဆောင်မှုပေးခြင်း ယာယီရပ်ဆိုင်းခံရလည်း နောက်ဆင်းကတ်တစ်ခုကို ဝယ်သုံးမည်ဟုဆိုသူများလည်း ရှိနေပေသည်။

**အော်ပရေတာများ၏တာဝန်**

ဆက်သွယ်ရေးဥပဒေတွင် အော်ပရေတာ(လိုင်စင်ရှိသူ)၏ တာဝန်များ၌ အော်ပရေတာများသည် သက်ဆိုင်သည့်လုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် မိမိ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသောကိစ္စမှအပ သက်ဆိုင်ခြင်းမရှိသူအား ထုတ်ဖော်အသိပေးခြင်းမပြုရဟုလည်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်း မှန်မှန်ကန်ကန် နေထိုင်လုပ်ကိုင်ဆောင်ရွက်သူများအဖို့ မည်သည့်အော်ပရေတာဆင်းကတ်ကို သုံးစွဲသည်ဖြစ်စေ လွတ်လပ်မှု၊ လုံခြုံမှု အမှန်ရှိပြီးဖြစ်ပါသည်။

**သုံးစွဲသူပြည်သူတို့၏တာဝန်**

The Myanmar Telegraph Rules, 1961 ; Rules For Telephones ကဏ္ဍတွင် တယ်လီဖုန်းသုံးစွဲသူတိုင်းသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားလာသည့် မည်သည့်ညွှန်ကြားချက်ကိုမဆို လိုက်နာရမည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် မိုဘိုင်းဆင်းကတ်သုံးစွဲသူအားလုံးတို့သည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဆင်းကတ်မှတ်ပုံတင်သုံးစွဲရန် အသိပေးကြေညာချက်ကို လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိကြပေသည်။

**ဥပဒေအကာအကွယ်**

ဆက်သွယ်ရေးဥပဒေတွင် သုံးစွဲသူပြည်သူများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုတို့အတွက် ထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ ထိုဥပဒေတွင် သုံးစွဲသူပြည်သူတို့၏ သတင်းအချက်အလက်ပို့လွှတ်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုလုပ်ရန်၊ ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့်အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့်ကိစ္စများမှအပ ယုံကြည်စိတ်ချရသောစနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်စနစ်ဖြင့်ဖြစ်စေထားရှိသော သတင်းအချက်အလက်ကို ယင်းတို့နှင့်သက်ဆိုင်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးသို့ တစ်နည်းနည်းဖြင့် ထုတ်ဖော်ခြင်းမပြုရန်တို့အား ပြစ်မှုပြစ်ဒဏ်များနှင့်တကွ ဖော်ပြပြဋ္ဌာန်းထားရှိပါသည်။

ထို့အပြင် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေသော မည်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုမထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ သက်ဆိုင်ရာအဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်ပါသည်။ အခြားမည်သည့်အဆင့်၊ ပုဂ္ဂိုလ်၊ ဌာနအဖွဲ့အစည်းကမျှ မိမိတို့သဘောအလျောက် မဆောင်ရွက်နိုင်ပါ။

**ထပ်တိုးကာကွယ်ပေးမည့်ဥပဒေ(ကြမ်း)**

သုံးစွဲသူပြည်သူများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အာမခံအကာအကွယ်ပေး မည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းကို အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် နေ့စဉ်ထုတ်သတင်းစာများတွင် ယခုရက်အတွင်း ဖော်ပြပါရှိလာပါသည်။ ထိုဥပဒေကို ပြဋ္ဌာန်းပြီးစီးသည့်အခါ ပိုမိုခိုင်မာသည့် ဥပဒေအကာအကွယ်များရှိလာမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

**သုံးစွဲသူ၏လွတ်လပ်မှုကို အာမခံခြင်း**

မည်သည့်အော်ပရေတာဆင်းကတ်ကို အသုံးပြုသည်ဖြစ်စေ၊ သုံးစွဲသူများက သုံးစွဲသူ၏တာဝန်၊ အော်ပရေတာများက အော်ပရေတာ၏ တာဝန်တို့ကို အသီးသီး လိုက်နာဆောင်ရွက်ပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစိုးရ၊ ဌာနအဖွဲ့အစည်းတို့ကလည်း စနစ်တကျ ထိထိမိမိ ကြပ်မတ်ဆောင်ရွက်ကြမည်ဆိုပါက သုံးစွဲသူပြည်သူအချို့ ထင်မြင်စိုးရွံ့သလို ဆင်းကတ်မှတ်ပုံတင်သုံးစွဲရာတွင် မည်သည့်အခက်အခဲမှမရှိဘဲ လွတ်လပ်လုံခြုံစွာ အသုံးပြုနိုင်ကြမည်ဖြစ်ပါသည်။

**ရဲရဲမှတ်ပုံတင်လိုက်ပါ**

“ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ” အကြင်သူသည် တရားစောင့်က ထိုသူအား တရားက ပြန်လည်စောင့်ရှောက်လိမ့်မည်ဟု မြတ်ဗုဒ္ဓက မိန့်မှာခဲ့ပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသည့် ပြည်သူတစ်ဦးအနေဖြင့် တရားဥပဒေ စိုးမိုးရေးကို အမှန်တကယ်အထောက်အကူပြုဖို့ မိမိဘက်ကစတင်ပြီး ဆင်းကတ်ကို ရဲရဲမှတ်ပုံတင်သုံးစွဲလိုက်ပါဟု တိုက်တွန်းလိုက်ပါသည်။ အော်ပရေတာများကလည်း ဆင်းကတ်မှတ်ပုံတင်မှု လွယ်ကူ အဆင်ပြေချောမွေ့အောင် လိုအပ်သည့်အစီအမံများဖြင့် ဆောင်ကြဉ်းပေးကြစေလိုပါသည်။ တရားဥပဒေစိုးမိုးရေးကို ထိန်းကျောင်းဆောင်ရွက်ရသည့် ပုဂ္ဂိုလ်၊ ဌာနအဖွဲ့အစည်းများကလည်း မယိမ်းယိုင်ရအောင် ကြပ်မတ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။ ။

**ထိုဥပဒေတွင် သုံးစွဲသူပြည်သူတို့၏ သတင်းအချက်အလက်ပို့လွှတ်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုလုပ်ရန်၊ ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့်အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့်ကိစ္စများမှအပ ယုံကြည်စိတ်ချရသောစနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်စနစ်ဖြင့်ဖြစ်စေထားရှိသော သတင်းအချက် အလက်ကို ယင်းတို့နှင့်သက် ဆိုင်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးသို့ တစ်နည်းနည်း ဖြင့် ထုတ်ဖော်ခြင်းမပြုရန်တို့အား ပြစ်မှုပြစ်ဒဏ်များနှင့်တကွ ဖော်ပြပြဋ္ဌာန်းထားရှိပါသည်**

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အရောင်းအဝယ်အေးနေသော်လည်း အတက်အကျကြမ်းနေသော ဒေါ်လာဈေးကြောင့် ဈေးအမြင့်တွင်ရှိနေ

**ရန်ကုန် အောက်တိုဘာ ၇**

ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးနှုန်း အတက်အကျမြန်ဆန်နေသောကြောင့် ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် အရောင်းပါးသည့်ကာလဖြစ်သော်လည်း ဈေးနှုန်းလျော့ကျခြင်းမရှိဘဲ ဒေါ်လာဈေးနှုန်းအပေါ် အဓိကထား၍ ဈေးတွက်ချက်သော မော်ဒယ်မြင့်ကွန်ပျူတာများမှာ ဈေးနှုန်းအမြင့်တွင်သာ ရှိနေကြောင်း သိရသည်။

“ဒေါ်လာဈေးက ဒီရက်ထဲမှာ အတက်အကျ အလွန်များနေတော့ ဈေးနှုန်းတွေက သတ်မှတ်ရတာ မလွယ်ဘူးဖြစ်နေတယ်။ ဒေါ်လာဈေးတက်ရင် လိုက်မတက်လို့ကလည်း မရဘူး။ ဒါကြောင့် တက်ရင်လည်း အခြေအနေကိုကြည့်ပြီး နည်းနည်းလိုက်တက်ပြီး ကျရင်လည်း ဈေးကို ချက်ချင်းပြန်မချရဲဘဲ အခြေအနေစောင့်ကြည့်နေရတယ်။ အဓိကကတော့ လက်ပ်တော့ မော်ဒယ်သစ်တွေပေါ့။ ကျန်တဲ့ Desktop ကွန်ပျူတာတွေကတော့ အရောင်းပါးနေတဲ့အချိန်ဖြစ်တော့ အရောင်းအဝယ်ဖြစ်အောင်၊ မိတ်မပျက်အောင် အရင်းလောက်ရရင်လည်း ရောင်းနေရတယ်”ဟု ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းမှ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်း ဆိုင်ရှင်တစ်ဦးက ပြောသည်။

လက်ပ်တော့မော်ဒယ်သစ်များမှာ ဈေးနှုန်းကို မြန်မာငွေဖြင့် မသတ်မှတ်ဘဲ ဒေါ်လာဖြင့်သာသတ်မှတ်ထားပြီး ရောင်းချချိန်တွင် လက်ရှိပေါက်ဈေးဖြင့်တွက်၍ ရောင်းချခြင်းဖြစ်၍ ဈေးနှုန်းအပြောင်းအလဲမြန်ပြီး ဝယ်ယူလိုသူများမှာလည်း ချက်ချင်းမဝယ်ယူဘဲ စဉ်းစားကြသဖြင့် အရောင်းပို၍အေးကြောင်း၊ စားပွဲတင်ကွန်ပျူတာများနှင့် အခြားကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ မော်ဒယ်နိမ့်လက်ပ်တော့များမှာမူ ကျပ်ငွေဖြင့်သာ ဈေးသတ်မှတ်သဖြင့် ဒေါ်လာဈေးပြောင်းသော်လည်း ဒေါ်လာဈေးနှင့်တန်းတူ လိုက်မပြောင်းဘဲ အဆင်ပြေသည့်ဈေးနှုန်းတွင် ညှိနှိုင်းရောင်းချကြောင်း သိရသည်။

ဒေါ်လာဈေးနှုန်းများသည် ရန်ကုန်မြို့လယ် ပြင်ပဈေးကွက်တွင် စက်တင်ဘာ ၃၀ ရက်တွင် ရောင်းဈေး ၁၂၆၈ ကျပ် ရှိခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် ၁၂၈၅ ကျပ်အထိ ထိုးတက်ခဲ့သည်။ ထို့နောက် အောက်တိုဘာ ၅ ရက်တွင် ၁၂၈၀ ကျပ်နှင့် အောက်တိုဘာ ၆ ရက်တွင် ၁၂၇၆ ကျပ်အထိ ပြန်ကျခဲ့သည်။

မိုဘိုင်းဖုန်းဈေးကွက်မှာမူ အရောင်းသွက်ကာလ၊ အရောင်းအေးသည့်ကာလဟူ၍ မရှိဘဲ အမြဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေသဖြင့် ယခု ဒေါ်လာဈေး အပြောင်းအလဲများသည့် အချိန်တွင် မော်ဒယ်မြင့် ဖုန်းအချို့မှာ ဈေးအနည်းငယ်တက်သော်လည်း ဖုန်းအများစုမှာ ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ပုံမှန်ဈေးဖြင့်သာ ရောင်းချသလို ရောင်းအားကိုလည်း ထိခိုက်ခြင်းမရှိဘဲ ပုံမှန်အတိုင်းရှိနေကြောင်း သိရသည်။

**သူရဖြိုး**

# MyJobs ဝက်ဘ်ဆိုက်၏ အလုပ်အကိုင်ပြပွဲ ရန်ကုန်မြို့၌ နှစ်ရက်ကြာကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

MyJobs.com.mm ဝက်ဘ်ဆိုက်မှ ကြီးမှူးကျင်းပမည့် ၂၀၁၆ ခုနှစ် အလုပ် အကိုင်ပြပွဲကြီးကို အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ MCC (Myanmar Convention Center) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲကြီးတွင် ထိပ်တန်းကုမ္ပဏီပေါင်း ၃၀ ကျော်က ပါဝင်ပြသ၍ အလုပ်များခေါ်ယူသွားမည်ဖြစ်ပြီး အလုပ်နေရာများအဖြစ် အရောင်း၊ မားကတ်တင်း၊ စာရင်းအင်း၊ HR, Engineering အစရှိသည့် နယ်ပယ်ပေါင်းစုံမှ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ခေါ်ယူသွားမည် ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေလိုသူများအနေဖြင့် ပြပွဲတွင် ကုမ္ပဏီများဆီသို့ အခမဲ့ CV ဖောင်များတင်၍ အလုပ်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MyJobs.com.mm ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ထိပ်တန်း ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံတကာ ကုမ္ပဏီများအပါအဝင် ကုမ္ပဏီပေါင်း ၃၀၀ ကျော်မှ အလုပ်အကိုင်ပေါင်း ၃၀၀၀ ခန့်ကို စုစည်းဖော်ပြထားနိုင်ပြီဖြစ်ကာ ဝက်ဘ်ဆိုက်အသုံးပြုသူများအနေဖြင့် အွန်လိုင်းမှပင် အလုပ်အကိုင်များ ရှာဖွေလျှောက်ထားနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သူရဖြိုး**

**New Product**

# Xiaomi အသုံးပြုသူများ အကြိုက်တွေ့ဦးမယ့် စမတ်ဖုန်းသစ် Redmi Note 4



Redmi Note 4 ဟာ Xiaomi ရဲ့ လူကြိုက်များတဲ့ Redmi စီးရီးစ်ထဲက နောက်ဆုံး ထွက်ဖုန်းဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ ဩဂုတ်လက စဖြန့်ပြီး ပြည်တွင်းဈေးကွက်ကိုတော့ စက်တင်ဘာလအတွင်းက ဝင်ရောက်ထားပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၅ လက်မရှိပြီး Screen Resolution က 1080 x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်းကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်းက 6.0(Marshmallow) ကို သုံးထားပြီး UI ကိုလည်း နောက်ဆုံးဗားရှင်းဖြစ်တဲ့ MiUI 8.0 ကို သုံးထားလို့ Mi ဖုန်းအသုံးပြုနေသူတွေအတွက်တော့ အကြိုက်တွေ့စရာ ဖြစ်မှာပါ။

CPU ကလည်း (ဈေးကွက်အခေါ် CPU 10 လုံးပါတယ်လို့ ဆိုကြတဲ့) Deca-core ကို သုံးထားလို့ လက်ရှိဈေးကွက်မှာ တွေ့နေရတဲ့ CPU ရှစ်လုံး Octacore တွေထက် ပိုပြီး မြန်နှုန်းမြင့် စွမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ မင်မိုရီပိုင်းမှာတော့ RAM 2GB, အင်တာနယ်မင်မိုရီ 16 GB ပါဝင်တဲ့ Standard Edition နဲ့ RAM 3GB, အင်တာနယ်မင်မိုရီ 64 GB ပါဝင်တဲ့ High Edition လို့ နှစ်မျိုးထွက်ထားပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးရင်လည်း 256 GB အထိ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး HDR ဓာတ်ပုံ၊ 1080 pixels ဗီဒီယိုတွေကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ကင်မရာကတော့ ၅ မဂ္ဂါပစ်ဇယ်ပဲရှိလို့ ဆယ်လ်ဖီကင်မရာကို မဂ္ဂါပစ်ဇယ်များများနဲ့ ထုတ်လာကြတဲ့ အခြားဖုန်း မော်ဒယ်သစ်တွေနဲ့ယှဉ်ရင် အနည်းငယ်နိမ့်နေပါတယ်။ ဘက်ထရီပိုင်းမှာတော့ 4100 mAh Li-Po ဘက်ထရီပါဝင်တာကြောင့် စွမ်းဆောင်ရည်မြင့်ပါတယ်။

ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး မိုဘိုင်းနက်ဝပ်က GSM နဲ့ အင်တာနက်နက်ဝပ်ကို EVDO/LTE အထိ ထောက်ပံ့ပေးထားပါတယ်။

လက်ဗွေနဲ့ ဖွင့်ပိတ်နိုင်တဲ့ finger print စနစ်လည်း ပါဝင်ပြီး လုပ်ဆောင်ချက်အမြင့်တွေ ရရှိနိုင်မယ့် Xiaomi Redmi Note 4 ရဲ့အဓိကအားနည်းချက်ကတော့ SD ကတ်ကိုထည့်သုံးရင် ဒုတိယဆင်းကတ်ပေါက်မှာ ထည့်သုံးရတာကြောင့် မင်မိုရီကတ်သုံးမယ်ဆိုရင် ဆင်းကတ်တစ်ကတ်တည်း သုံးနိုင်မှာဖြစ်ပါတယ်။ ကိုယ်ထည်အရောင်က ရွှေရောင်၊ ငွေရောင်၊ မီးခိုးရောင် သုံးမျိုးထွက်ထားပြီး ပြည်တွင်းဈေးကွက်မှာတော့ RAM 3GB, အင်တာနယ်မင်မိုရီ 64 GB ပါဝင်တဲ့ High Edition ကိုပဲ ရောင်းချနေတာ တွေ့ရပါတယ်။ ဈေးနှုန်းက ကျပ် ၂၁၅၀၀၀ ဖြစ်ပါတယ်။ **သူရဖြိုး**

# အင်္ဂလန်နဲ့ ဂျာမနီတို့ အမှတ်ပြည့်ရယူဖို့ ကြိုးစားမယ့် ၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲ

မိုးမြင့်လင်းလက်



၂၀၁၈ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေကို အောက်တိုဘာ ၈ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေ သုံးမှတ်အပြည့်ရယူစုဆောင်းနိုင်ဖို့အတွက် အလေးအနက်ထားပြီး ကစားကြမှာဖြစ်လို့ ပွဲကောင်းတွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။ ဥရောပထိပ်တန်းကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေ ပါဝင်မှာဖြစ်တဲ့အတွက် ပရိသတ်တွေမပျက်မကွက်စောင့်မျှော်ကြည့်ရှုကြရမယ့်ပွဲတွေ ဖြစ်နေပါတယ်။

### ဂျာမနီနှင့် ချက်

ဖင်လန်နဲ့ နော်ဝေအသင်းတွေကို နိုင်ပွဲရအောင်ကစားခဲ့ပေမယ့် ပြင်သစ်ကို နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ဂျာမနီဟာ အခုပွဲမှာတော့ ချက်အသင်းကို အနိုင်ကစားဖို့ အားထုတ်ပါလိမ့်မယ်။ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ချက်အသင်းဟာ အာမေးနီးယားအသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲရထားသလို မြောက်အိုင်ယာလန်အသင်းကိုတော့ ဂိုးမရှိသရေပွဲဖြစ်ထားပါတယ်။ ဂျာမနီဟာ မျှော်မှန်းချက်အကြီးမားဆုံးထားရှိနေတာမို့ အသင်းလိုက်ရော တစ်ဦးချင်းပါ စွမ်းဆောင်မှုအားကောင်းတဲ့ ဂျာမနီတို့ပဲ ဒီပွဲကို အနိုင်ရသွားပါလိမ့်မယ်။

### အဇာဘိုင်ဂျန်နှင့် နော်ဝေ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် ဂိုးမရှိသရေပွဲဖြစ်ထားခဲ့ပါတယ်။ အဇာဘိုင်ဂျန်ရဲ့ ခြေစွမ်းက ထက်မြက်မှုမရှိဘဲ မက်ဆီဒိုးနီးယားကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးသလို ကနေဒါကို တစ်ဂိုးစီသရေပွဲဖြစ်ကာ ဆမ်မာရီနိုကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ နော်ဝေတို့က လောလောဆယ်ခြေစွမ်းကျဆင်းနေပြီး ဘယ်လ်ဂျီယံ၊ ဘီလာရုစ်နဲ့ ဂျာမနီတို့ကို ဆက်တိုက် ရှုံးပွဲကြုံထားပါတယ်။ အဇာဘိုင်ဂျန်တို့က လောလောဆယ်မှာ တစ်သင်းလုံးဟန်ချက်ညီညီနဲ့ ကစားနိုင်နေတာမို့ နော်ဝေကို အသာစီးရယူသွားနိုင်ပါတယ်။ အကြိုက်က နော်ဝေဖြစ်ပေမယ့် အနိုင်ရလဒ်က အဇာဘိုင်ဂျန်တို့ပဲ ဖြစ်သွားပါလိမ့်မယ်။

### အာမေးနီးယားနှင့် ရိုမေးနီးယား

လျင်လျင်မြန်မြန်နဲ့ ချိတ်ဆက်မိမိကစားနိုင်တဲ့ ရိုမေးနီးယားတို့က အာမေးနီးယားနဲ့ဆုံတိုင်း ရှုံးပွဲမရှိခဲ့ပါဘူး။ လက်ရှိခြေစွမ်းပိုင်းမှာလည်း ရိုမေးနီးယားတို့က ဆွစ်ဇာလန်နဲ့ မွန်တီနီဂရိုးအသင်းတွေကို တစ်ဂိုးစီသရေပွဲကစားနိုင်ပြီး ပုံမှန်ခြေစွမ်းရရှိနေပါတယ်။ အာမေးနီးယားတို့က ချက်အသင်းကို သုံးဂိုးပြတ်ရှုံးပြီး ဒိန်းမတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ဆက်တိုက်ရှုံးထားပါတယ်။ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ အာမေးနီးယားတို့ကို ရိုမေးနီးယားတိုက်စစ်မှူးတွေရအောင် ကျော်ဖြတ်ပြီး ဂိုးရအောင် သွင်းယူပါလိမ့်မယ်။ ဒီပွဲမှာ ရိုမေးနီးယားတို့အတွက် သုံးမှတ်ရမယ့်ပွဲပါပဲ။

### အင်္ဂလန်နှင့် မော်လ်တာ

ခြေစွမ်းပိုင်းအားရစရာမရှိသေးတဲ့ အင်္ဂလန်ဟာ အခုပွဲမှာလည်း မော်လ်တာအသင်းကို ရုန်းကန်ရပါလိမ့်မယ်။ အင်္ဂလန်တို့က အိုက်စလန်ကို ရှုံးပြီး ဆလိုဗက်ကီးယားကို တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာ မော်လ်တာကိုလည်း ခြေကုန်ထုတ်ရဖို့ ရှိနေပါတယ်။ မော်လ်တာတို့ကလည်း စကော့တလန်ကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးထားလို့ ဒီပွဲမှာ နိုင်ပွဲပြန်ရှာဖို့ ကြိုးစားပေမယ့် အင်္ဂလန်တို့နဲ့ ပွဲကျပ်ကစားရပါလိမ့်မယ်။ နည်းပြရောကစားသမားစုဖွဲ့မှုပါ မတည်မငြိမ်ဖြစ်နေတဲ့ အင်္ဂလန်ဟာ ဒီပွဲကိုနိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### မြောက်အိုင်ယာလန်နှင့် ဆမ်မာရီနို

မြောက်အိုင်ယာလန်နဲ့ ဆုံတိုင်း ဆမ်မာရီနိုတို့ နိုင်ပွဲရတာ နည်းပါတယ်။ လောလောဆယ်မှာတော့ မြောက်အိုင်ယာလန်ရဲ့ ခြေစွမ်းက အားရစရာမရှိပါဘူး။ မြောက်အိုင်ယာလန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် ဝေးလ်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးထားပြီး ချက်အသင်းကိုတော့ ဂိုးမရှိသရေပွဲဖြစ်ထားပါတယ်။ ဆမ်မာရီနိုတို့ကတော့ ခရိုအေးရှားအသင်းကို ၁၀ ဂိုးပြတ်ရှုံးထားပြီး အဇာဘိုင်ဂျန်အသင်းကိုတော့ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးထားပါတယ်။ တိုက်စစ်ထက်မြက်မှုမရှိတဲ့ မြောက်အိုင်ယာလန်တို့အတွက် ဒီပွဲမှာ မဖြစ်မနေနိုင်ပွဲကို ဖော်ဆောင်ရမှာဖြစ်လို့ သုံးမှတ်ဆိုတာ မြောက်အိုင်ယာလန်တို့အတွက်ပဲ ဖြစ်သွားမှာပါ။

### မွန်တီနီဂရိုးနှင့် ကာဇက်စတန်

နိုင်ပွဲတွေဆက်တိုက် ပျောက်ဆုံးနေတဲ့ မွန်တီနီဂရိုးတို့အတွက် ကာဇက်စတန်ဟာ အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးချနိုင်မလားကြည့်ရမှာ ဖြစ်ပါတယ်။ ကာဇက်စတန်တို့က တရုတ်၊ ကာဂျစ္စတန်အသင်းတွေကို ရှုံးထားပြီး ပိုလန်အသင်းကိုတော့ နှစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ မွန်တီနီဂရိုးတို့က သုံးဂိုးပြတ်နိုင်ပွဲရခဲ့တာရှိပေမယ့် လက်ရှိခြေစွမ်းအရ ဒီပွဲဟာ သရေရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။ ॥

---



## ဆောက်ဂိတ်ဟာ အောင်မြင်သောနည်းပြ ဖြစ်လိမ့်မယ်လို့ ဂျွန်စတုန်းဆို

ဆောက်ဂိတ်ဟာ အင်္ဂလန်အသင်းမှာ အောင်မြင်တဲ့ နည်းပြဖြစ်လာလိမ့်မယ်လို့ ဂျွန်စတုန်းက ပြောဆိုလိုက်ပါတယ်။ မန်စီးတီး ဗဟိုခံစစ်မှူး ဂျွန်စတုန်းဟာ အသက် ၂၁ နှစ်အောက် အင်္ဂလန်အသင်းမှာ လက်ရှိအင်္ဂလန် ယာယီနည်းပြဆောက်ဂိတ်လက်အောက်မှာ ၁၂ ပွဲ ထွက်ကစားခဲ့သူဖြစ်ပါတယ်။ အင်္ဂလန်အသင်းရဲ့ အောင်မြင်မှုကို ရယူပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိတဲ့အကြောင်း ဂျွန်စတုန်းက ဆိုပါတယ်။ ဂျွန်စတုန်းဟာ နွေရာသီက အဲဗာတန်မှ မန်စီးတီးသို့ ပေါင် ၄၇ ဒသမ ၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။ ဆောက်ဂိတ်ဟာ လွန်ခဲ့တဲ့ သီတင်းပတ်က ဆမ်အလာဒိုက်စ်ထွက်ခွာပြီးနောက် ယာယီနည်းပြဖြစ်လာခဲ့ပါတယ်။ ဆောက်ဂိတ်ဟာ ပွဲထွက်ကစားသမား အခင်းအကျင်း၊ နည်းဗျူဟာပိုင်းနဲ့ ပြိုင်ဘက်အသင်းအခြေအနေတွေကို သုံးသပ်နိုင်သူတစ်ဦးဖြစ်တယ်လို့ ဂျွန်စတုန်းက ဆိုပါတယ်။

## အမှတ်တရနေ့ ပြုလုပ်ခဲ့တဲ့ ဒေးဗစ်ဘက်ခမ်း

အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းက သူ့ရဲ့အမှတ်တရနေ့ တစ်ရပ်ပြုလုပ်ခဲ့ပါတယ်။ ဘက်ခမ်းဟာ လွန်ခဲ့သည့် ၁၅ နှစ်တာ အင်္ဂလန်အသင်းအတွက် ကစားခဲ့သူ ဖြစ်ပါတယ်။ သူဟာ အင်္ဂလန်အသင်းနဲ့အတူ ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားတွင် နောက်ဆုံးကစားပေးခဲ့ပါတယ်။ ဘက်ခမ်းဟာ အဲဒီ ၂၀၀၂ ခုနှစ် ဂျပန်နဲ့ တောင်ကိုရီးယား ပူးတွဲကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အလွတ်တည်ကန်ဘောကို ဂရိအသင်းနဲ့အင်္ဂလန်တို့ တစ်ဖက်နှစ်ဂိုးစီသရေကျတဲ့ပွဲမှာ သွင်းယူခဲ့ပါတယ်။ အင်္ဂလန်အသင်းကို အဲဒီနှစ်က ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ရောက်အောင် ပို့ပေးနိုင်ခဲ့ပါတယ်။ ဘက်ခမ်းဟာ အလွတ်တည်ကန်ဘော ကန်သွင်းရာမှာ ကမ္ဘာ့နာမည်ကြီး ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းနဲ့အတူ အလွတ်တည်ကန်ဘောနဲ့ နာမည်ကြီးခဲ့ပါတယ်။

## အာဆင်နယ်နဲ့အတူ လင်းလက်လာမယ့် အဲလက်စ်အိုင်ဝိုဘီ



ဧပြီလက တစ်ပတ်ကို ပေါင် ၂၅၀၀၀ နဲ့ ကစားနေတဲ့ အဲလက်စ်အိုင်ဝိုဘီဟာ အာဆင်နယ်အသင်းနဲ့အတူ လင်းလက်တောက်ပလာမယ့် ကြယ်တစ်ပွင့်ဖြစ်ပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံသား အိုင်ဝိုဘီဟာ လက်ရှိအချိန်မှာ အာဆင်နယ်အသင်းနဲ့အတူ ခြေစွမ်းပြကစားလာတဲ့ ကြယ်တစ်ပွင့်ဖြစ်ပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ အိုင်ဝိုဘီဟာ ခြေစွမ်းပြကစားလာမှုကြောင့် လစာနှစ်ဆတိုးပေးရဖွယ်ရှိနေပါတယ်။ မကြာမီ နည်းပြ ဝင်းဂါးရဲ့ အာဆင်နယ်အသင်းပွဲအစတွေမှာ ပါဝင်ကစားလာဖွယ်ရှိပါတယ်။

နည်းပြအာစင်ဝင်းဂါးက လူငယ်ကြယ်တစ်ပွင့်ဖြစ်တဲ့ အိုင်ဝိုဘီအား ဒီနှစ်ရာသီမှာ ဆန်းချက်ဇ်၊ အိုဇေးလ်၊ ဝဲလ်ကော့နဲ့ ချိန်ဘာလိန်းတို့နဲ့အပြိုင် ကစားသမားအဖြစ် ပြောင်းလဲကစားခွင့်ပေးဖို့ ရှိနေပါတယ်။ အနာဂတ်မှာ အာဆင်နယ်အသင်းနဲ့အတူ တောက်ပလာမယ့် ကြယ်တစ်ပွင့်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# ဂျိုက်ကာချေးငွေဖြင့် ကျွန်းစုမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းအတွက် ရေပိုက်များမြှုပ်နှံရန် ပိုက်လိုင်းများ စတင်တူးဖော်လျက်ရှိ



**ကျွန်းစု အောက်တိုဘာ ၇**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မြို့ပေါ်ရပ်ကွက်နေပြည်သူများအား တိုးချဲ့ ရေပေးဝေနိုင်ရေးအတွက် ရေပိုက်လိုင်းများမြှုပ်နှံရန် ပိုက်လိုင်းများ တူးဖော်ခြင်းနှင့် သွယ်တန်းခြင်းကို အောက်တိုဘာ ၅ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၏ (ODA Loan) ချေးငွေဖြင့် Oriental Consaltant ကုမ္ပဏီ၏ ဂျပန်ပညာရှင်များ ပါဝင်သောအဖွဲ့က ဦးဆောင်ကာ ကတ္တလူကျေးရွာ နဝရတ်ရေအိုင်မှ ကျွန်းစုမြို့အထိ ခုနစ်မိုင်ခန့်အကွာအဝေးမှစ၍ ရေပိုက်လိုင်းများသွယ်တန်းကာ မြို့ရေရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေပေးဝေရေးလုပ်ငန်းအတွက် အလျား ၂၈ပေ ၉လက်မ၊ အနံ ၂၈ ပေ ၉ လက်မ၊ အမြင့် ၆ ပေရှိ ရေသိုလှောင်ကန်တစ်ကန်နှင့် အလျား ၂၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၀ပေရှိ ရေစစ်ကန်တစ်ကန်ကို Building Myanmar Group ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိပြီး ရေပိုက်သွယ်တန်းရန်အတွက် အလျား ၁၉ ပေ ၅ လက်မရှိ ပိုက်အလုံးပေါင်း ၁၀၀၀ ကျော်နှင့် ခြောက်လက်မပိုက် အလုံးပေါင်း ၉၀၀ ကျော်ဖြင့် သွယ်တန်းသွားမည်ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါပိုက်လိုင်းများ မြှုပ်နှံနိုင်ရန် မြေတူးဖော်ခြင်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ရေကန်များကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသိန်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာများ အောက်တိုဘာ ၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်း လေးနှစ်ဆက်တိုက်အကောင်အထည်ဖော်ရန် မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲ မိုးကောင်းမြို့၌ ပြုလုပ်




**မိုးကောင်း အောက်တိုဘာ ၇**
မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန်အတွက် လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေနှင့် နည်းပညာပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်လျက်ရှိရာ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ လေးနှစ်ဆက်တိုက် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို မိုးကောင်းမြို့မိုးကောင်းခန်းမ၌ အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်က စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်နုက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် Ms. NoDoKa က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများက လူထုဗဟိုပြု စီမံကိန်း ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းကြပြီး ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဝင်းအောင်**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများပြုလုပ်

**လားရှိုး အောက်တိုဘာ ၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အခြားအခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ အောက်တိုဘာ ၄ ရက်က သွားရောက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းသန်းဦးဆောင်သောအဖွဲ့က ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်နီနီထွန်းဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်း၍ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးနှင့် စားသုံးသူတို့၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ တားမြစ်ချက်များနှင့် စားသုံးရန်မသင့်သော အစားအစာများ၊ အစပ်ချောင်းများ၊ အေးခဲအသားနှင့် ပင်လယ်စာများ၊ လက်လုပ်အချဉ်များ၊ ယင်နားအစားအစာများ၊ ဆိုးဆေးများအကြောင်းနှင့် စံမညီမြောင်းဆီ/ဝက်ဆီများအကြောင်းတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကာ ကျောင်းမုန့်ဆိုင်များတွင် စားသုံးရန်မသင့်သောမုန့်များ၊ သက်တမ်းလွန်/မှိုတက်နေသောမုန့်များ ရောင်းချမှုမရှိစေရန်လည်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် လားရှိုးမြို့နယ်အတွင်းရှိ အမှတ်(၁၂)အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းများတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို စက်တင်ဘာလကုန်ပိုင်းတွင် ပြုလုပ်ခဲ့ပြီးဖြစ်ကာ ကျောင်းရှိမုန့်ဈေးတန်းများတွင်လည်း စားသုံးရန်မသင့်သောမုန့်များနှင့် ရက်လွန်မုန့်များ ရောင်းချခြင်းမရှိစေရန် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# စပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်၌ မျိုးကွဲနုတ်ပယ်ခြင်း သရုပ်ပြ

**နတ်တလင်း အောက်တိုဘာ ၇**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာမှ တောင်သူငါးဦး စိုက်ပျိုးထားသော ကွင်းအမှတ်(၂၅၉) ရတနာတိုးစပါး မျိုးသန့်မျိုးစေ့ထုတ်ဧက ၂၀ စိုက်ကွက်၌ မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ အောက်တိုဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့်လွင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်တင့်မြလွင်က မျိုးသန့်စပါးထုတ်လုပ်ရန်အတွက် လယ်ယာမြေထွန်ယက်နည်း၊ မျိုးစေ့ချပုံနည်းစနစ်များ၊ စပါးအထွက်တိုးရန်အတွက် ဓာတ်မြေဩဇာအသုံးပြုပုံနည်းစနစ်များ၊ မျိုးမတူသောစပါးပင်များအား နုတ်ပယ်ခြင်းပြုလုပ်ရမည့်အချိန်ကာလများ၊ စပါးစိုက်ပျိုးရာတွင် ဟန်ချက်ညီညီပြုလုပ်နိုင်မှသာ မျိုးကောင်းမျိုးသန့်ရရှိနိုင်ပုံများနှင့် စနစ်တကျ မျိုးကွဲနုတ်ပယ်ခြင်းကြောင့် တစ်ဧကလျှင် စပါးတင်းရာကျော်အထိ ထွက်ရှိနိုင်ပုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးထားသောစပါးခင်းများကို ဒေသခံတောင်သူများက လေ့လာကြည့်ရှုကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးသူနှင့်ဝန်ထမ်းများက တောင်သူများအား မျိုးကွဲနုတ်ပယ်ခြင်းကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

**တင်မြင့်(နတ်တလင်း)**

# မွေးမြူရေးအခြေခံပညာသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိ

**ကျုံပျော် အောက်တိုဘာ ၇**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားသူများအား မွေးမြူရေးအခြေခံပညာ အသက်မွေးဝမ်းကျောင်း သင်တန်းကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးစီး၍ အောက်တိုဘာ ၅ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိဖွင့်လှစ်လျက်ရှိသောသင်တန်းမှာ ခြောက်ရက်ကြာသင်တန်းဖြစ်ပြီး စိတ်ပါဝင်စားသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်သူများအား ကြက်ခြေပြာသဘောမျိုးဖြစ်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တိရစ္ဆာန်များရောဂါကျရောက်ပါက သိရှိနိုင်ရန်၊ လူသို့ကူးစက်တတ်သောရောဂါများ ရှိသောကြောင့် ဖြစ်ပွားပါက ဌာနသို့ အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ မြို့နယ်အတွင်းတွင် မေထုန်မဲ့ မျိုးကောင်းမျိုးသန့်များ လျော့နည်းလာသောကြောင့် မေထုန်မဲ့သားစပ်နည်း တွင်ကျယ်လာစေရန်နှင့် စားကျက်မြေများလျော့နည်းလာမှုကြောင့် တိရစ္ဆာန်များ အစာရေစာ မရှားပါးစေရန်အတွက် မြက်စိုက်ခင်းများဆောင်ရွက်ရန် စသည့် အကြောင်းအရာများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဆွေမှုဟန်ထံမှ သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ နှစ်ရှည်ပင်နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့

**လွိုင်လင် အောက်တိုဘာ ၇**
လွိုင်လင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ခုနစ်စုမှ တောင်သူ ၆၀ အား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုးသီးနှံမျိုးစေ့ ၊ နှစ်ရှည်ပင် ပျိုးပင်များနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို လွိုင်လင်မြို့သာသနာ့ဗိမာန်ဓမ္မာရုံကြီး၌ အောက်တိုဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

ဘိန်းအစားထိုးသီးနှံမျိုးစေ့များအဖြစ် ပဲပုပ်နှင့် နေကြာမျိုးစေ့များ ဧက ၅၀ စာကိုလည်းကောင်း၊ နှစ်ရှည်ပျိုးပင်အဖြစ် ကြယ်ပဲ၊ ထောပတ်နှင့် ပိန္နဲ ပျိုးပင် ၂၅၀ ကိုလည်းကောင်း၊ ဓာတ်မြေဩဇာ အိတ် ၃၀ ကိုလည်းကောင်း ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးမိုမိုထွန်းတို့က တောင်သူ များထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ရပ်ကွက်(၁) လွိုင်လင်ရေကန်အောက်ရှိ တောင်သူတစ်ဦး၏လယ်မြေတွင် စိုက်ပျိုးထားသော စိုက်နည်းစနစ် ငါးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ကွင်း၌ စပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား လက်တွေ့ပြသပြီး စိုက်နည်းစနစ်များအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**

# တစ်နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးပေး

**ပလောက် အောက်တိုဘာ ၇**
မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းမှ အသက်တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို သားဖွားဆရာမ ဒေါ်အိအိထွေးနှင့်အဖွဲ့က အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၄ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ရပ်ကွက်အတွင်းရှိ တစ်နှစ်အောက်ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေး တိုက် ကျွေးခြင်း၊ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး(PCV) ထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ပလောက်မြို့၌ ကာကွယ်ဆေးများ ထိုးပေးခြင်းကို မြို့ပေါ် အခြားရပ်ကွက်များနှင့် ကျေးရွာများတွင်လည်း ဆက်လက်သွားရောက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## သတင်းတိုများ

### နမ့်စန်တွင် မျိုးဆက်သစ် ဘောလုံးဒိုင်လူကြီးသင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မျိုးဆက်သစ် ဘောလုံးဒိုင်လူကြီးများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တောင်တန်းလူငယ် လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မျိုးဆက်သစ် ဘောလုံးဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၁/၂၀၁၆)ကို အောက်တိုဘာ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီး သုံးဦးက အောက်တိုဘာ ၅ ရက် မှ ၁၂ ရက်အထိ တစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

### ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအားလှည့်လည်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ညွှန်ကြားချက်အရ မြင်းမူမြို့နယ်အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် ၁၁ ဆိုင်တွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချခြင်းရှိ/ မရှိနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိန်ဝင်း ဦးဆောင်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဝေမင်းထွန်း၊ ရေနံသိုလှောင်ဌာနမှ ဌာနစုမှူး ဦးကျော်မြင့်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးစိုးငြိမ်းတို့ ပါဝင်သောအဖွဲ့က ပုဂ္ဂလိက စက်သုံးဆီဆိုင်များကို အောက်တိုဘာ ၅ ရက်က လှည့်လည်စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ **(၀၇၇)**

### မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်၌ မျိုးကွဲနုတ်ပယ်ခြင်းသရုပ်ပြ

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသော ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ရတနာတိုး မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက် ဧက ၂၀ ၌ မျိုးကွဲများ စနစ်တကျနုတ်ပယ်ခြင်း နည်းပညာ လက်တွေ့ပြပွဲကို စက်တင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်လွင်နှင့် ခရိုင် ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က မျိုးစေ့ထုတ်စိုက်ကွက် ပီပြင်စွာဆောင်ရွက်ရန် မှာကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကွဲများ စနစ်တကျနုတ်ပယ်ခြင်း နည်းပညာများကို ဒေသခံတောင်သူများအား လက်တွေ့ကွင်းဆင်း ပြသခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### မြို့နယ်စာရေးဆရာအသင်း နာမကျန်းထောက်ပံ့ငွေပေးအပ်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စာရေးဆရာအသင်းမှ နာမကျန်းသူများနှင့် သေဆုံးသူ အသင်းဝင်များအား အဖွဲ့ရန်ပုံငွေမှ ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိရာ မျက်စိခွဲစိတ်ကုသမှုခံယူထားသော မြို့နယ်စာရေးဆရာအသင်း နာယက ဦးမြင့်ဦး(ဖြူးမြင့်ဦး) အား ထောက်ပံ့ငွေ ကျပ်သုံးသောင်းကိုလည်းကောင်း၊ လေဖြတ်ရောဂါဖြင့် ဆေးကုသမှုခံယူနေရသော ဖြူးမြို့နယ် ညောင်ပင်သာရွာနေ အသင်းဝင် ဦးထွန်းလွင်(မောင်ဖူးငုံ) အား ထောက်ပံ့ကြေး ကျပ်သုံးသောင်းကိုလည်းကောင်း အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း-ရွှေအင်း)နှင့် အတွင်းရေးမှူး ဦးဖြူဝင်း(တမာသင်းခိုင်)တို့က အောက်တိုဘာ ၄ ရက်တွင် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

### ကလေးငယ်များစာကြည့်တိုက်တွင်ပျော်ရွှင်စေရန်ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့၌ ကျောင်းသား ကျောင်းသူလေးများ ငယ်စဉ်အချိန်မှစ၍ စာကြည့်တိုက်နှင့် ရင်းနှီးကာ စာကြည့်တိုက်တွင် ပျော်ရွှင်စေပြီး ထိုမှတစ်ဆင့် စာပေဖတ်ရှုမှု အလေ့အထများ ရှိလာစေရန်ရည်ရွယ်ချက်ဖြင့် KG တန်း ကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲကို ပြန်/ဆက်ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့ပြီး ဆုရရှိသော ကလေးငယ်များအား မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ဆရာမများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများ လိုအပ်ချက်ကို ပြည်သူ့ဝန်ဆောင်မှုရုံးက မိုဘိုင်းအဖွဲ့အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**တပ်ကုန်း အောက်တိုဘာ ၇**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကျေးလက်ဒေသများနေ ပြည်သူများ၏ လိုအပ်ချက်များကို ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)မှ ဝန်ထမ်းများက မိုဘိုင်းအဖွဲ့အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၆ ရက်တွင် တပ်ကုန်းမြို့နယ် အလည်ကျွန်းကျေးရွာအုပ်စု အလည်ကျွန်းကျေးရွာမှ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစနေထွန်း ဦးဆောင်သည့် ပြည်သူ့ဝန်ဆောင်မှုရုံးဝန်ထမ်းများ မိုဘိုင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



မိုဘိုင်းအဖွဲ့တွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ ပါဝင်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဖွား/သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ၁၀ နှစ်ပြည့်၊ ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပျောက်ပျက်/လဲလှယ်ပေးခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသူများအား ထောက်ခံချက်ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြည်သူများအား သွေးပေါင်ချိန်ခြင်း၊ ရောဂါစစ်ဆေးပေးခြင်းနှင့် သွေးတိုးရောဂါ၊ သာမန်အအေးမိရောဂါ၊ အားနည်းမူးမော်ရောဂါများ ကုသပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာနေဒေသခံပြည်သူတွေ အမှန် တကယ်လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အိမ် ထောင်စုစာရင်း၊ မှတ်ပုံတင် ပျောက်/ပျက်တွေ ရှိပါ တယ်။ ဒီလိုအပ်တဲ့လုပ်ငန်းတွေကို မြို့ပေါ်ရုံးကို သွားရောက်လုပ်ကိုင်မယ်ဆိုရင် အသွား/အပြန်ခရီးစရိတ်၊ စားစရိတ်ကုန်ကျပြီး တောင်သူလုပ်ငန်းခွင်တွေဖျက်ပြီး သွားရတာရှိပါတယ်။ အခုလို ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ကျေးရွာအထိ တစုတစည်း လာရောက်ဆောင်ရွက်ပေးတဲ့အတွက် စရိတ်နဲ့ အချိန်ကုန်သက်သာတာကြောင့် စီစဉ်ပေးသူများနဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးမှ ဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်"ဟု မှတ်ပုံတင်ပျက်စီးမှုအတွက် လာရောက်လုပ်ကိုင်သည့် ဒေသခံတစ်ဦးဖြစ်သူ ဦးစိုးတင့်က ပြောသည်။

**တင်စိုးလွင်**

## ပြောက်အိုး၊ ရှူးဒိုင်းနှင့် ယမ်းများ ရောင်းချခြင်းမရှိစေရန် ရှောင်တခင်စစ်ဆေး



**ငပုတော အောက်တိုဘာ ၇**

ငပုတောမြို့ပေါ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ပွဲတော် ကာလများ၌ မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများပစ်ဖောက်ကစားခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း မရှိစေရန်အတွက် ကလေးကစားစရာအရောင်းဆိုင်များကို စစ်ဆေးရေးအဖွဲ့က အောက်တိုဘာ ၆ ရက်က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့မ ရဲတပ်ဖွဲ့ စခန်းမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော စစ်ဆေးရေးအဖွဲ့က ဈေးဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကာ ပြောက်အိုး၊ ရှူးဒိုင်းနှင့် ယမ်းများကြောင့် ပြည်သူများအထိတ်တလန့် ဖြစ်စေခြင်း၊ မသမာသူများက အကြောင်းရှာ အခွင့်အရေးယူကာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးကို ထိခိုက်စေနိုင်ခြင်းတို့ကြောင့် ရောင်းဝယ်ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ရန်နှင့် ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသန္တရအမိန့်ထုတ်ပြန် တားမြစ်ထားသည်ကို ဆိုင်ရှင်များအား အသိပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်သူ(ပြန်/ဆက်)**

## ကျေးရွာချင်းဆက်လမ်း ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်

**သနပ်ပင် အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သနပ်ပင်-မင်းရွာ ဆက်သွယ်ထားသော ဂဝံမြေသားခင်းလမ်းမှာ ယခုမိုးတွင်းကာလတွင် ပျက်စီးယိုယွင်းလျက်ရှိပြီး ဒေသခံပြည်သူများ သွားလာရေးခက်ခဲနေသဖြင့် ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ အောက်တိုဘာ ပထမပတ်မှ စတင်ပြုပြင်လျက်ရှိကြောင်း သိရသည်။ လမ်းပိုင်းတစ်လျှောက် ကျေးရွာများဖြစ်သော မင်းရွာ၊ သူဌေးကုန်း၊ မကြက်စု၊ ခရမ်းညောင်ပင်ကျေးရွာများမှ ကျောင်းထိုင်ဆရာတော်ကြီးများ၏ ဩဝါဒစကားအရ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၏ အလှူငွေထည့်ဝင်မှုဖြင့် ပြုပြင်ဆောင်ရွက်နေခြင်းဖြစ်ကာ လက်ရှိအချိန်တွင် ကျပ်သိန်းတစ်ရာကျော်ခန့် ကုန်ကျနေပြီး လုပ်ငန်းအားလုံးပြီးဆုံးရန်အတွက် သိန်းနှစ်ရာကျော်ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေး ဦးစီးပြီး မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ရဲမှူးခင်မောင်ဦးနှင့် စခန်းမှူး ဒုရဲမှူးသန်းဦးတို့ ပါဝင်သည့် မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းကို ရန်ကုန်ဘူတာကြီးရှေ့နှင့် အမှတ်(၁) အခြေခံပညာကျောင်းရှေ့တို့၌ အောက်တိုဘာ ၅ ရက်က ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများ ယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုနေစဉ်။

**ကျော်စိုးမိုး**



## ပြောက်အိုး ပစ်ဖောက်ခြင်းမပြုရန် လှည့်လည်အသိပေး

**မြင်းမူ အောက်တိုဘာ ၇**

မြင်းမူမြို့နယ်အတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုးနှင့် မီးရှူးမီးပန်းများ၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းမပြုကြရန် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီက တားမြစ်ထားပြီး တားမြစ်ချက်ကို ပြည်သူများသိရှိနိုင်ရန် မြင်းမူမြို့တွင်း၌ အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

ပြောက်အိုးနှင့် မီးရှူးမီးပန်းများ၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုးနှင့် မီးရှူးမီးပန်းများ၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းကို တားမြစ်ကြောင်းနှင့် ပစ်ဖောက်သူများ၊ ရောင်းချသူများအား ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဒေသန္တရအမိန့် ထုတ်ပြန်လိုက်ခြင်းဖြစ်ကာ တားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း လိုက်လံအသိပေးကြေညာနေခြင်းဖြစ်သည်။ **(၀၇၇)**

# ရော်ဘာအစေးခြစ်လုပ်ငန်းများ စတင်၊ ဈေးကောင်းရရန် စိုက်ပျိုးသူများမျှော်လင့်

**သထုံ အောက်တိုဘာ ၇**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင် ကျေးရွာများ၌ ရော်ဘာခြံလုပ်ငန်းလုပ်ကိုင်သူများသည် ယခုနှစ် တော်သလင်းလဆုတ်ပိုင်းမှ စတင်၍ ရော်ဘာအစေးခြစ်လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ပြင်ဆင်မှုများနှင့်အတူ စတင်ရော်ဘာအစေးခြစ်ယူနေကြပြီဖြစ်သည်။

ရော်ဘာအစေးခြစ်ရာသီသည် နှစ်စဉ် တော်သလင်းလဆန်းမှ စတင်ပြီး လဆန်းပိုင်းတွင် ခြံထွင်တောခုတ်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းခြင်း၊ အလုပ်သမားများငှားရမ်းခြင်းများ ပြုလုပ်ကြကာ တော်သလင်းလဆုတ်မှစတင်၍ ရာသီဥတုသာယာသည်နှင့် ရော်ဘာအစေးခြစ်ယူကြကြောင်း သိရသည်။

ရော်ဘာအစေးခြစ်ရာတွင် တစ်ကွက်စာကို ဒေသအခေါ် အပင် ၃၅၀ သတ်မှတ်ထားပြီး ရော်ဘာအစေးခြစ်အလုပ်သမားတစ်ဦး၏ တစ်ကွက်စာ တစ်လပျမ်းမျှလစာမှာ ကျပ် ၆၀၀၀၀ မှ ၈၀၀၀၀ အထိဖြစ်ကာ ခြံအနေအထား၊ အပင်အရေအတွက်နှင့် အကွာအဝေးကို မူတည်ပြီး ဈေးနှုန်းအမျိုးမျိုး ရရှိခြင်းဖြစ်သည်။ အလုပ်သမားလုပ်နိုင်သည့် အပင်အရေအတွက်အလိုက် ကျသင့်ငွေကို ခြံရှင်က လခစားပေးရသည်။ အစေးခြစ်အလုပ်သမားများသည် ရော်ဘာခြံများအတွင်း မိသားစုလိုက်နေထိုင်ပြီး တစ်ကွက်စာနှစ်ကွက်စာမှ ခြံလုံးကျွတ်ကို လစာနှင့်သော်လည်းကောင်း၊ ပုတ်ပြတ်သော်လည်းကောင်း လုပ်ကိုင်ကြကာ လုပ်နိုင်လျှင် လုပ်နိုင်သလောက် အခကြေးငွေရရှိသည်။ "ကျွန်မက နှစ်ကွက်စာ ခြစ်တယ်။ မနက်စောစော ၃ နာရီ အလုပ် စပြီးကော်ရေသိမ်းတော့ ကျောင်းတက်နေတဲ့သမီးလေးက ဝိုင်းလုပ်ပေးတော့ မနက် ၇နာရီအချိန်ဆို အလုပ်ပြီးပြီအဆင် ပြေပါတယ်"ဟု ဝင်းပကွက်သစ်မှ အစေးခြစ်အလုပ်သမဖြစ်သူ ဒေါ်မိစန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ရော်ဘာဈေးနှုန်းများမှာ လွန်ခဲ့သော လေးနှစ်ခန့်မှစ၍ ကျဆင်းလျက်ရှိရာ ယခုနှစ်တွင်မူ ဈေးကောင်းရရန် ရော်ဘာစိုက်တောင်သူများ မျှော်လင့်နေကြသည်။ သို့သော် ယခုနှစ် ရော်ဘာပေါက်ဈေးမှာ မိုင်းကျန်ပါတ်(၃) တစ်ပေါင်လျှင် ကျပ် ၆၉၀ သာရှိကြောင်း၊ နေလှန်းပြားတစ်ပေါင်လျှင် ကျပ် ၆၂၀ မှ ကျပ် ၆၅၀ အထိ ဝယ်ယူနေကြောင်း သုဝဏ္ဏဝတီမြို့မှ ရော်ဘာအရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ပြောသည်။

မွန်ပြည်နယ်အတွင်း ဒေသများတွင် ရော်ဘာရောင်းဝယ်ရာ၌ ဈေးနှုန်းများမှာ တစ်ပြေးညီ တူညီမှုမရှိဘဲ တစ်နေရာနှင့် တစ်နေရာ နေ့စဉ် ဈေးနှုန်းများ ပြောင်းလဲဝယ်ယူနေကြ၍ ဒေသခံများမှ ရော်ဘာရောင်းဝယ်ရာ၌လည်း ညီမျှမှုမရှိသည်ကို တွေ့ရသည်။ မွန်ပြည်နယ်သည် ရော်ဘာထွက်ကုန်ကို အားထားရသော ပြည်နယ်တစ်ခုဖြစ်ပြီး ယခုနှစ် စိုက်ပျိုးရာသီတွင် မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧကပေါင်း လေးသိန်းကိုးသောင်းကျော်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



## ဆေးကျောင်းသား ကျောင်းသူများက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်



**ရပ်စောက် အောက်တိုဘာ ၇**
ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ်အပိုင်း(က)မှ ဆေးကျောင်းသား ကျောင်းသူများပူးပေါင်း၍ ရပ်စောက်မြို့နယ်အတွင်းမှ ဒေသခံ သက်ကြီးရွယ်အိုများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဌာန၌ အောက်တိုဘာ ၅ ရက်က ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရပ်စောက်မြို့ရှိ အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား ကျန်းမာရေးအခြေအနေစမ်းသပ်စစ်ဆေးပေးခြင်း၊ လိုအပ်သောဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း စသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဘိုးဘွား ၅၀ ခန့် လာရောက်ကုသခံခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲပြုလုပ်

**ကျွန်းလှ အောက်တိုဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲကို မြို့နယ်စုပေါင်းရုံးခန်းမ၌ အောက်တိုဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးသန်းလွင်က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်ငွေက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ စားသုံးသူ၏အခွင့်အရေးများ၊ အစားအသောက်များတွင် မသုံးစွဲရန် တားမြစ်ထားသော ဆိုးဆေးလေးမျိုးအကြောင်းနှင့် အန္တရာယ်ရှိအစားအသောက်များကြောင့် ဖြစ်ပွားနိုင်သည့် ဆိုးကျိုးများအကြောင်းတို့ကို ပညာပေးဟောပြောခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ပြည်သူများ၏ ကျန်းမာရေးအတွက် ကုန်စုံဆိုင်များ/ကျောင်းတွင်းဈေးဆိုင်များ၊ ဆေးဆိုင်များကို စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ စစ်ဆေးလျက်ရှိပြီး စာသင်ကျောင်းများတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း မြို့နယ်တာဝန်ခံဦးအောင်ကျော်မိုးထံမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ယာဉ်မောင်းသူများ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမရှိစေရန် စစ်ဆေး

**မြောင်းမြ အောက်တိုဘာ ၇**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှုလျော့နည်း ပပျောက်စေရန်အတွက် အဝေးပြေးယာဉ်မောင်းသူများအား အရက်သေစာ သောက်စားခြင်းရှိမရှိ အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် အောက်တိုဘာ ၄ ရက်မှစ၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမှတ်(၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြောင်းမြ)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးလှထွန်းနှင့်အဖွဲ့က မြောင်းမြမြို့ ကွယ်လွယ်မြို့ဝင်ဂိတ်၌ အခြေပြု၍ ယာဉ်မောင်းသူများအား အရက်မူးတိုင်း ကိရိယာဖြင့် အရက်သောက်စားမောင်းနှင်ခြင်းရှိ/မရှိ တိုင်းတာစစ်ဆေးကာ အသက်ကယ်ထိုင်ခုံခါးပတ်များ ပတ်ထားရန် စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးမှုများကို ပညာပေးကာလအဖြစ် ယခု အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာပေးကာလကုန်ဆုံးပါက အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေး၍ အရက်သေစာသောက်စားထားသည်ကို တွေ့ရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြောင်းမြ)နှင့်အတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ဦးစီးအရာရှိ ဒေါ်သက်သက်ဦးနှင့် တာဝန်ရှိသူများကလည်း မော်တော်ယာဉ်များတွင် လုပ်ငန်းလိုင်စင်များလုပ်ဆောင်ရန် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



**အောင်မင်း(မြောင်းမြ)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်

**မုဒုံ အောက်တိုဘာ ၇**
မွန်ပြည်နယ် မုဒုံမြို့ အမက (မုဒုံဦး)ကျောင်းတွင် ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်ပြပွဲနှင့် ဟောပြောပွဲကို အောက်တိုဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် အမက(မုဒုံဦး)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးစန္ဒာထွန်းက ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းစာအပြင် အခြားဗဟုသုတရမည့်စာပေများကို လေ့လာဖတ်ရှုရမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပပြီး ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကာ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများကိုချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## ကျောင်း ၁၀ ကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးနေ

**ရေး အောက်တိုဘာ ၇**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၁၀ ကျောင်းမှ ကျောင်းသား ကျောင်းသူများ ၁၃၀၀ ခန့်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနနှင့် နော်ဝေအခြေစိုက် လူမှုကူညီရေးအဖွဲ့ (NRC) မွန်ပြည်နယ်ရုံးခွဲတို့ ပူးပေါင်းကာ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၅ ရက်က ရေးမြို့ အထက(၁) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးမျိုးခိုင်က နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စတင်ပြုလုပ်ရမည့်အချိန်၊ လဲလှယ်ရမည့်အချိန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခြင်း၏ အခက်အခဲများ၊ နိုင်ငံသားများ၏ တာဝန်များအကြောင်းကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။

နော်ဝေအခြေစိုက်လူမှုကူညီရေးအဖွဲ့ (NRC) ၏ ရေးမြို့နယ်ကွင်းဆင်းတာဝန်ခံ ဒေါ်သန္တာစိုးက ကွင်းဆင်း ဆောင်ရွက်ပေးနေသည့်အချိန်အတွင်း ကျောင်းမှတာဝန်ရှိသူများအပြင် ကျေးလက်နေသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ဆိုင်သော သတင်းအချက်လက်များကို ကိုယ်တိုင်ကိုယ်ကျစုံစမ်းမေးမြန်းပြီး ပူးပေါင်းချိတ်ဆက်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

**နေမျိုးထွဋ်(ရေး)**


ဝါကျွတ်ချိန်တန် ကန်တော့ရန် လက်ဆောင်မွန်
အမြင့်မားဆုံးဂါရဝတရားကို
အကောင်းဆုံးပြသနိုင်ဖို့ အမြတ်ဆုံးလှူဖွယ်ပစ္စည်း
Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး
Manufactured by
DAEWON PHARM. CO., LTD.
Seoul Korea
ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့ 'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ ...
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50
MEDICAL


အူရီဒူးမှ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံကို
ပိုမိုတောက်ပ ကောင်းမွန်တဲ့ အနာဂတ်နဲ့ ချိတ်ဆက်ပေးနေပါပြီ။
မြန်မာ့အမြန်ဆုံးကွန်ရက်သာမက Pact မြန်မာနဲ့ အတူ အခမဲ့ရွေ့လျားဆေးခန်းတွေကတစ်ဆင့် ဝေးလံတဲ့
ကျေးရွာတွေအတွက် ပိုပြီးကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေနဲ့ ချိတ်ဆက်ပေးနေပါတယ်။
ooredoo
pact building local promise.

ထွန်းကရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ရှန်(၂)တောင်ဒဂုံ။

လမ်းမတန်းနေရာကောင်း ၂ထပ်တိုက်ရောင်းမည်
ဘဏ်ဖွင့်ရန်၊ ရုံးဖွင့်ရန်၊ ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် ကောင်းမွန်သည်။
မြောက်ဥက္ကလာအပိုင်း၊ (ယ)ရပ်ကွက်၊ သုခမ္မာလမ်းမပေါ်၊ ၂၀'×၆၀'
BN (၂)ထပ်၊ 1MBR၊ 1BR၊ ဆက်သွယ်ရန်
09430 21001 သိန်း(၃၈၀၀)ညှိနိုင်း

ကံ့ကော်ရိပ်
၂၀၁၆– ၂၀၁၇ ပညာသင်နှစ်
အဋ္ဌမတန်း Grade 8
ကြိုတင်လေ့ကျင့်ရန်
မေးခွန်း (၅) စုံနှင့် စံပြအဖြေများ
မြန်မာစာ ဦးထွန်းသန်း (ပါမောက္ခ–ငြိမ်း)
အင်္ဂလိပ်စာ UTA (ရန်ကုန်တက္ကသိုလ်)
သင်္ချာ Dr.TW(Maths.)
ပထဝီ ဒေါက်တာမမြင့် (ရန်ကုန်တက္ကသိုလ်)
သမိုင်း ခင်စုမေ (သမိုင်းဌာန)
သိပ္ပံ ဒေါက်တာနီ
ထပ်မံလေ့ကျင့်ရန်
အခန်းလိုက်မေးခွန်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုထားပါသည်
ဘာသာစုံ ၃၀၀၀ ကျပ်
သင်ကြားရေး သင်ထောက်ကူမေးခွန်းနှင့်အဖြေများ
ကောရိစ်စာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊၀၉၅၁ ၂၉၆၇၀၊၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။


# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမှတ်စဉ်(၇၇) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် တပ်မတော်(လေ)အတွက် အင်အားသစ်တစ်ရပ် ပိုင်ဆိုင်နိုင်စေခြင်းဖြစ်သောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ စစ်ရေးပြအခမ်းအနား၊ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားများသို့ တက်ရောက်ခွင့်ရသည့်အတွက်လည်း အထူးလေးစား ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)များ**


The 4th International Construction, Power & Mining Exhibition
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ
CONSTRUCTION, POWER & MINING
Myanmar 2016
3in1
13-15 October 2016
Myanmar Event Park (MEP)
9.00-17.00 Hrs.
New Venue MEP
Including:
• Over 200 leading companies from around the world
• 5 international groups from China, Germany, Korea, Singapore and Thailand
• Industry Conferences & Seminars
ပါဝင်သည် :
• ကမ္ဘာအနှံ့မှဦးဆောင် ကုမ္ပဏီ ၂၀၀ ကျော်
• တရုတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၅)ခန်း
• လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ
စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။
အသက် (၁၈) နှစ်အောက်ဝင်ရောက်ခွင့်မပြုပါ။
Visitors can pre-register online or onsite at the exhibition
www.cpmmyanmar.com
Supported by
MCEA
Acknowledged by
Platinum Sponsor
Z&A
Organised by





**ဖခင်အမည်မှန်**
သန်လျင်မြို့နယ်၊ TTEC ကိုယ်ပိုင် အထက်တန်းကျောင်း အဋ္ဌမတန်း(A)မှ မောင်သော်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁၁/သတန(နိုင်)၀၅၀၅၃၆ဖြစ်ပါကြောင်း။ **ဦးစန်းလွင်**

**အမည်ပြောင်း**
ဦးသန်းထိုက်၏သမီး အထက(၂)သဃ်န်းကျွန်း နဝမတန်း(B)မှ မအေးလင်းလတ်အား မယမင်းပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မယမင်းပိုင်**

**မိဘအမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒို(၂)ကွက် အထက(ခွဲ) ဆဋ္ဌမတန်းမှ စောသကြ်န်ကိုကိုနှင့် ဒုတိယတန်းမှ စောဝင်းကိုကိုတို့၏ မိဘအမည်မှန်မှာ ဦးမောင်ငွေး ၈/ပမန(နိုင်)၀၇၉၅၀၂၊ နော်သွေဖောထူး ၇/ကတခ(နိုင်)၁၀၈၈၄၈ ဖြစ်ပါသည်။ **ဦးမောင်ငွေး–နော်သွေဖောထူး**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(ခွဲ) ကိုင်းပြင်ကြီး အဋ္ဌမတန်း(က)မှ မရွှေရည်ဖူး၏ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၇/လပတ(နိုင်)၁၀၇၄၆၀ ဖြစ်ပါသည်။






Singapore (direct) Sale Fare from USD 49
Visit our Jetstar booth at the first ever Singapore Festival in Myanmar! We'll be at Myanmar Plaza, Ground Floor, from today until 9th October, between 10am to 9pm. So come on down to book your flights now!
jetstar.com Jetstar
Sale Fare has limited availability, until sold out. Sale Fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

**အားမာန်**
B.Ed ဝင်ခွင့်ဖွင့်ပြီ
သီတင်းကျွတ်ပိတ်ရက်တန်းခွဲ
နေ့ရေးစီစဉ်ပေးမည်။
အမှတ်(၈၆)၊ (၃ လွှာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁-၃၇၄၄၇၀၊ ၀၉၂၅၀၃၁၂၇၉

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်းရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
Ph: 09254009334, 09254009335, 09254009336

**မြတ်သဒ္ဒါ**
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်
09 5014601
09 73228290

**အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဖခင် ဦးခင်မောင် ၁၄/ပသရ(နိုင်)၀၄၈၅၃၂ ၏သမီး အမက (၆) စတုတ္ထတန်း(C)မှ မအိအိဖြိုး (အစား) မအေးသန္တာမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးသန္တာမောင်**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မကေသွယ်စိုးလှိုင် ၁၂/အစန(နိုင်)၁၉၅၉၆၀ ၏ နိုင်ငံကူးလက်မှတ် M487683 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၇၂၄၂၄၈**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ဂိုမ်းသက်ထွန်း ၆/ကသန(နိုင်)၀၃၇၅၁၃၏ မှတ်ပုံတင်နှင့် နိုင်ငံကူးလက်မှတ် MB-028239 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၇၄၄၈၀**

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။
ဗုဒ္ဓဘုရားဟောဖော်ကြားသည့် – လေးပါးသြသဓဆေးမည်စွာ
ဦးဘညိန်–သား
စတုမဓု
ကေမ္ဘာဆေးတိုက်မှထုတ်လုပ်သည်။
TMR-003261
ဆိုင် – ၂၈၊ ဗိုလ်ချုပ်ဈေး(မြောက်ဖက်တန်း)၊ အပေါ်ထပ်။ ဖုန်း–၂၄၀၉၆၆ (လိုင်းခွဲ)၄၁၅
ပင်ရင်း – ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း–၀၁ ၅၄၉၁၁၆




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲတွင် လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းနှင့် စမ်းသပ်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၂၆ နှင့် ၀၆၇-၄၃၁၁၁၆ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ စတင်ရောင်းချမည့်ရက်** - ၆-၁၀-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃-၁၁-၂၀၁၆ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | Bachelor of Veterinary Science (B.V.S) |
| | (၅)နေရာ | Bachelor of Agricultural Science (B.Agr.Sc) |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
- (က) အမည်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
- (ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
- (င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
- (ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
- (ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူနှင့် နောက်ဆုံးနှစ်အမှတ်စာရင်းမိတ္တူ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း၊
- (င) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊
- (စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
- (ဆ) နိုင်ငံ့တာဝန်အား အနည်းဆုံး (၅) နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ် (၄) သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၄။ လျှောက်လွှာပိတ်ရက်တွင် အသက် (၃၅)နှစ် မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို ၂၅-၁၀-၂၀၁၆ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်ကြီးဇေယျာလမ်း၊ စပယ်အိမ်ရာရှေ့၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံးဝ) လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ နှုတ်ဖြေစာမေးပွဲကို နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၌ ၂၇-၁၀-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက နေပြည်တော်အစားအသောက်နှင့် ဆေးဝါကွပ်ကဲရေးဦးစီးဌာန ရုံး ဖုန်း-၀၆၇-၄၀၃၁၇၁၊ ၀၆၇-၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမျိုးသမီးယာဉ်မောင်း အလိုရှိသည် (အမြန်)

ကျန်းမာရေးကောင်းမွန်ရမည်။
(မျက်စိမှုန်သူမဖြစ်ရ)
သက်တမ်းရှိ လိုင်စင်ရှိရမည်။
**စုံစမ်းရန် ဖုန်း-၀၉-၄၂၁၇၅၃၉၈၈၊ ၀၉-၉၇၈၈၇၆၄၃၀**

## အိမ်ရောင်းမည်

၁၄/၂ မြင်သာ မိုးစွေလမ်း၊ ပေ ၆၀× ပေ ၇၀ **2RC. 2MB.2.B.** ပါဝါ ဆားဗစ်ကွာတာ **7.AC.**
**ဈေးနှုန်း သိန်း ၆၈၀၀ ခန့်**
**ဖုန်း-၀၉-၄၂၁၁၁၀၈၃၅၊ ၀၉-၅၀၁၆၀၂၁၊ ၀၉-၇၇၆၇၉၉၇၃၁**

## မြေရောင်းရန်

**ဒဂုံမြို့သစ်(၄၀'×၆၀')**
**၅၉ သိန်း(ပွဲစားမလို)**
**ဖုန်း-၀၉-၄၅၇၆၉၁၄၁၃**

## ခြံရောင်းမည်

**တိုက်ကြီးလမ်းမေးတင် ရေမီးစုံ မျက်နှာ၀ပေ ၆၀၀ ခန့် မြေဖို့ရန်မလို**
**ဖုန်း-၀၉-၉၆၂၉၈၇၆၀၅၊ ၀၉-၇၉၉၅၉၁၀၈၂၊ ၀၉-၄၅၂၃၀၅၅၆**

## လုံးချင်းအိမ်ငှားမည်

ခြံ ၄၀×၄၅ ပေ၊ လုံးချင်းနှစ်ထပ်တိုက်သစ်၊ ၈၃၀ စတုရန်းပေ၊ MBR ၁၊ BR ၂၊ AC ၂၊ ရေပူရေအေး၊ (ရေချိုးခန်း+ဘိုထိုင်-၂စုံ)၊ ကားဂိုဒေါင်၊ ပတ်လည်အုတ်ခြံစည်းရိုးခတ်၊ ဆိတ်ငြိမ်ရပ်ကွက်၊ ပါမောက္ခလမ်း၊ အောင်သိဒ္ဓိ၊ မရမ်းကုန်းမြို့နယ်။
**ဖုန်း-၀၁-၆၄၆၂၈၉၊ ၀၉-၄၃၀၄၁၆၁၆၊ ၀၉-၂၅၄၃၄၃၈၈၃**

## အိမ်ရောင်းမည်/ငှားမည်

**တာမွေမြို့နယ်၊ မွေ့ဒါနလမ်း၊ (၁၂½'×၆၀') မြေညီထပ်၊ Hall Type Orange ကုန်တိုက်အနီး**
**အရောင်း (၅၅၀ သိန်း)၊ အငှား (၃သိန်း ၈သောင်း)**
**စုံစမ်းရန် ဖုန်း-၀၉-၂၆၀၁၉၇၆၂၉၊ ၀၉-၇၃၂၃၇၉၀၆၊ ၀၉-၄၅၅၇၅၄၅၈**

## အမည်မှန်နှင့် မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒို အထကကျောင်း၊ ဆဋ္ဌမတန်း (B) မှ မပူနား၏အမည်မှန်မှာ မပူနော(မ်)ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးဠှာဟာလာ ၇/ကတခ(နိုင်)၁၃၅၄၆၆၊ ဒေါ်ရာချ်ကပီယာ ၇/ကတခ(ပြု)၀၁၄၂၇၄ ဖြစ်ပါသည်။
**မပူနော(မ်)၊ဦးဠှာဟာလာ၊ဒေါ်ရာချ်ကပီယာ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ (၂)ကွက် အထက (ခွဲ) သတ္တမတန်းမှ မနန်းဝေဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၁၂/တတန(နိုင်)၀၉၉၇၇၃ ဖြစ်ပါသည်။
**ဦးမောင်မြင့်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် Nuclear Research Building အဆောက်အအုံ(၁)လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် Nuclear Research Building အဆောက်အအုံ(၁)လုံး ဆောက်လုပ်ခြင်း

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၁၀-၁၀-၂၀၁၆ ရက်မှ ၁၄-၁၀-၂၀၁၆ရက်အထိ(ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁၁-၂၀၁၆ ရက်၊ ၁၄း၀၀ နာရီ

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပညာရေးဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်

၆။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၅၀၁၊ ၀၆၇-၄၀၄၅၀၂၊ ၀၆၇-၄၀၄၁၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www.daemyanmar.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် (မွမ်းမံ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လားရှိုးမြို့နယ်၊ မန်းပွဲအုပ်စုအတွင်းရှိ မြေသားလမ်း (၄/၀) မိုင်နှင့် နမ့်မျှော်ချောင်းကူးသစ်သားတံတား(၁၀၀') (၁) စင်းလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၂။ (က) **တင်ဒါစတင်ရောင်းချမည့်နေ့ရက်** - ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၈-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)
(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - ၉-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)

၃။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း ၀၈၁-၂၁၂၄၂၅၀၊ ၀၈၁-၂၁၂၄၄၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း (ဘွဲ့နှင်းသဘင်ခန်းမအတွင်းမပါ) ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း

၂။ **တင်ဒါသက်တမ်း** - ၈-၁၁-၂၀၁၆ ရက်မှ ၇-၁၁-၂၀၁၇ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန

၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၁၀-၂၀၁၆ ရက်(တနင်္လာနေ့)၊ ရုံးချိန်အတွင်း

၅။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၆ ရက်(သောကြာနေ့)၊ ရုံးချိန်အတွင်း

၆။ **တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ** - ၁၈-၁၀-၂၀၁၆ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၀၀ နာရီ၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၃၄၀၂၄၊ ၀၁-၅၃၄၀၉၈ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ရန်ကုန်တက္ကသိုလ်၏ (၁၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း

၂။ **တင်ဒါသက်တမ်း** - ၁၂-၁၁-၂၀၁၆ ရက်မှ ၁၃-၁၁-၂၀၁၆ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန

၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၁၆ ရက်(သောကြာနေ့)၊ ရုံးချိန်အတွင်း

၅။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၁-၁၀-၂၀၁၆ ရက်(သောကြာနေ့)၊ ရုံးချိန်အတွင်း

၆။ **တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ** - ၂၈-၁၀-၂၀၁၆ ရက်(သောကြာနေ့) မွန်းလွဲ ၂း၀၀ နာရီ၊ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၃၄၀၂၄၊ ၀၁-၅၃၄၀၉၈ တို့သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ လူနေရပ်ကွက်အမှတ် သုခဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၃၃၈၅၉)၏မြေကွက်အမည်ပေါက် ဦးတင်မောင်ရည်သည် ကွယ်လွန်သွားပါသဖြင့် အမွေခံများဖြစ်ကြသော(၁) ဦးစိုးမြင့်ဝင်း ၉/မရမ(နိုင်)၀၀၂၀၄၇ (ဘ) ဦးလှ၊ (၂) ဒေါ်သင်းသင်းမိုး ၉/မရမ(နိုင်)၀၁၀၅၆၅(ဘ)ဦးလှ မှ တရားဝင်အမွေခံများဖြစ်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီအထောက်အထားများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၁၈၀၀၀၀- ၂၀၀၀-၁၉၀၀၀၀)ရာထူးခုနစ်နေရာ၊ အငယ်တန်းစာရေး(လစာနှုန်းကျပ်-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူးကိုးနေရာ၊ ရုံးအကူ(လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရာထူး ၃၀နေရာတို့အတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။

(၂) ၁-၁၀-၂၀၁၆ရက်တွင် အသက် ၃၀နှစ်ထက်မကြီးသူဖြစ်ရမည်။

(၃) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း ငါးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(၄) ပညာအရည်အချင်းသတ်မှတ်ချက်အနေဖြင့်
- (က) အငယ်တန်းသတင်းထောက်ရာထူးအတွက် မြန်မာစာ/အင်္ဂလိပ်စာထူးချွန်ရမည်။ စာပေရေးသားခြင်းနှင့်ပတ်သက်၍ ဝါသနာပါပြီး အလေ့အကျင့်ရှိသူဖြစ်ရမည်။ စာပေနှင့်ပတ်သက်သည့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူများကို ဦးစားပေးခန့်ထားမည်။ (ဆုရရှိခဲ့ဖူးပါက ထောက်ခံချက်/ဆုလက်မှတ် ပူးတွဲတင်ပြရမည်။)B.A(English)(သို့) B.A(Myanmar)(သို့) B.A(English)UFL(သို့)M.A(English)(သို့)M.A(Myanmar)(သို့)B.A(Journalism) ဘွဲ့ရရှိသူဖြစ်ရမည်။
- (ခ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူဖြစ်ပြီး ပညာအရည်အချင်းပေါ်မူတည်၍ ဦးစားပေးစဉ်းစားမည်။
- (ဂ) ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွက် အသုံးဝင်မည့်အတတ်ပညာတစ်ခုခုထူးချွန်ပါက ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။

(၅) ဝန်ထမ်းဖြစ်ပါက ၁-၁၀-၂၀၁၆ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲခွင့်ပြုချက်နှင့် လျှောက်ထားရမည်။

(၆) ရာထူးအားလုံးအတွက် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှောက်ထားရမည်-
- (က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးအချက်အလက် (ဓာတ်ပုံကပ်ပြီး)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) ပညာအရည်အချင်းထောက်ခံချက်မိတ္တူ
- (ဃ) အိမ်ထောင်စုစာရင်းမိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်(လေဘာ)မိတ္တူ
- (စ) လွန်ခဲ့သည့် ခြောက်လအတွင်းက ပြုလုပ်ထားသည့် ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာမူရင်း

(၇) လျှောက်လွှာများကို ၃၁-၁၀-၂၀၁၆ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၄၁၂၀၂၈တို့သို့ ပေးပို့ရမည်။

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၁-၁၁-၂၀၁၆ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တည်နေရာ |
|---|---|---|---|
| ၁ | ၃/၂၀၁၆ | တာယာအဟောင်း (၄၃၁၅)လုံး ဘက်ထရီအဟောင်း (၄၉၅)လုံး | ဓနိတောပင်မဌာနကြီး၊ မန္တလေးပင်မဌာနကြီး ပဋ္ဌနဂိုရ်ပင်မဌာနကြီး၊ ချောက်ပင်မဌာနကြီး၊ ရွှေညောင်ဌာနခွဲ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၆ရက်မှစတင်၍ ဓနိတောပင်မဌာနကြီး၊ မန္တလေးပင်မဌာနကြီးနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄၊ ၀၆၇-၄၁၁၄၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (B) မှ မကျော့ကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်း ၈/မတန(နိုင်)၀၀၅၂၆၀ ဖြစ်ပါကြောင်း။
**ဦးဆန်း**

## ဖခင်အမည်မှန်

မူဆယ်မြို့ အထက (၁) အလယ်တန်းပြဆရာမ ဒေါ်အေးသီတာထွန်း ၁၃/လရန(နိုင်)၁၇၆၉၀၃ ၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်(ခ)ဦးအာဘူးကရှမ်း ဖြစ်ပါကြောင်း။
**ဒေါ်အေးသီတာထွန်း**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထကရုံးပင်စောက် သတ္တမတန်းမှ မောင်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၉/မလန(နိုင်)၀၉၅၁၀၄ ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ နယ်မြေ (၅) နေ ကျွန်တော် မောင်မြင့်စိုးမိုးနိုင် ၁/မကန(နိုင်)၂၀၈၈၄၉ နှင့် မောင်စိုးမိုးနိုင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

## အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာနေ (ဘ)ဦးကျော်မြင့်၏သား ၉/ပမန(နိုင်)၂၀၅၃၃၇ ၏ အမည်မှန်မှာ ကျော်မျိုးမင်းဖြစ်ပါကြောင်း။
**ကျော်မျိုးမင်း**

## မွေးသက္ကရာဇ်အမှန်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်နေ ဦးလှစိုး၏သား ဦးနေဝန်း ၇/ဖမန(နိုင်)၀၆၅၃၁၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၇-၁၉၆၈ ဖြစ်ပါကြောင်း။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်နေ ဦးဂိုးလ်ဘတ်လူးဝမ်၏သမီး မလော်ရင့်(စ်)၏အမည်မှန်မှာ ဖလော်ရင့်(စ်) ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးစိုးအောင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မသဲသဲအား မသဲအိဟု ပြောင်းလဲခေါ်ပါရန်။
**မသဲအိ**

## ဖခင်အမည်မှန်

ရေစကြိုမြို့နယ်၊ မအူအောက်ဆိပ်၊ အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်း(C)မှ မောင်ကောင်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၅/ယမပ(နိုင်)၀၅၄၉၄၈ဖြစ်ပါကြောင်း။
**ဦးဇော်ဝင်း**

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ မမိုးစက်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၉/မလန(နိုင်)၀၀၀၈၄၇ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဇမ်းကပ်လျန်း၏သား ကလေးမြို့၊ သဇင်ရပ်ကွက်၊ နယ်မြေ (၈) နေ မောင်ဂင့်ဇုန်းခိုင် နှင့်မောင်ဂင့်ဆုန်းခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ဂင့်ဇုန်းခိုင်(ခ)မောင်ဂင့်ဆုန်းခိုင်**
**၅/ကလထ(နိုင်)၂၀၈၄၄၀**

## ပျောက်ဆုံးကြောင်း

ရတီဖာကုမ္ပဏီ၏ သွင်းကုန်လိုင်စင်အမှတ် W.R.IL.I 15.168353 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၂၀၈၂၉၁**

## မှတ်ပုံတင်ပျောက်ဆုံး

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ နယ်မြေ(၅) နေ ကျွန်တော် ဦးရွှေဝင်း (MKA-147651)၏ မှတ်ပုံတင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၄၁၀၉၉၆၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ခံတိုးမြို့သာကျေးရွာနေ မမြင့်မြင့်အေး ၅/ကလထ(နိုင်)၁၉၇၁၉၈၏ဖခင် ဦးတင်ဆွေ ၅/ကလထ(နိုင်)၀၈၃၆၀၄(ခ) ဦးတင်ရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးတင်ဆွေ(ခ)ဦးတင်ရွှေ**

## ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ) -၃ တက္ကသိုလ်ဝင်တန်းမှ နန်းသင့်သဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစောထွန်းကျော် ဖြစ်ပါကြောင်း။
**ဦးစောထွန်းကျော်**
**၃/ဘအန(နိုင်)၁၀၇၁၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၅၃၃ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေအောင် ၅/ယမပ(နိုင်)၀၄၂၉၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန(မုံရွာ)**

TRADE BPI® MARK
SINCE 1957

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) နှင့် ဆေးဝါးစက်ရုံ (ကျောက်ဆည်) တို့မှ ထုတ်လုပ်သည့် အရည်အသွေးမြင့်စစ်မှန်သော BPI® အမှတ်တံဆိပ် ဆေးဝါးများအား (၆.၉.၂၀၁၆) မှစ၍ အောက်ပါကုမ္ပဏီကိုယ်စားလှယ်ကြီးများမှတစ်ဆင့် မှန်ကန်သော စျေးနှုန်းဖြင့် နိုင်ငံတဝှမ်းသို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း အများပြည်သူသို့ လေးစားစွာအသိပေးအပ်ပါသည်။

**UOK Trading Co,Ltd**
တောင်ကြီးဆေးဆိုင် (ယာယီရွှေမင်္ဂလာဈေး)
ဆိုင်အမှတ် - ၂၀၄၊ ၂၀၅ (တတိယထပ်)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
Ph : 09-5150333, 09-73043428,09789727366



**MEDI-TECH BIZ CO., LTD.**
ENHANCING LIFE
Address : No- 22, Thityarpin Street, Thuwanna Quarter, Thingangyun Township, Yangon, Myanmar
Phone : (+951) - 8566360, (+959) - 31405678
Fax : (+951) - 8566360
E-mail : contact@mtbmyanmar.com
Website : www.mtbmyanmar.net

PHAMEDIC CO., LTD
NO. A-11, CORNER OF 30THX 57THSTREET,
CHANAYETHARZANTOWNSHIP,MANDALAY
TEL: 02-74228, 09-973566043

EMP
ISO 9001 : 2008
YANGON PH : 01-570 197, 01-85 000 81
MANDALAY PH : 02-31363, 09-910 15701,
09-7977 56582, 09-7977 56583
TAUNG GYI PH : 09-49350664/ LASHIO PH : 09-47301433
KENG TUNG PH : 09-5250132

BioTrust
Building No .(57)
Room(003,004) Thamadi st,
Myittanyunt Ward , Tamwe Yangon.
Ph : 01-543614, 09-977922438,09-977922439

ဘွဲ့တစ်ခုရရှိအောင် လေ့လာဖို့ စိတ်ကူးကြည့်လိုက်ပါ။
ကမ္ဘာ့အလှပဆုံး မြို့တစ်မြို့ မှာ၊
ဒီကမ္ဘာကြီးထဲက အများနဲ့ မတူတဲ့ စာသင်ဆောင်တစ်ခု၊
တီထွင်ဖန်တီးမှုတွေကို ကမ်းလှမ်းကြိုဆိုတဲ့ နေရာ၊
နောင်လာမယ့်အနာဂတ်အတွက် နည်းပညာ၊

စိတ်ကူးနေစရာ မလိုတော့ပါဘူး။
အမှန်တကယ် တည်ရှိနေပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ University of Technology Sydney နှင့်မိတ်ဆက်ပေးလိုက်ပါတယ်။
ဒါအပြင် UTS:INSEARCH ဟာသင့်ရဲ့လမ်းစ ဖြစ်တယ်။
**insearch.edu.au/studyhere** ထဲမှာ ဘယ်လိုလုပ်ဆောင်ရမည်ကို ရှာဖွေကြည့်လိုက်ပါ။

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

INSEARCH CRICOS provider code: 00859D | UTS CRICOS provider code: 00099F
INSEARCH Limited is a controlled entity of the University of Technology Sydney (UTS), and a registered private higher education provider of pathways to UTS. 1275_0916



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၇**

Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၂ ၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ယနေ့ကျင်းပသည့်ပွဲတွင် e-Government Solution များ၊ ICT နည်းပညာများကို တစ်စုတစည်းတည်း ပြသထားသည့်အတွက် e-Government အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သည့်နည်းပညာများ၊ ဗဟုသုတများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် e-Government Field တွင် လက်တွေ့ပါဝင်လုပ်ကိုင်နေကြသည့် ဝန်ကြီးဌာနများက CIO များအချင်းချင်း အတွေ့အကြုံများဖလှယ်နိုင်ပြီး Idea အသစ်များနှင့် Solution အသစ်များကို လေ့လာသိရှိနိုင်မည့် ပွဲတစ်ပွဲဖြစ်ပါကြောင်း။ *စာမျက်နှာ ၅ ကော်လံ ၁* ✻



# မစ်ဒယ်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံဖြစ်ရေး တစ်ဆင့်တက် အောင်လအန်ဆန် ပက်စတာနက်ခ်ကို အမှတ်ဖြင့် အနိုင်ရ

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ၌ One Championship အဖွဲ့ကြီးကဦးဆောင်ကာ သုံးကြိမ်မြောက်ကျင်းပသည့် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) ပြိုင်ပွဲကြီးကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ၌ကျင်းပရာ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်က ပက်စတာနက်ခ်(ပိုလန်) ကို အမှတ်ဖြင့် အနိုင်ယူကာ သူမျှော်မှန်းထားသည့် One Championship မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရွေးခါးပတ်လုပွဲကို အိပ်မက် မက်ခွင့်ရသွားပြီဖြစ်သည်။

ယနေ့ကျင်းပသည့် One Championship ၏ မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက်ကျင်းပသော ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) ပြိုင်ပွဲတွင် မြန်မာတွဲဆိုင်း လေးဆိုင်း၊ ပြည်ပ MMA လက်ဝှေ့ကျော် ငါးဆိုင်း စုစုပေါင်း တွဲဆိုင်း ကိုးဆိုင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ မြန်မာတွဲဆိုင်းများဖြစ်သည့် ကပ္ပလီနှင့် ဖိုးသော်ပွဲတွင် ဖိုးသော်က ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း၊ ရဲရင့်အောင်နှင့် စောရန်ပိုင်တို့ပွဲတွင် စောရန်ပိုင်က အမှတ်ဖြင့် လည်းကောင်း၊ စောဘဦးနှင့် ကြယ်စင်ဖြိုးတို့ပွဲတွင်လည်း စောဘဦးက အမှတ်ဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ရှေ့နှစ်ပွဲတွင် အနိုင်ရခဲ့သည့် ဖိုးသော်နှင့် စောရန်ပိုင်တို့ ဖိုင်နယ်ပွဲစဉ်အဖြစ် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဖိုးသော်က ဒိုင်ပွဲရပ်ဖြင့် စောရန်ပိုင်ကို အသာစီးထိုးကာ အနိုင်ယူခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၃* ❁

# ကမ္ဘာ့စင်မြင့်များပေါ် တက်လှမ်းနေကြဦးမည့် မြန်မာအလှမယ်များ

**ခင်ရတနာ၊ ဓာတ်ပုံ-စိန်လွင်အောင်(မြန်မာ့အလင်း)**

Zombie လို့ သူငယ်ချင်းတွေက ချစ်စနိုး ခေါ်ဝေါ်ကြတဲ့ အမျိုးသမီးငယ်လေးဟာ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ၂၀၁၇ ခုနှစ်ရဲ့ မယ်စကြာဝဠာပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ဖို့ ရွေးချယ်ခံရသူလေးပါ။ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ယမန်နေ့ညက ၂၀၁၇ ခုနှစ်အတွက် မယ်စကြာဝဠာရွေးပွဲကနေ ထွက်ပေါ်လာခဲ့သူဖြစ်ပါတယ်။ ရခိုင်တိုင်းရင်းသူ တစ်ဖြစ်လည်း ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအလှမယ် ဇွန်သံစဉ်ကို မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ဖြစ်မယ့်အကြောင်းနဲ့ ဖြတ်သန်းခဲ့ဖူးတဲ့ အနုပညာအကြောင်းတွေကို ရသလောက်မေးမြန်း တင်ဆက်ကြည့်တဲ့အခါ "ကျွန်မကို ယုံကြည်စွာနဲ့ ရွေးချယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ Miss Universe ပြိုင်ပွဲက ကျွန်မအတွက် မဟာအိပ်မက်ကြီးတစ်ခုပါ။ ပထမဆုံးပြိုင်မယ်လုပ်တော့ အသက်မပြည့်ခဲ့ဘူး။ ၂၀၁၄ မှာတုန်းက ပြိုင်ခွင့်ရပြန်တော့လည်း ကျွန်မရဲ့လိုအပ်ချက်တွေကြောင့် ဆုနဲ့ ဝေးခဲ့ဖူးပါတယ်။ အခု ကျွန်မမျှော်လင့်ပြီး ကြိုးစားခွင့်ရတာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး" လို့ ဆုရရှိတဲ့အကြောင်းကို ဖြေကြားပါတယ်။

၂၀၀၀ပြည့်နှစ် နောက်ပိုင်းကစလို့ မြန်မာအလှမယ်တွေအဖြစ် ပြည်တွင်းစင်မြင့်တွေပေါ်၌ ထွက်ပေါ်လာခဲ့ပြီး နောက်ပိုင်း နိုင်ငံတကာစင်မြင့်တွေဆီကိုပါ တစ်စတစ်စနဲ့ တိုးဝင်လာခဲ့တာ အခုဆိုရင် ကမ္ဘာ့အသိအမှတ်ပြု အလှမယ်ပေါင်းများစွာ ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။

"အမျိုးသမီးတွေဟာ မိမိတို့ရဲ့အလှတရားကို အကျိုးရှိရှိအသုံးချပြီး ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးခွင့်ရှိပါတယ်။ မလိုလားအပ်တဲ့ ယှဉ်ပြိုင်မှုတွေကနေ *စာမျက်နှာ ၁၂ ကော်လံ ၁* ●



Miss Universe Myanmar 2017 ဆုရရှိခဲ့သည့် အလှမယ် ဇွန်သံစဉ်


လျှပ်တစ်ပြက် ပိုးလမ်းမ ဒိုင်ယာရီ — စာ-၆

၂၀၁၆ ငြိမ်းချမ်းရေးနိုဘယ်ဆု ကိုလံဘီယာသမ္မတ ဆန်တိုစ်ရရှိ — စာ-၁၀

သမိုင်းအမွေအဖြစ် ကျန်ရစ်တော့မည့် ဘိုးရင်း ၇၄၇ — စာ-၁၁

(Bee Talk) မှ ခင်မင်ခဲ့သော အမျိုးသားက ခြိမ်းခြောက်ငွေတောင်းပြီး ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့မှုနှင့်ပတ်သက်၍ တိုင်ကြား — စာ-၁၃



